(3) The administration of justice; constitution and organization of all Courts subordinate to the High Court, and fees taken therein; preventive detention for reasons connected with the maintenance of public order; persons subject to such detention.

(4) Jurisdiction and powers of all Courts subordinate to the High Court, wit respect to any of the matters enumerated in this list.

(5) Prisons; persons detained therein; arrangements with other units for the u~ of prisons and other institutions.

(6) Offences against laws with respect to any of the matters enumerated in th list.

4. Communications:

(1) Roads, bridges, ferries and other means of communication

other than such

extend beyond the borders of the State.
(2) Municipal tramways; rope-ways.

(3) Inland waterways and traffic thereon.

(4) Local works and undertakings within the State other than railways, subject the power of the Union Parliament to declare any work a national work as to provide for its construction by arrangement with State Council otherwise.

5. Education:

(1) Education excluding, for a period of ten years from the commencement this Constitution and thereafter until the Union Parliament otherwi provides, University, higher technical and professional education.

(2) All educational institutions controlled or financed by the State.

(3) Libraries, museums and other similar institutions controlled or financed I the State.

(4) Theatres, dramatic performances and cinemas, but not including the sancti of cinematographic films for exhibiflon.

6. Public Health:

(1) Public Health and sanitation.

(2) The establishment, maintenance and management of hospitals, asylums ~ dispensaries.

(3) Registration of births, deaths and marriages.

(4) Burials and burial grounds.

7. Local Government:

(1) Municipalities and other local authorities for the purpose of local self-government or village administration.

(2) Charities and charitable institutions.

8. General:

(1) Relief of the poor.

(2) Enquiries and statistics for the purpose of any of the matters enumerated in this list.

(3) Generally all matters which in the opinion of the President are of a merely local or private nature in the State.

FOURTH SCHEDULE.

State Revenue List.
(See Section 96.)

1. Land Revenue:

(i) Land revenue proper.

(ii) Rents and fees of fisheries.

(iii) Royalty on petroleum.

(iv) Royalty on minerals and taxes on mineral rights.

(v) Royalty on rubber.

(vi) Capitation and Thathameda taxes.

2. Duties of Excise on the following goods manufactured or produced in the State and countervailing duties at the same or lower rates on similar goods manufactured or produced elsewhere in the Union: -

(i) Alcoholic liquors for human consumption.

(ii) Opium.

(iii) Indian hemp and other narcotics; non-narcotic drugs.

(iv) Medicinal and toilet preparations containing alcohol or any substance included in item (ii) or (iii) above.

3. Fees taken in Courts subordinate to the High Court.

4. Forests.

5. Registration.

6. Taxes on trades and employments.

7. Taxes on animals and boats.

8. Taxes on entertainments, amusements, betting and gambling.

9. Taxes under the State Motor Vehicles Taxation Acts.

10. Irrigation dues.

11. Interests on advances made from the State revenues and on State investments.

12. Contributions from component parts to the State.

13. Contributions from the Union.

14. All fees, fines, sale proceeds and rents of property belonging to the State, recoveries of over-payments and payments for services rendered in connection with any or all matters enumerated above and also in connection with the following:-

(a) Administration of justice.
(b) Jails and convict settlements.
(c) Police.
(d) Education.
(e) Medical.
(f) Public health.
(g) Agriculture.
(h) Veterinary.
(i) Co-operative societies.
(j) Registration of births, deaths and marriages.
(k) Civil works.
(1) Receipts in aid of superannuation of State employees.

(m) Stationery and printing.
(n) Unclaimed deposits.
(o) Treasure trove.
(p) Tolls.
(q) Extraordinary receipts.

From the NCGUB publication: "Democracy and Politics in Burma"

jynaxmipjrermEii

.

zpn;tycsKyytajcc0ya'

THE CONSTITUTION
OF
THE UNION OF BURMA

(၁၉၄၇ ခုနှစ်)

ပြင်ဆင်ချက်များကိုပူးတွဲပုံနှိပ်ထားပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ
၏
ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ။

THE CONSTITUTION

OF

THE UNION OF BURMA

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို မူလပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ပုံနှိပ်ထားပါသည်။ ပြင်ဆင်ချက်ရှိသည့် ပုဒ်မများတွင် ကြယ်ပွင့်ပြ၍ ပြင်ဆင်ချက်များကို နောက်ဆက်တွဲများအဖြစ် ပူးတွဲပုံနှိပ်ထားပါသည်။

မာတိကာ

ဥပဒေနိဒါန်း	အခန်း	စာမျက်နှာ
နိုင်ငံဖွဲ့ စည်းပုံ	အခန်း ၁	၁
မည်သူအခွင့်အရေးများ	အခန်း ၂	၂
“နိုင်ငံတော်”ဟူသောစကား၏အဓိပ္ပါယ်ရှင်းလင်းချက်	″	၂
နိုင်ငံသားဖြစ်မှု	″	၂
ညီမျှမတ္တာခွင့်အရေးများ	″	၃
လွတ်လပ်မတ္တာခွင့်အရေးများ	″	၃
ဘာသာသာသနာရေးဆိုင်ရာအခွင့်အရေးများ	″	၄
ယဉ်ကျေးမန္တ်ပညာရေးဆိုင်ရာအခွင့်အရေးများ	″	၅
စီးပွါးရေးဆိုင်ရာအခွင့်အရေးများ	″	၅
ရာဇဝတ်ဥပဒေဆိုင်ရာအခွင့်အရေးများ	″	၆
ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရကာကွယ်နိုင်၊ ရယူနိုင်သောအခွင့်အရေးများ	″	၆
တောင်သူလယ်သမားများနှင့် အလုပ်သမားများဘအတွက် နိုင်ငံတော်၏တာဝန်ဝတ္တရားများ	အခန်း ၃	၇
နိုင်ငံတော်၏ဝါဒရည်ညွှန်းချက်များ	အခန်း ၄	၇
နိုင်ငံတော်သမတ္တ	အခန်း ၅	၁၀
ပါလီမန်	အခန်း ၆	၁၅
အပိုင်း ၁၊ အရပ်ရပ်ဆိုင်ရာ	″	၁၅
အပိုင်း ၂၊ ပြည်သူ့လွှတ်တော်	″	၂၂
အပိုင်း ၃၊ လူမျိုးစုလွှတ်တော်	″	၂၄

အပိုင်း ၄၊ ပါလီမန်၏အာဏာများ	။	၂၄
အပိုင်း ၅၊ ဥပဒေပြုခြင်း	။	၂၇
ငွေဥပဒေကြမ်းများ	။	၂၈
လက်မှတ်ထိုးခြင်းနှင့်ထုတ်ပြန်ကြေညာခြင်း	။	၃၁
ပြည်ထောင်စုအစိုးရ	အခန်း ၇	၃၂
နိုင်ငံတော်ရှေ့နေချုပ်	။	၃၄
နိုင်ငံတော်စာရင်းစစ်ချုပ်	။	၃၅
ပြည်ထောင်စု၏တရားစီရင်ရေး	အခန်း ၈	၃၅
အပိုင်း ၁၊ ရှမ်းပြည်နယ်	အခန်း ၉	၄၃
ရှမ်းပြည်နယ်ကောင်စီ	။	၄၃
ရှမ်းပြည်နယ်အစိုးရ	။	၄၄
အပိုင်း ၂၊ ကချင်ပြည်နယ်	။	၄၆
ကချင်ပြည်နယ်ကောင်စီ	။	၄၆
ကချင်ပြည်နယ်အစိုးရ	။	၄၈
အပိုင်း ၃၊ ကရင်ပြည်နယ်	။	၅၀
ကော်သူလေး	။	၅၀
အပိုင်း ၄၊ ကရင်နီပြည်နယ်	။	၅၁
ကရင်နီပြည်နယ်အစိုးရ	။	၅၃
အပိုင်း ၅၊ ချင်းဝိသေသတိုင်း	။	၅၅
အပိုင်း ၆၊ ပြည်နယ်သစ်များ	။	၅၅
ခွဲထွက်နိုင်သောအခွင့်အရေး	အခန်း ၁၀	၅၆
ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြင်ခြင်း	အခန်း ၁၁	၅၇
ပြည်ထောင်ချင်းချင်းဆက်ဆံရေး	အခန်း ၁၂	၅၈
အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ	အခန်း ၁၃	၅၉
အဓိပ္ပါယ်ပိုင်းခြားဖေါ်ပြချက်	။	၆၁

အကူးအပြောင်းကာလပြဋ္ဌာန်းချက်များ	အခန်း ၁၄	၆၂
ကျမ်းသစ္စာဆိုချက် သို့ တည်းမဟုတ် ကတိသစ္စာဆိုချက်ပုံစံ	ပဌမဇယား	၆၆
လူမျိုးစုလွှတ်တော်ဖွဲ့ စည်းပုံ	ဒုတိယဇယား	၆၇
စာရင်း ၁၊ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်း	တတိယဇယား	၆၈
၁၊ ကာကွယ်ရေး	။	၆၈
၂၊ ပြည်ပရေးရာ	။	၆၈
၃၊ ဆက်သွယ်ရေး	။	၆၉
၄၊ ဘဏ္ဍာရေး	။	၇၀
၅၊ အရပ်ရပ်ဆိုင်ရာ	။	၇၁
စာရင်း ၂၊ ပြည်နယ်ဥပဒေပြုစာရင်း	။	၇၃
၁၊ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာကိစ္စများ	။	၇၃
၂၊ စီးပွါးရေးကိစ္စများ	။	၇၃
၃၊ လှုံခံရေး	။	၇၄
၄၊ ဆက်သွယ်ရေး	။	၇၅
၅၊ ပညာရေး	။	၇၅
၆၊ ပြည်သူ့ ကျမ်းမာရေး	။	၇၅
၇၊ ဒေသန္တရအုပ်ချုပ်ရေး	။	၇၅
၈၊ အရပ်ရပ်ဆိုင်ရာ	။	၇၆
ပြည်နယ်အခွန်တော်စာရင်း	စတုတ္ထဇယား	၇၇

နောက်ဆက်တွဲများ

၁။	ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အာဏာတည်ကောင်း နိုင်ငံတော်ယာယီသမတ္တ၏ ကောင်စာချက်	၈၁
၂။	ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြင်ဆင်ချက်များပြုလုပ်ခဲ့သည့် ဖြစ်စဉ်အကျဉ်းချုပ်	၈၃
၃။	၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ်အမတ်ရွေးကောက်ပွဲဆိုင်ရာ)အကူးအပြောင်း ကာလ ပြဋ္ဌာန်းချက်အမိန့် (၁၉၄၈ ခု၊ ဇွန်လ ၁၈ ရက်)	၈၇
၄။	၁၉၅၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ်အမတ်ရွေးကောက်ပွဲဆိုင်ရာ)အကူးအပြောင်း	၉၁

	ကာလ ပြဋ္ဌာန်းချက်အမိန့် (၁၉၅၀ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်)	
၅။	၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ)အကူးအပြောင်းကာလ ဒုတိယပြဋ္ဌာန်းချက်အမိန့် [၁၉၅၁ ခုနှစ်၊ အမိန့် အမှတ် ၁။]	၉၅
၆။	၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ဒုတိယ ပြဋ္ဌာန်းချက်အမိန့် [၁၉၅၁ ခုနှစ်၊ အမိန့် အမှတ် ၂။]	၉၉
၇။	၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ [၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၂။]	၁၀၃
၈။	၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ [၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄။]	၁၁၁
၉။	၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ [၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၀။]	၁၁၃
၁၀။	၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ [၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ်၃။]	၁၁၅
၁၁။	၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေ [၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ်၇]	၁၁၇
၁၂။	၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (တတိယပြင်ဆင်ချက်) အက်ဥပဒေ [၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၇။]	၁၂၂
၁၃။	၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (စတုတ္ထပြင်ဆင်ချက်) အက်ဥပဒေ [၁၉၆၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၀။]	၁၃၁

ပြည်ထောင်စုမြန်မာနိုင်ငံ
၏
ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

ဥပဒေနိဒါန်း။

နယ်စပ်ဒေသများနှင့် ကရင်နီနယ်များအပါအဝင် မြန်မာနိုင်ငံတော်၏နိုင်ငံသားများဖြစ်ကာသောကျွန်ုပ်တို့ သည်၊ အချုပ်အခြာအာဏာပိုင် လွှပ်လပ်သောမြန်မာနိုင်ငံကိုအခိုင်အခံအညီအညွတ်တည်ထောင်ရန်သန္နိဋ္ဌာန်ချ၍ဝင်း။ ။ တရားမျှတခြင်း၊ လွှပ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားများကိုအခြေပြုကာ၊ လူသတ္တဝါခပ်သိမ်း တို့ ၏ငိမ်းချမ်းသာယာရေးကို ခိုင်ခိုင်မဲတည်တံ့အောင်ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍ဝင်း။ ။ လူမည်ကာဆံရေးတရားမျှတမ၊ စီးပွါးရေးတရားမျှတမ၊ နိုင်ငံရေးတရားမျှတမ၊ လွှပ်လပ်စွာတွေးကြံနိုင်မ၊ လွှပ်လပ်စွာဖွင့်ဟရေးသားဖေါ်ပြနိုင်မ၊ လွှပ်လပ်စွာယုံကာည်နိုင်မ၊ လွှပ်လပ်စွာကိုးကွယ်နိုင်မ၊ လွှပ်လပ်စွာဘုရားကျောင်းကန်စသည်တို့ သို့ သွားလာဝတ်ပြုနိုင်မ၊ လွှပ်လပ်စွာပရိယေသနရှာမှီးနိုင်မ၊ လွှပ်လပ်စွာစည်းရုံးနိုင်မ၊ လွှပ်လပ်စွာပြုမခြောင်ရွက်နိုင်မ၊ အဆင့်အတန်းညီမျှမ၊ အအခွင့်အလမ်းညီမျှမ၊ ဘရားဥပဒေအရာတွင်ညီမျှမတို့ ကို နိုင်ငံသားအားလုံးရရှိခံစားနိုင်စေခြင်းငှာ အခိုင်အမာ ခံဝန်ပြုရန်သန္နိဋ္ဌာန်ချ၍ဝင်း၊ မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့ (ခရစ်တော် သက္ကရာဇ် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ နှစ်ဆယ့်လေးရက်နေ့) တွင်၊ ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကျွန်ုပ်

တို့ ၏ တိုင်းပြည်ပြုလွှတ်တော်၌ ကျွန်ုပ်တို့ သည်လက်ခံ၍၊ ဥပဒေအဖြစ်အတည်ပြု ပီးလျှင်၊ ကျွန်ုပ်တို့ အား နှင်းအပ်လိုက်သည်။

အခန်း ၁။

နိုင်ငံဖွဲ့ စည်းပုံ။

၁။ ။ မြန်မာနိုင်ငံသည် အချုပ်အချာအာဏာပိုင်သမ္မတနိုင်ငံဖြစ်သည်။ ထိုနိုင်ငံကိုပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်ရမည်။

* ၂။ ။ (က) ယခင်ကမြန်မာပြည်ဘုရင်ခံမှတဆင့်၊ ဗိတိသျှဘုရင်မင်းမြတ် စီရင်အုပ်ချုပ်တော်မူ၌သော နယ်မြေအားလုံးနှင့် (ခ) ကရင်နီနယ်များပါဝင်-ကာသည့် မြန်မာတစ်နိုင်ငံလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်ပါဝင်ရမည် ။

၃။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အချာအာဏာသည် နိုင်ငံသားတို့ ၌တည်သည်။

၄။ ။ ဥပဒေပြုမဟာဏာ၊ အုပ်ချုပ်မဟာဏာ၊ တရားစီရင်မဟာဏာအားလုံးကို နိုင်ငံသားတို့ ထံမှခံယူ၍၊ ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ တည်ထောင်ခန့် အပ်သောပြည်ထောင်စုမြန်မာနိုင်ငံ၏ သို့ တည်းမဟုတ်ပြည်ထောင်စုအဖွဲ့ ဝင်များ၏ လုပ်ငန်းအဖွဲ့ များနှင့်အရာရှိများကသော်၎င်း၊ ထိုအဖွဲ့ များနှင့်အရာရှိများ၏ အခွင့်အာဏာအရသော်၎င်း၊ နိုင်ငံသားတို့ ၏ကိုယ်စား၊ သုံးစွဲနိုင်ရမည်။

* ၅။ ။ ပဒေသရာဇ်ရှမ်းပြည်နယ်စုဟူ၍ ယခင်ကခေါ်တွင်ခဲ့သောနယ်မြေများနှင့် ဝနယ်များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ပြည်ထောင်စုအဖွဲ့ ဝင်တစ်ခုအဖြစ်ဖြင့် ပါဝင်ရမည်။ ထိုပြည်ထောင်စုအဖွဲ့ ဝင်ကို ဤမှနောင်အဖို့ တွင် "ရှမ်းပြည်နယ်"ဟုခေါ်ရမည်။

* ၆။ ။ မြစ်ကြီးနာနှင့်ဗန်းမော်ခရိုင်များဟူ၍ ယခင်ကခေါ်တွင်ခဲ့သောနယ်မြေများကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ပြည်ထောင်စုအဖွဲ့ ဝင်တစ်ခုအဖြစ်၊ ဖွဲ့ စည်းရမည်။ ထိုပြည်ထောင်စုအဖွဲ့ ဝင်ကို ဤမှနောင်အဖို့ တွင် "ကချင်ပြည်နယ်" ဟုခေါ်ရမည်။

**

၇။ ။ ကွန္တရဝတီ၊ ဘောလခဲနှင့်-ဏယ်ဖိုးကြီးတို့ ပါဝင်သည့်ကရင်နီနယ်များဟု ယခင်ကခေါ်တွင်ခဲ့ သော နယ်မြေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ပြည်ထောင်စုအဖွဲ့ ဝင်တစ်ခုအဖြစ် ဖွဲ့ စည်းရမည်။ ထိုပြည်ထောင်စုအဖွဲ့ ဝင်ကို ဤမှနောင်အဖို့ တွင် "ကရင်နီပြည်နယ်ဟုခေါ်ရမည်။

**

၈။ ။ ပုဒ်မ ၁၈၀ ရှိပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံရှိကျန်နယ်မြေ အားလုံးနှင့်သက်ဆိုင်သော ဥပဒေပြုမဟာဏာ၊ အုပ်ချုပ်မဟာဏာ၊ တရားစီရင်မဟာဏာအားလုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏လုပ်ငန်းအဖွဲ့ များနှင့် အရာရှိများကသာလျှင်သော၎င်း၊ ထိုအဖွဲ့ များနှင့်အရာရှိများ၏ အခွင့်အာဏာရသော၎င်း၊ သုံးစွဲနိုင်ရမည်။

---

* ပြင်ဆင်ချက်နောက်ဆက်တွဲ " ၁၀ "
** ပြင်ဆင်ချက်နောက်ဆက်တွဲ " ၇ "

အခန်း ၂။
မူလအခွင့်အရေးများ။

"နိုင်ငံတော်" ဟူသောစကား၏အဓိပ္ပါယ်ရှင်းလင်းချက်။

၉။ ။ ဤအခန်းနှင့် အခန်း ၃၊ အခန်း ၄၊ တို့တွင် "နိုင်ငံတော်"ဟူသောစကား၏ဆိုလိုရင်းမှာရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကိုထောက်၍ ပြည်ထောင်စုနိုင်ငံ၏၊ သို့တည်းမဟုတ် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင်၏ အုပ်ချုပ်မှုအခွင့်အာဏာကိုသောဎ်း၊ ဥပဒေပြုမဟာခွင့်အာဏာကိုသောဎ်း၊ ဆိုလိုသည်။

နိုင်ငံသားဖြစ်မှု

၁၀။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင်နိုင်ငံသားဟူ၍ တစ်မျိုးတည်းသာရှိရမည်။ ဆိုလိုရင်းမှာ ပြည်ထောင်စုအဖွဲ့ဝင်များ၏ နိုင်ငံသားဟူ၍ အသီးအခြားမရှိရ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဟူ၍သာရှိရမည်။

၁၁။ ။ (က) မြန်မာနိုင်ငံတိုင်းရင်းသားတစ်မျိုးမျိုးတွင်ဖြစ်သော သို့တည်းမဟုတ် ဖြစ်ခဲ့သော မိဘနှစ်ပါးမှမွေးဖွါးသူတိုင်းသည်ဎ်း၊

(ခ) မြန်မာနိုင်ငံတိုင်းရင်းသားတစ်မျိုးမျိုးတွင်ဖြစ်သော သို့တည်းမဟုတ်ဖြစ်ခဲ့သောဘိုးဘွားများအနက် အနည်းဆုံးတစ်ဦးမှပြည်ထောင်စုနိုင်ငံတွင်ပါဝင်လတ္တံ့သော အာဏာပိုင်နက်အတွင်း၌မွေးဖွါးသူတိုင်းသည်ဎ်း၊

(ဂ) ပြည်ထောင်စုနိုင်ငံ၏နိုင်ငံသားဖြစ်သောသို့တည်းမဟုတ် ဤအခြေခံဥပဒေစတင်အတည်ပြုသည့်နေ့တွင် အသက်ရှင်နေသည်ဖြစ်ပါက တိုင်းရင်းသားအဖြစ်ကိုရယူခွင့်ရှိသောမိဘနှစ်ပါးမှ ပြည်ထောင်စုနိုင်ငံတွင် ပါဝင်လတ္တံ့သော အာဏာပိုင်နက်အတွင်း၌မွေးဖွါးသူတိုင်းသည်ဎ်း၊

(ဃ) ဗီတိသျှဘုရင်မင်းမြတ်၏ အာဏာပြန့်ရာနယ်မြေတစ်ခုခုတွင် မွေးဖွားခဲ့သည်ဖြစ်၍၊ ဤအခြေခံဥပဒေစတင်အာဏာတည်သည့်နေ့မှအထက်၊ သို့တည်းမဟုတ် ၁၉၄၂ ခု၊ ဇန္နဝါရီလ ၁ ရက်နေ့မှအခြားမဲ့သော ဆယ်နှစ်အတွင်း ရှစ်နှစ်အောက်မယုတ်သောကာလအဗို့ ပြည်ထောင်စုနိုင်ငံတွင် ပါဝင်လတ္တံ့သော အာဏာပိုင်နက်အတွင်းနေထိုင်ခဲ့ဘူးပီးလျှင်၊ ပြည်ထောင်စုနိုင်ငံအတွင်းတွင်ထာဝစဉ်နေထိုင်ရန် ကြံရွယ်ခဲ့သည်ဖြစ်၍၊ ထို့ပြင်တရားဥပဒေဖြင့်သတ်မှတ်သော အချိန်အတွင်းတွင် ထို့သို့ သတ်မှတ်သောနည်းလမ်းနှင့်အညီ ပြည်ထောင်စုနိုင်ငံသားအဖြစ် ရွေးချယ်ခြင်းကိုထုတ်ဖေါ်သူတိုင်းသည်ဎ်း။
ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်ရမည်။

၁၂။ ။ နိုင်ငံသားဖြစ်ခြင်းသဘော၊ နိုင်ငံခြားသားဖြစ်ခြင်းသဘောတို့နှင့်စပ်လျဉ်း၍လျော်ကန်သင့်မြတ်သည်ဟုထင်မြင်သည့်အတိုင်း တရားဥပဒေများကိုပြုနိုင်သောပါလီမန်ဃအာဏာသည်၊ ပုဒ်မ ၁၁ ရှိပြဋ္ဌာန်းချက်ဓောင့်ယုတ်လျော့ခြင်းမဖြစ်ရ၊ ထို့ပြင်ထိုကဲ့သို့သော တရားဥပဒေတစ်ခုခုသည်၊ ပုဒ်မ ၁၁ တွင်မပါဝင်သေးသော လူအမျိုးအစားများကို နိုင်ငံသားအဖြစ်ဖြစ်လက်ခံရန်သော်ဎ်း၊ ပြဋ္ဌာန်းနိုင်သည်။

ညီမျှမဟာခွင့်အရေးများ ။

၁၃။ ။ ဇာတိမရွေး၊ ကိုးကွယ်ရာဘာသာမရွေး၊ ယေကျိုးမိန်းမ မရွေး၊ လူမျိုးမရွေး နိုင်ငံသားဟူသမျှသည်၊ နိုင်ငံတော်တရားဥပဒေအရာတွင် အညီအမျှသာဖြစ်သည်။ ဆိုလိုရင်းမှာ နိုင်ငံသားတစ်ဦးနှင့်တစ်ဦးကိုသို့ တည်းမဟုတ် နိုင်ငံသားလူတန်းစားတစ်ခုနှင့်တစ်ခုကို တဖက်သတ်သဘောအတိုင်းခွဲခြားခြင်းမပြုရ။

၁၄။ ။ ပြည်သူ့ဝန်ထမ်းဆိုင်ရာ ရာထူးတို့ခွဲခင်း၊ အလုပ်လုပ်ကိုင်မှု ကုန်သွယ်ရောင်းဝယ်မှု စီးပွါးရှာမှု အတတ်ပညာနှင့်အသက်မွေးမတို့ခွဲခင်း၊ နိုင်ငံသားအားလုံးသည်၊ ညီမျှသောအခွင့်အလမ်းအားလုံးကိုရရှိရမည်။

၁၅။ ။ မိန်မများသည် တူညီသောအလုပ်အတွက် ယေကျိုးတို့ ရသောလခမျိုးကိုရနိုင်ရမည်။

လွှပ်လပ်မှုခွင့်အရေးများ ။

၁၆။ ။ တရားဥပဒေအရမဟုတ်လျှင်၊ မည်သည့်နိုင်ငံသားမျှ မိမိ၏လွှပ်လပ်ခွင့်ကိုရုပ်သိမ်းခြင်းမခံစေရ။ မိမိ၏နေအိမ်အတွင်းသို့ အဝင်ခံရခြင်း၊ ပစ္စည်းအသိမ်းခံရခြင်းမရှိစေရ။

၁၇။ ။ တရားဥပဒေနှင့်ဂင်း၌ ငိမ်ဝပ်ပိပြားရေးနှင့်ဂင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်ဂင်းမဆန့်ကျင်လျှင်၊ နိုင်ငံသားများသည် အောက်ပါ အခွင့်အရေးများကိုလွှပ်လပစွာသုံးစွဲနိုင်ရမည်။

(က) မိမိတို့ ၏ယုံကာည်ချက်၊ ထင်မြင်ချက်တို့ ကိုလွှပ်လပ်စွာထုတဖေါ်ပြောဆိုနိုင်သောအခွင့်အရေး။

(ခ) လက်နက်မပါဘဲ ငိမ်းချမ်းစွာစုဝေးနိုင်သောအခွင့်အရေး။

(ဂ) အသင်းများနှင့် အသင်းအစုအဖွဲ့များကို ဖွဲ့စည်းနိုင်သော အခွင့်အရေး ။ သို့ ရာတွင်ရည်ရွယ်ချက်ဖြင့်သောဂင်း၊ ဆောင်ရွက်မဖြင့်သောဂင်း ဤအခြေခံဥပဒေကိုပျက်ပြားစေရန်ကြံရွယ်သော သို့ တည်းမဟုတ်ပျက်ပြားမည့်အကောင်းဖြစ်ပေါ်စေသောအသင်း၊ အသင်းအစုအဖွဲ့ နှင့် အသည်းအရုံးမျိုးကိုမကြာဘဘားမြစ်သည်။

(ဃ) ပြည်ထောင်စုနိုင်ငံအတွင်းတွင် မည်သည့်နေရာ၌မဆို နေထိုင်အခြေစိုက်နိုင်သော၊ ပစ္စည်းရယူပိုင်ဆိုင်နိုင်သော၊ အလုပ်လုပ်ကိုင်နိုင်သော၊ ကုန်သွယ်ရောင်းဝယ်နိုင်သော၊ အတတ်ပညာဖြင့် အသက်မွေးနိုင်သော အခွင့်အရေး။

၁၈။ ။ပြည်ထောင်စုနိုင်ငံ တရားဥပဒေ၏စည်းမျဉ်းသတ်မှတ်ချက်ကိုလိုက်နာ၍၊ ပြည်ထောင်စု အဖွဲ့ဝင်များတွင်ကူးသန်းရောင်းဝယ်ခြင်း၊ ကူးလူးဆက်ဆံခြင်းတို့ သည်လွှပ်လပ်ရမည်။

ခြွင်းချက်။ ။ သို့ ရာတွင်ပြည်ထောင်စုအဖွဲ့ဝင်တို့ သည့် ငိမ်ဝပ်ပိပြားရေးအတွက်သော်ဂင်း၊ ပြည်သူကိုယ်ကျင့်တရားအတွက်သောဂင်း၊ လျော်ကန်သင့်မြတ်သော ချုတ်ချယ်ချက်စည်းကမ်းများကိုတရားဥပဒေဖြင့်ပြဋ္ဌာန်းနိုင်သည်။

၁၉။ ။ (က) လူအရောင်းအဝယ်ပြုခြင်း။

(ခ) တရားဥပဒေအရ အပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့်၊ အလုပ်ဒါဏ်ကိုထမ်းဆောင်ခိုင်းခြင်းမှတပါး၊ နိုင်ထက်စီးနင်းခိုင်းခြင်းနှင့် အလိုဆန္ဒမရဘဲ ကျေးကျွန်သဖွယ်ခိုင်းခြင်းတို့ ကို တားမြစ်သည်။

ရှင်းလင်းချက်။ ။ ဇာတိအားဖြင့်သောဂင်း၊ လူမျိုးအားဖြင့်သောဂင်း၊ ကိုးကွယ်ရာဘာသာအားဖြင့်သောဂင်း၊ လူတန်းစားအားဖြင့်သောဂင်း၊ ခွဲခြားခြင်းပြုဘဲ၊ ပြည်သူ့အကျိုးငှာမလုပ်မနေရသော အလုပ်မျိုးကိုလုပ်စေရန် နိုင်ငံတော်၏တာဝန်ချထားခြင်းကိုမကြား ဤပုဒ်မ မရှိစကားကောင့် အတားအဆီးမရှိစေရ။

ဘာသာ သာသနာရေးဆိုင်ရာအခွင့်အရေးများ

*

၂၀။ ။ ငိမ်ဝပ်ပိပြားရေးသော်ဂင်း၊ ပြည်သူ့ကိုကျင့်တရားနှင့်သော်ဂင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်ဂင်း၊ ထို့ အပြင်

ဤအခန်းရှိအခြားပြဋ္ဌာန်းချက်တို့ နှင့်ဂင်းမဆန့် ကျင်လျှင်လူခပ်သိမ်းတို့ သည်သာသနာရေးတွင် လွှပ်လပ်စွာယူဆနိုင်သောအခွင့်အရေး၊ လွှပ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သောအခွင့်အရေးတို့ ကိုအညီအမျှရရှိရမည်။

ရှင်းလင်းချက် ၁။ ။ ဘာသာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မန္ဒြင့် ဆက်စပ်နေစေကာမ၌ဆိုသို့ ဆက်စပ်နေသောစီးပွါးရေး၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေးနှင့်အခြားလောကီရေးဆောင်ရွက်မည့်ကို အထက်ပါအရေးတွင်မပါဝင်စေရ။

ရှင်းလင်းချက် ၂။ ။ ဤပုဒ်မတွင်ထိုသို့ လွှပ်လပ်သော အခွင့်အရေးများကိုပေးထားသော်လည်း၊ ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့ အတွက်နိုင်ငံတော်၏တရားဥပဒေပြုခြင်းကိုမတားမြစ်ရ။

**

၂၁။ ။ (၁) ဗုဒ္ဓဘာသာ သာသနာတော်သည်နိုင်ငံတော်၏နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သောဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာကြီးဖြစ်သည်ဟု ပြည်ထောင်စုနိုင်ငံတော်ကအသိအမှတ်ပြုသည်။

(၂) နိုင်ငံတော်သည် အစ္စလာမ်ဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ ကို ဤအခြေခံဥပဒေအာဏာ တည်သောနေ့၌နိုင်ငံတော်တွင်ရှိနေကာသော ကိုးကွယ်ရာဘာသာအချို့ ဟူ၍အသိအမှတ်ပြုသည်။

---

* ပြင်ဆင်ချက်နောက်ဆက်တွဲ " ၁၃ "

** ပြင်ဆင်ချက်နောက်ဆက်တွဲ " ၁၂ "၊ " ၁၃ "

(၃) နိုင်ငံတော်သည် ဘာသာရေးဆိုင်ရာ ကိုးကွယ်မကြိုသာဂုဏ်း ယုံကာည်မကြိုသော်ဂုဏ်းအကောင်းပြု၍၊ မည်သူ့ကိုမျှသက်ဆိုင်ရာအခွင့်အရေးချို့ ငဲ့စေခြင်း၊ ခွဲခြားခြင်းကိုမပြုရ။

(၄) နိုင်ငံရေးကိစ္စအလို့ ငှာ ကိုးကွယ်ရာဘာသာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကောင့်သောဂုဏ်း၊ တဖက်နှင့်တဖက် တဂိုဏ်းနှင့်တဂိုဏ်းမုန်းတီးခြင်း၊ ရန်မခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သောသို့တည်းမဟုတ် ပေါ်ပေါက်လာရန်အကောင်းရှိသော အပြုအမူမည်သည် ဤအခြေခံဥပဒေနှင့်ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်အောင် တရားဥပဒေပြုနိုင်သည်။

ယဉ်ကျေးမန္ဒြင့်ပညာရေးဆိုင်ရာအခွင့်အရေးများ

၂၂။ ။ နိုင်ငံတော်ပညာသင်ကျောင်းများသို့ ဝင်ခွင့်ပြုရန်ကိစ္စနှင့်စပ်လျဉ်း၍၊ ကိုးကွယ်ရာဘာသာ၊ လူမျိုး၊ ဘာသစကားတို့ ကို အကာင်းပြုကာ၊ မည်သည့်လူနည်းစုကိုမျှ ခွဲခြားတားမြစ်ခြင်းမပြုရ၊ မည်သည့်ကိုးကွယ်ရာ ဘာသာသင်ခန်းစာကိုမျှလည်း၊ ထိုလူနည်းစုအားအတင်းအကာပ်လိုက်နာသင်ယူစေရန်ပညတ်ခြင်းမပြုရ။

စီးပွါးရေးဆိုင်ရာအခွင့်အရေးများ ။

၂၃။ ။ (၁)ဤပုဒ်မရှိ ပြဋ္ဌာန်းချက်မှားနှင့်မဆန့် ကျင်ဘဲ၊ စီးပွါးရေးကိစ္စများတွင် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့်ကိုယ်ပိုင်လုပ်ကိုင်တီထွင်နိုင်ခွင့်တို့ ရှိရမည်ဟု နိုင်ငံတော်ကအခိုင်အမာခံဝန်ပြုသည်။

(၂) ကိုယ်ပိုင်ပစ္စည်းအသုံးချနိုင်သော အခွင့်အရေးကိုပြည်သူ့အကျိုးပျက်စီးနစ်နာအောင် မည်သူမျှအသုံးမပြုရ။

(၃) ဈေးနှုန်းများကို ချုပ်ကိုင်ရန်သော်၎င်း၊ အရောင်းအဝယ်တို့ ကိုလက်ဝါးကြီးအုပ်ရန်သော်၎င်း၊ ဖွဲ့ စည်းသော၊ သို့ တည်းမဟုတ်နိုင်ငံတော်၏စီးပွါးရေး ပျက်စီးရာပျက်စီးစေသောကာတယ်အဖွဲ့ များ၊ ဆင်ဒီကိတ်အဖွဲ့ များ၊ ထရတ်အဖွဲ့ များ အစရှိသောကိုယ်ပိုင်လက်ဝါးကြီးအုပ်အဖွဲ့ များမရှိရ။

(၄) နိုင်ငံတော်ကပြည်သူ့ အကျိုးအတွက်လိုအပ်ပါက၊ ပိုင်ရှင်အားမည်ကဲ့သို့ သောကိစ္စမျိုးတွင် မည်မျှလျော်ကြေးပေးရမည်ဟုပြဋ္ဌာန်းထားသော တရားဥပဒေနှင့်အညီသာလျှင်၊ ကိုယ်ပိုင်ပစ္စည်းကိုကန့် သတ်ချုပ်ချယ်နိုင်သည်။ သို့ တည်းမဟုတ်သိမ်းပိုက်နိုင်သည်။

(၅) တဆက်တည်းဖြစ်သောအထက်ပါပုဒ်မခွဲရှိ စည်းကမ်းချက်များနှင့်မဆန့် ကျင်လျှင်၊ ပြည်သူ့ အကျိုးအတွက်လိုအပ်ပါက၊ နိုင်ငံ၏စီးပွါးရေးနှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုးကိုသော်၎င်း၊ တဦးတည်းပိုင် လုပ်ငန်းများကိုသော်လည်းကောင်း၊ နိုင်ငံတော်သည် တရားဥပဒေပြဋ္ဌာန်း၍ နိုင်ငံပိုင်ပြုနိုင်သည်။ သို့တည်းမဟုတ် နိုင်ငံတော်အတွက် သိမ်းယူနိုင်သည်။

၂၄။ ၊ ပြစ်မှုဥကိုပြုသည့်အခါက အတည်ဖြစ်နေသော တရားဥပဒေကို ကျူးလွန်သည့်အတွက်မှတပါး၊ မည်သူ့ ကိုမျှပြစ်မှုဒဏ်ရှုးမစီရင်ရ။ ထို့ပြင်ပြစ်မှုကိုပြုသည့်အခါက အတည်ဖြစ်နေသောတရားဥပဒေအရ၊ ပေးနိုင်သောအပြစ်ဒဏ်ထက်ပို၍ကြီးလေးသောအပြစ်ဒဏ်အားလည်း မည်သူ့ အားမျှမပေးရ။

ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရကာကွယ်နိုင် ၊ ရယူနိုင်သောအခွင့်အရေးများ

၂၅။ ။ (၁) ဤအခန်း၌ပေးအပ်ထားသောအခွင့်အရေးတခုတခုကိုရယူရန် တရားလွှတ်တော်ချုပ်အား၊ သက်ဆိုင်ရာနည်းဖြင့်လျှောက်ထား၍ ၊ ရယူပိုင်ခွင့်ရှိရမည်။

(၂) ဤကိစ္စနှင့်စပ်လျဉ်း၍ အခြားတရားရုံးများအားနှင့်အပ်ထားသောအယဇာများကိုမထိခိုက်စေဘဲ၊ ဤအခန်း၌ပေးအပ်ထားသော ဤအခွင့်အရေးနှင့် သင့်လျော်သည့်ရှေ့ တော်သွင်းစာချွန်တော်အမိန့် (Harbeas Corpus)၊ အာဇာပေးစာချွန်တော်အမိန့် (Mandamus)၊ တားမြစ်သာချွန်တော်အမိန့် (Prohibition)အာဇာပိုင်မေးစာချွန်တော်အမိန့် (Quo Warranto)၊ အမခြေါ်စာချွန်တော်အမိန့် (Certiorari)၊ ထိုစာချွန်တော်အမိန့် များ၏သဘောမျိုး ပါသောအမိန်များကိုထုတ်ရန် တရားလွှတ်တော်ချုပ်၌အာဇာရှိရမည်။

(၃) စစ်ဖြစ်သောအခါ၌သော်၎င်း၊ တိုင်းတပါးကထိပါးတိုက်ခိုက်လာသောအခါ၌သော်၎င်း၊ ပုန်ကန်သောအခါ၌သောဥ်း၊ ဆူပူထကြွသောအခါ၌သောဥ်း၊ အထူးအရေးတကြီးဖြစ်လာသောအခါ၌သော်၎င်း၊ပြည့်သူ့ လုံ ခံမှုအတွက်လိုအအပ်သည့်ကိစ္စမှာမှတပါး၊ ဤကာကွယ်ခွင့်၊ ရယူခွင့်များကိုရပ်ဆိုင်းထားခြင်းမပြုရ။

၂၆။ ။နိုင်ငံခြားများနှင့်ဆက်ဆံရာတွင်၊ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုနိုင်ငံ၏အတွင်း၊ အပ နှစ်ဌာနလုံး၌၊ ပြည်ထောင်စုနိုင်ငံ၏ကာကွယ်စောင့်ရှောက်မကြွတောင်းဆိုနိုင်ရမည်။

၂၇။ ။ တိုင်းတပါးကထိပါးတိုက်ခိုက်ခြင်း၊ ပုန်ကန်ခြင်း၊ ဆူပူထကြွခြင်း၊ အထူးအရေးတကြီးဖြစ်ခြင်းတို့ ပေါ်ပေါက်သည့် အခါများမှတပါး၊ နိုင်ငံသားတဦး၏တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်အတွက်၊ ထိုနိုင်ငံသားအား၊ တရားဥပဒေဖြင့်စတ်မှတ်ထားသော ကာကွယ်နိုင်ခွင့်၊ ရယူနိုင်ခွင့်တို့ ကိုမပေးဘဲမနေရ။

၂၈။ ။ ကာကွယ်ရေးတပ်ဖွဲ့ ဝင်များသည် သို့ တည်းမဟုတ်ဦ ဗိမ်ဝပ်ပိပြားရေးအတွက် ထားရှိသေညာတပ်ဖွဲ့ ဝင်များသည် မိမိတို့ ၏တာဝန်ဝတ္တရားများကိုကျေပွန်စွာဆောင်ရွက်နိုင်စေခြင်းငှာဥင်း၊ ထို့ အပြင်စည်းကမ်းသေဝပ်မရှိစေခြင်းငှာဥင်း၊ ဤအခန်း၌ပေးအပ်ထားသော အခွင့်အရေးများကို မည်၍မည်မျှကန့် သတ်ချုပ်ချယ်ထားရမည်ဟူ၍သို့ တည်းမဟုတ်မည်၍မည်မျှ ဖျက်သိမ်းရမည်ဟူ၍ ပါလီမန်ကတရားဥပဒေဖြင့်ပြဋ္ဌာန်းနိုင်သည်။

၂၉။ ။ ပါလီမန်သည် ဤအခန်းရှိပြဋ္ဌာန်းချက်များကို အတည်ဖြစ်စေရန်၊ လိုအပ်သောဥပဒေများကိုပြုရမည်။ တဖန်ဤအခန်းတွင်ပြစ်မှုကျူးလွန်ရာရောက်သည်ဟုဖေါ်ပြထားသော်လည်း၊အပြစ်ဒဏ်ပေးပိုင်ခွင့်မရှိခဲ့သေးသော ပြစ်မှုများအတွက် အပြစ်ဒဏ်ပေးရန်လည်း ဥပဒေများကိုပြုရမည်။

အခန်း ၃ ။

တောင်သူလယ်သမားများနှင့် အလုပ်သမားများအတွက် နိုင်ငံတော်၏တာဝန်ဝတ္တရားများ ။

၃၀။ ။ (၁) နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။

(၂) ဤအခြေခံဥပဒေ၏ပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ မြေယာပိုင်ခွင့်စံနစ်များကိုစည်းမျဉ်းတကျဖြစ်စေရန်သော်၎င်း၊ လွှဲပြောင်းရန်သော်၎င်း၊ ဖျက်သိမ်းရန်သော်၎င်း၊ နိုင်ငံတော်၌အခွင့်အရေးရှိရမည်။ သို့ တည်းမဟုတ် မည်သည့်မြေယာကိုမဆို ပြန်လည်သိမ်းယူ ပီးလျှင်၊ ထိုမြေယာကိုစုပေါင်းစိုက်ပျိုးရေးအတွက်ဖြစ်စေ၊ သမဝါယမစိုက်ပျိုးရေးအတွက်ဖြစ်စေ၊ လယ်စီးစားသမားများအတွက်ဖြစ်စေ၊ ဝေငှပေးရန်အခွင့်အရေးရှိရမည်။

(၃) မည်သည့်အခြေခံစံနစ်နှင့်မျှ မြေယာအမြောက်အများပိုင်ဆိုင်ခွင့်မရှိစေရ၊ တဦးတည်းပိုင်ဖြစ်သောမြေယာ၏ အများဆုံးမြေကေအရေအတွက်ကို အစောင်းညီညွတ်လျှင်ညီညွတ်ခြင်း တရားဥပဒေဖြင့်သတ်မှတ်ရမည်။

၃၁။ ။ စီးပွါးရေး၌သူတပါးကိုနစ်နာစေ၍ ကိုကျိုးရှာခြင်းမှကာစီးစေရေးအတွက်၊ မိမိတို့ အချင်းချင်းပေါင်းသင်းဖွဲ့ စည်းနိုင်ကာစေရန် အလုပ်သမားများအား နိုင်ငံတော်သည် စီးပွါးရေးဆိုင်ရာဆောင်ရွက်ချက်ဖြင့်ငင်းခြောဆောင်ရွက်ချက်များဖြင့်ငင်းကူညီနိုင်သည်။

အလုပ်သမားများအား စည်းရုံးပိုင်ခွင့်ပေးစေရန်ငင်း နှစ်စဉ်အားလပ်ရက်များရ ခွင့်ရှိအောင်စီမံစေရန်ငင်း၊ အလုပ်ခွင်၏အခြေအနေကို ကောင်းမွန်အောင်ပြုစေရန်ငင်း၊ ရည်ရွယ်၍၊ နိုင်ငံတော်သည် ဥပဒေပြုပေးခြင်းဖြင့်၊ အလုပ်သမားများကိုကာကွယ်စောင့်ရှောက်ရမည်။ ထို့ အပြင်အစောင်းညီညွတ်လျှင်ညီညွတ်ခြင်း၊ နေခင်းထိုင်ခင်းနှင့် ထောက်ပံ့မဖြာမခံ စံနစ်တို့ အတွက် စီမံချက်များကိုအားပေးခြင်းဖြင့်ငင်း၊ ကာကွယ်စောင့်ရှောက်ရမည်။

အခန်း ၄ ။

နိုင်ငံတော်၏ဝါဒရည်ညွှန်းချက်မမျှား ။

၃၂။ ။ ဤအခန်းတွင် ဖေါ်ပြထားသောမမျှားကို နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ်ရည်ရွယ်သည်။ နိုင်ငံတော်သည်ဥပဒေပြုရာ၌ငင်း၊ အုပ်ချုပ်ရာ၌ငင်း ထိုမမျှားနှင့်အညီ ဆောင်ရွက်ရန်အလေးဂရုပြုရမည်။ သို့ ရာတွင် ထို့ သို့ ဆောင်ရွက်စေရန်မည်သည့်တရားရုံးတွင်မျှတရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၃၃။ ။ နိုင်ငံသားတိုင်းအောက်ပါအခွင့်အရေးများကိုရရှိခံစားနိုင်ရန် နိုင်ငံတော်သည် ဝါဒထားရှိ၍၊ ထိုဝါဒအတိုင်းရှေ့ရှုဆောင်ရွက်ရမည်။

(က) အလုပ်လုပ်ပိုင်ခွင့်။

(ခ) အိုမင်းမစွမ်းဖြစ်နိုင်သောအခါ၌သော်၎င်း၊ နာဖျားမကျန်းဖြစ်သောအခါ၌သော်၎င်း၊ အလုပ်လုပ်ခြင်းငှာမစွမ်းစောင်နိုင်သောအခါ၌သော်၎င်း၊ အထောက်အပံ့ရနိုင်သောအခွင့်အရေး။

(ဂ) အနားယူခွင့်၊ အားလပ်ခွင့်ရနိုင်သောအခွင့်အရေး။
(ဃ) ပညာသင်ကာန်းနိုင်သောအခွင့်အရေး။
အထူးအားဖြင့်နိုင်ငံတော်သည် အခလွတ်မသင်မနေရမလာတန်းပညာသင်ကာန်းရေးအတွက်ပြဋ္ဌာန်းချက်များကိုပြုရမည်၊

၃၄။ ။ နိုင်ငံတော်သည် ငယ်ရွယ်သူများကို အထူးဂရုပြု၍၊ ထိုသူတို့ ၏ပညာသင်ကာန်းရေးကိုအားပေးရမည်။

၃၅။ ။ နိုင်ငံတော်သည် အင်အားနည်း၍ တိုးတက်မတ္ထင်နောက်ကျသော နိုင်ငံသားစုများ၏ ပညာရေးနှင့်စီပွါးရေးတို့ ကိုအထူးဂရုပြု၍အားပေးရမည်။ ထို့ ပြင်လူမခြာက်ဆံရေးမတရားမမြုင်း၊ သူတပါးကိုနစ်နာစေ၍ကိုယ်ကျိုးရှာမမြုင်း၊ ထိုသူတို့ ကင်းလွတ်စေရန်နိုင်ငံတော်ကကာကွယ်စောင့်ရှောက်ပေးရမည်။

၃၆။ ။ ပြည်သူ့ နေထိုင်ရေး အဆင့်အတန်းမြှင့်တင်မန္ဒုင့် ပြည်သူကျန်းမာရေးကောင်းမွန်တိုးတက်မတ္ထိ့ သည် နိုင်ငံတော်၏အဓိကတာဝန်ဝတ္တရားတခုဖြစ်ရမည်။

၃၇။ ။ (၁)နိုင်ငံတော်သည်အလုပ်သမားတို့ ၏ခွန်အားနှင့်ကျန်းမာရေးတို့ ကို ထိခိုက်ခြင်းမဖြစ်စေရန်၎င်း၊ ကလေးသူငယ်နုနယ်သောအရွယ်ကို ထိခိုက်ခြင်းမဖြစ်စေရန်၎င်း၊ ထို့ အပြင်ထိုသူတို့ သည်မိမိတို့ ၏ ကျားမြ ဘဝ၊ အသက်၊ ခွန်အားတို့ နှင့်မသင့်မလျော်သောအသက်မွေးမခြာလုပ်အကိုင်တို့ တွင် စီးပွါးရေးချို့ တဲ့မခြေကာင့်မနေသာဘဲ၊ ဝင်ရောက်လုပ်ကိုင်ရခြင်းမရှိစေရန်၎င်း ယုံ ကာည်စိတ်ချရအောင်စီမံရမည်။

(၂) နိုင်ငံတော်သည် မီးဖွါးရေးနှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ များ၊ ကလေးဂေဟာများ၊ ကလေးထိမ်းဌာနများကိုဖွင့်လှစ်ခြင်းအားဖြင့်၊ သားသည်အမေနှင့်ကလေးတို့ ၏အကျိုးကိုစောင့်ရှောက်ရန်၊ ထို့ ပြင်မီးမဖွါးမီနှင့်မီးဖွါး ပီးကာလများအတွက် လုပ်ခနှင့်နားခွင့်ရရန်အခွင့်အရေးကို အခစားလုပ်ကိုင်နေသောမိခင်တို့ ရရှိခံစားနိုင်စေရန် ဝါဒထားရှိ၍၊ ထိုဝါဒအတိုင်ဒရှေ့ ရှုဆောင်ရွက်ရမည်။

၃၈။ ။ နိုင်ငံတော်သည် ကျန်းမာရေးဝန်ထမ်းအဖွဲ့ များ၊ ဆေးရုံများ၊ ဆေးပေးရုံများ၊ အထူးဆေးရုံများ၊ သူနာပြုရုံများ နလံထဆေးရုံများနှင့်အခြား၊ ကျန်းမာရေးရုံများကိုတည်ထောင်ကြီးကာပ်ဘ အုပ်ချုပ်ပေးခြင်းဖြင့်၊ ပြည်သူကျန်းမာရေးကိုကောင်းသည်ထက်ကောင်းအောင်ဆောင်ရွက်ရမည်။

၃၉။ ။ ပြည်သူ့ ကျန်းမာရေးနှင့်တကွ၊ လုပ်ရည်စွမ်းအားကိုတိုးတက်စေရန်၎င်း နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကိုပြည့်တင်းစေရန်၎င်း၊ နိုင်ငံတော်သည်ပြည်သူများအတွက် အထူးအားဖြင့်လူငယ်များအတွက်၊ ကာယဗလပညာသင်ကာန်းရေးကိုအထူးဂရုပြု၍ ဆောင်ရွက်ရမည်။

၄၀။ ။ နိုင်ငံတော်သည်မသန်မစွမ်းဖြစ်လာသောစစ်မတ္ထြမ်းဟောင်းများအား၊ သင့်တင့်လျောက်ပတ်စွာနေထိုစားသောက်နိုင်စေရန်၎င်း၊ သက်မွေးမပြည်ညာကိုအခလွတ်သင်ယူနိုင်စေရန်၎င်း စီမံဆောင်ရွက်ရမည်။ နိုင်ငံတော်သည်ကျဆုံးသောစစ်သားများ၏ကလေးများနှင့် စစ်ကောင့်မိဘမဲ့ဖြစ်ရသော ကလေးများကို အထူးဂရုပြု၍ ကာည့်ရှုစောင့်ရှောက်ရမည်။

၄၁။ ။ နိုင်ငံ၏ဓနအင်အားကိုတိုးတက်စေရန်၎င်း၊ ပြည်သူ့ ပစ္စည်းဥစ္စာအင်အားကိုကောင်းသည်ထက်ကောင်းစေရန်၎င်း၊ ပြည်သူ့ ယဉ်ကျေးမတ္ထြဆင့်အတန်းမြှင့်တက်လာစေရန်၎င်း၊ ပြည်ထောင်စုနိုင်ငံ၏လွပ်လပ်ရေးကိုတည်တံ့ခိုင်ရှ မဲစေရန်၎င်း၊ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကိုကြီးမားလာစေရန်၎င်း၊ ရည်ရွယ်၍ ပြည်ထောင်စုနိုင်ငံ၏စီးပွါးဆိုင်ရာစီမံကိန်းများကိုပြုရမည်။

၄၂။ ။ ကိုယ်ကျိုးအမြတ်အစွန်းအတွက်မဟုတ်ဘဲ၊ လုပ်ကိုင်ဆောင်ရွက်နေသောစီးပွါးရေး လုပ်ငန်းအဖွဲ့ အစည်းများ

အား ပစ္စည်းငွေကေား အထေ၀်အပံပေးရန် နိုင်ငံတော်တွင်၀ါဒထားရှိ၍ ထို၀ါဒအတိုင်းရှေ့ ရှေ့ဆောင်ရွက်ရမည်။ သမ၀ါယမအစည်းအရုံးများနှင့်အလားတူစီးပွါးရေးအစည်းအရုံးများအား ပိုမိုအခွင့်အရေးပေးရမည်။

*

၄၃။ ။ ဝိဇ္ဇာပညာနှင့်သိပ္ပံပညာများ၊ သုတေသနနှင့်ယဉ်ကျေးမှုဖွဲ့ အစည်းများ၊ ထို့ အပြင်ပါဠိနှင့်သက္ကရိုသင်ကားရေးတို့ ကို နိုင်ငံတော်ကထောက်ပံ့စောင့်ရှောက်ရမည်။

၄၄။ ။ (၁) ပြည်သူသုံးလုပ်ငန်းများကို နိုင်ငံတော်အစိုးရကိုယ်တိုင်ကသော်၎င်း၊ ဒေသန္တရအဖွဲ့ များကသော်၎င်း၊ ပြည်သူတို့ ၏သမ၀ါယမ အစည်းအရုံများကသော်၎င်း၊ တည်ထောင်လုပ်ကိုင်စေရန် နိုင်ငံတော်အစိုးရ၌၀ါဒထားရှိ၍၊ ထို၀ါဒအတိုင်းရှေ့ ရှေ့ဆောင်ရွက်ရမည်။

(၂) ပြည်ထောင်စုနိုင်ငံတော်အတွင်းတွင်၊ ဓနပစ္စည်းထွက်မည့်သဘာ၀ပင်ရင်းအခြေအမြစ်များကို နိုင်ငံတော်အစိုးရကိုယ်တိုင်ကသော်၎င်း၊ ဒေသန္တရအဖွဲ့ များကသော်၎င်း၊ ပြည်သူတို့ ၏သမ၀ါယမအစည်းအရုံးများကသော်၎င်း၊ လုပ်ကိုင်သုံးစွဲစေရန်နိုင်ငံတော်အစိုးရ၌ ၀ါဒထားရှိ၍ ၊ ထို၀ါဒအတိုင်းရှေ့ ရှေ့ဆောင်ရွက်မည်။

---

* ပြင်ဆင်ချက်နောက်ဆက်တွဲ “ ၁၂ ”

အခန်း ၅ ။

နိုင်ငံတော်သမ္မတ ။

၄၅။ ။ အောက်ပုဒ်မများတွင်“နိုင်ငံတော်သမ္မတ”ဟုခေါ်အပ်သော ပြည်ထောင်စုနိုင်ငံတော်၏သမ္မတရှိရမည်။ နိုင်ငံတော်သမ္မတသည်၊ ပြည်ထောင်စုနိုင်ငံတ၀န်းလုံးတွင် နိုင်ငံသားအားလုံး၏အထွပ်အထိပ်နေရာကိုရရှိရမည်။ ထို့ အပြင် ဤအခြေခံဥပဒေနှင့် တရားဥပဒေတို့ ကအပ်နှင်းသောအာဏာနှင့်အလုပ်၀တ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

၄၆။ ။ နိုင်ငံတော်သမ္မတကိုလျှို့ ၀ှက်သော မဲဆန္ဒပေးစံနစ်ဖြင့်၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်၏ တွဲဖက်ညီလာခံတွင် ရွေးကောက်တင်မြှောက်ရမည်။ ဤအခန်းနှိုပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ နိုင်ငံတော်သမ္မတရာထူးအတွက်ရွေးကောက်တင်မြှောက်ခြင်းကို၊ ပါလီမန်အက်ဥပဒေဖြင့်သတ်မှတ်ရမည်။

၄၇။ ။ (၁) နိုင်ငံတော်သမ္မတသည် ပါလီမန်ဆိုင်ရာမည်သည့်လွှတ်တော်၏အမတ်မျှမဖြစ်ရ။

(၂) ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏ အမတ်တဦးကို နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခဲ့သော်၊ ထိုအမတ်သည် သက်ဆိုင်ရာလွှတ်တော်၌ မိမိ၏အမတ်နေရာကိုစွန့်လွှတ်ခဲ့ပြီးဖြစ်သည်ဟုမှတ်ယူရမည်။

(၃) နိုင်ငံတော်သမ္မတသည်၊ လစာစရိတ်ကေားငွေရသောအခြားရာထူးဌာနန္တရများကို အစိုးရနှင့်သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည်ဖြစ်စေ၊ မခံယူရ။

၄၈။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ ရာထူးသက်တမ်းမကုန်ဆုံးမီ၊ ရာထူးသက်တမ်းမှနုတ်ထွက်သောကောင့်၎င်း၊ ကွယ်လွန်သောကောင့်၎င်း၊ ရာထူးမှနုတ်ပယ်ခြင်းခံရသောကောင့်၎င်း၊ ထာ၀စဉ်မစွမ်းမဆောင်နိုင်သောကောင့်၎င်း၊ ထိုအကောင်းတခုခုကောင့်မဟုတ်လျှင်၊ ရာထူး၌စတင်ထမ်းရွက်သည့်နေ့ မှစ၍ ငါးနှစ်တိုင်တိုင်ထမ်းရွက်ရမည် ။

(၂) မည်သည့်ပုဂ္ဂိုလ်မဆို၊ နိုင်ငံတော်၀ါသမတ္တအဖြစ်ဖြင့် ရာထူးသက်တမ်းနှစ်ကြိမ်ထက်ပို၍အမထမ်းမရွက်ရ။

၄၉။ ။ (က) မိမိကိုယ်တိုင်သောင်း၊ မိမိ၏မိဘနှစ်ပါးသော်၎င်း၊ ပြည်ထောင်စုနိုင်ငံ၏ပိုင်နက်အတွင်း၌မွေးဖွားခဲ့၍ ပြည်ထောင်စုနိုင်ငံသားလည်းဖြစ်သော၊ ထို့ အပြင်

(ခ) ပါလီမန်အမတ်အဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံနိုင်သည့် အရည်အချင်းနှင့်ပြည့်စုံသည်လည်းဖြစ်သော်ပုဂ္ဂိုလ်မျိုးမဟုတ်လျှင်၊ မည်သူမျှနိုင်ငံတော်သမ္မတရာထူးအတွက် ရွေးကောက်ခံနိုင်ခွင့်မရှိစေရ။

၅၀။ ။ ပဋမနိုင်ငံတော်သမ္မတသည်၊ မိမိအားရွေးကောက်တင်မြှောက်ပြီးသည့်နောက်၊ လျင်မြန်သမျှလျင်မြန်စွာမိမိ၏ရာထူးတွင်ဝင်ရောက်ထမ်းရွက်ရမည်။နောက်နောင်သောနိုင်ငံတော်သမ္မတတိုင်းသည် ၊ မိမိအလျင်ထမ်းရွက်သွားသောနိုင်ငံတော်သမန္တတ၏ရာထူးသက်တမ်းကုန်ဆုံးပြီးသည့်နောက်တနေ့၌သော်၎င်း၊ ထို့သို့ကုန်ဆုံးပြီးသည့်နောက်၊ စေနိုင်သမျှစောသောနေ့၌သော်၎င်း၊ ရာထူးတွင်ဝင်ရောက်ထမ်းရွက်ရမည်။ အကယ်၍မိမိအလျင် ထမ်းရွက်သွားသောနိုင်ငံတော်သမ္မတအားရာထူးမှနုတ်ပယ်လိုက်လျှင်၊ သို့တည်းမဟုတ်ထိုနိုင်ငံတော်သမ္မတရာထူးမှနုတ်ထွက်သွားလျှင်၊ သို့တည်းမဟုတ်ထာဝစဉ်မစွမ်းစောင်နိုင်လျှင်၊ သို့တည်းမဟုတ်ကွယ်လွန်လျှင်၊ မိမိအားရွေးကောက်တင်မြှောက်ပြီးသည့်နောက် လျင်မြန်နိုင်သမျှလျင်မြန်စွာ ရာထူးတွင်ဝင်ရောက်ထမ်းရွက်ရမည်။

၅၁။ ။ နိုင်ငံတော်သမ္မတသည်၊ အစည်းအဝေး ကျင်းပလျက်ရှိသော ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်နှင့် တရားလွှတ်တော်ချုပ်၏ တရားဝန်ကြီးများရှေ့မှေညက်တွင်၊ အောက်ပါအတိုင်း လူသိရှင်ကြားသစ္စာဆို၍၊ လက်မှတ်ထိုးပီးလျှင်၊ ရာထူးဝင်ရောက်ထမ်းရွက်ရမည်။

"ကျွန်ုပ်.....သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို တည့်မဲ့အောင်ထိမ်းသိမ်း၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏တရားဥပဒေများကိုစောင့်ရှောက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံခြေခံဥပဒေနှင့်တကွ၊ တရားဥပဒေတို့နှင့်လျော်ညီစွာ မိမိ၏တာဝန်ဝတ္တရားများကို ယုံကာညီလေးမြတ်ဖြောင့်မှတ်မှန်ကန်စွာဆောင်ရွက်ပါမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘေးရန်အန္တရယ်အပေါင်းတို့ကို တွန်းလှန်ဖယ်ရှားရန် ကြိုးစွာသောသတိဝီရိဖြင့် အားထုတ်ပါမည်။ ကျွန်ုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏အကျိုးငှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအား ကျွန်ုပ်၏အသက်နှင့်ကိုယ်ကို အပ်နှင်းသည်ဟု လေးနက်တည်ကာညွှာစွာကျေညာ၍၊ ကတိသစ္စာပြုသည်။"

၅၂။ ။ ပြည်ထောင်စုအစိုးရ၏ အကြံပေးချက်မှတပါး၊ နိုင်ငံတော်သမ္မတသည် မိမ၏ရာထူးသက်တမ်းအတွင်းတွင် ပြည်ထောင်စုနိုင်ငံမှထွက်ခွါမသွားရ။

၅၃။ ။ နိုင်ငံတော်သမ္မသစ် ရွေးကောက်တင်မြှောက်ရေးအတွက်၊ နိုင်ငံတော်သမ္မတသည်၊ မိမိ၏ရာထူးသက်တမ်းကုန်ဆုံးအံ့ဆဲဆဲဖြစ်သော ၃ လအတွင်းတွင် ပါလီမန်ကိုဆင့်ခေါ်ရမည်။

၅၄။ ။ (၁) အောက်ပါအကောင်းတခုခုအတွက် နိုင်ငံတော်သမ္မကိုစွပ်စွဲပြစ်တင်နိုင်သည်။

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကိုဖေါက်ဖျက်ခြင်း။

(ခ) အခြေခံဥပဒေကိုကျူးလွန်ခြင်း။

(ဂ) အကျင့်သိက္ခာလွန်ကဲစံဘျက်ပြားခြင်း။

(၂) ဤပုဒ်မရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ထို့ပြင်ထိုပြဋ္ဌာန်းချက်များနှင့်လျော်ညီစွာ၊ စွပ်စွဲချက်ကိုပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်ကတင်သွင်းနိုင်ရမည်။

(၃) ဤပုဒ်မအရနိုင်ငံတော်သမ္မတကို စွပ်စွဲရန်ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်သို့တင်သွင်းသောအဆိုကို၊ သက်ဆိုင်ရာလွှတ်တော်၏အမတ်ဦးရေ စုစုပေါင်းအနက် လေးပုံတပုံအောက်မလျှော့သောအမတ်များက အဆိုသွင်းရန်ကြိုတင်အကောင်းနာချက်ကို ကိုယ်တိုင်လက်မှတ်ထိုး၍ ပေးအပ်သောအခါမှာ မှတပါး၊ လက်မခံရ။

(၄) ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်က၊ ထိုကဲ့သို့သော်အဆိုကိုသက်ဆိုင်ရာလွှတ်တော်၏အမတ်ဦးရေသုံးပုံနှစ်ပုံအောက်မလျှော့သောအမတ်များကထောက်ခံ၍ ဆုံးဖြတ်ပြဋ္ဌာန်းသောမခါမှာမှတပါး၊ အတည်မပြုရ။

(၅) ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်က၊ စွပ်စွဲချက်တခုကို တင်သွင်းပီးသောအခါ အခြားလွှတ်တော်တရပ်က၊ ထိုစွပ်စွဲချက်ကိုစုံစမ်းစစ်ဆေးရမည်။ သိုတည်းမဟုတ်စုံစမ်းစစ်ဆေးရမည်။

(၆) စွပ်စွဲချက်ကိုစုံစမ်းစစ်ဆေးသောအခါတွင်၊ နိုင်ငံတော်သမ္မတ၌၊ မိမိကိုယ်တိုင်သော်၎င်း၊ ကိုယ်စားလှယ်ဖြစ်သော်၎င်း၊ ချေပခွင့်ရှိရမည်။

(၇) စွပ်စွဲချက်ကိုစစ်ဆေး ပီးသဖြင့်၊ စွပ်စွဲချက်ကိုစုံစမ်းစစ်ဆေးသော၊ သို့ တည်းမဟုတ်စုံစမ်းစစ်ဆေးသော၊ ပါလီမန်ဆိုင်ရာလှတ်တော်၏အမတ်ဦးရေစုစုပေါင်းအနက် သုံးပုံနှစ်ပုံထက်မလျှော့သောအမတ်များက ထိုစွပ်စွဲချက်သည် မှန်ကန်သည့်အပြင်၊ စွပ်စွဲခံရသောပြစ်မှုသည် နိုင်ငံတော်သမ္မတအား ရာထူးတွင်ဆက်လက်၍ မထမ်းမရွက်စေသင့်သော ပြစ်မဖြစ်သည်ဟူ၍ကျေညာပြဋ္ဌာန်းသည့် ပြဋ္ဌာန်းချက်အဆိုကိုအတည်ပြုခဲ့သော၊ ထိုပြဋ္ဌာန်းချက်အဆိုကိုအကောင်းပြု၍ နိုင်ငံတော်သမ္မတအား၊ ရာထူးမှရပ်စဲစေရမည်။

၅၅။ ။ နိုင်ငံတော်သမ္မသည်၊ အိမ်တော်တဆောင်ရရှိရမည်။ ထို့ပြင်တရားဥပဒေဖြင့်သတ်မှတ်ရမည်ဖြစ်သောလစာနှင့်စရိတ်များကိုရရှိရမည်။ နိုင်ငံတော်သမ္မတ၏လစာနှင့်စရိတ်များကို နိုင်ငံတော်သမ္မတ၏ရာထူးသက်တမ်းအတွင်းတွင် မပြောင်းမလဲရ။

၅၆။ ။ (၁) နိုင်ငံတော်သမ္မတသည် ပြည်သူ့ လွှတ်တော်က အမည်တင်သွင်းသောပုဂ္ဂိုလ်အားဝန်ကြီးချုပ်ခန့် ထားရမည်။ ထိုဝန်ကြီးချုပ်သည်ပြည်ထောင်စုအစိုးရအဖွဲ့ ၏အကြီးအမှုဖြစ်ရမည်။

(၂) နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်က အမည်တင်သွင်းသောပုဂ္ဂိုလ်တို့ ကို၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဝင်အခြားဝန်ကြီးများအဖြစ်ခန့် ထားရမည်။

(၃) နိုင်ငံတော်သမ္မတသည်၊ ဝန်ကြီးချုပ်၏အကြံပေးချက်အရ၊ ပြည်ထောင်စုအစိုးရဝန်ကြီးတဦးဦး၏ရာထူးနုတ်ထွက်စာကိုလက်ခံရမည်။ သို့ တည်းမဟုတ် ရာထူးမှရပ်စဲစေရမည်။

၅၇။ ။ နိုင်ငံတော်သမ္မတသည်၊ ဝန်ကြီးချုပ်၏အကြံပေးချက်အရ၊ ပြည်သူ့ လွှတတ်တော်ကိုဆင့်ခေါ်ရမည်။ သို့ တည်းမဟုတ်ရုတ်သိမ်းရမည်။ သို့ တည်းမဟုတ်ဖျက်သိမ်းရမည်။

ခြွင်းချက်။ ။ သို့ ရာတွင်ဝန်ကြီးချုပ်သည် ပြည်သူ့ လွှတ်တော်၌ အမတ်များထောက်ခံမှုကို ဆက်လက်၍မရရှိသောအခါ၊ ဝန်ကြီးချုပ်ကအကြံပေးပြောသော်ငင်း၊ ငြင်းပယ်နိုင်သည်။ ဤအခါမျိုးတွင်ဝန်ကြီးချုပ်သစ်တဦး၏ အမည်ကို တင်သွင်း၍ လွှတော်အားချက်ခြင်းဆင့်ဆိုရမည်။

ထို့ အပြင် ပြည်သူ့ လွှတ်တော်သည်၁၅ ရက်အတွင်းတွင်၊ ဝန်ကြီးချုပ်အသစ်တဦးအမည်ကိုရန် ပျက်ကွက်ပါက ပြည်သူ့ လွှတ်တော်ကိုဖျက်သိမ်းရမည်။

၅၈။ ။ (၁) ပါလီမန်လွှတတ်တော်နှစ်ရပ်လုံးက အတည်ပြုသော၊ သို့ တည်းမဟုတ်အတည်ပြု ပီးဖြစ်သည်ဟုမျက်ယူရမည့် ဥပဒေကမ်းသည်၊ အက်ဥပဒေဖြစ်မြောက်လာရေးအတွက် နိုင်ငံတော်သမ္မတ၏လက်မှတ်ထိုးခြင်းကိုလိုအပ်ရမည်။

(၂) နိုင်ငံတော်သမ္မတသည်၊ ပါလီမန်ကပြဋ္ဌာန်းလိုက်သောအက်ဥပဒေတိုင်း ကောငြာရမည်။

၅၉။ ။ ဤအခြေခံဥပဒေရှိပြဋ္ဌန်းချက်မှားနှင့် မဆန့် ကျင်စေဘဲ၊ ပြည်ထောင်စုအုပ်ချုပ်မှုအခွင့်အာဏာဟူသမျှသည်၊ နိုင်ငံတော်သမ္မတ၌တည်ရှိရမည်။ သို့ ရာတွင် ဤပုဒ်မရှိစကားကောင့် ပါလီမန်သည်၊ လက်အောက်ခံအာဏာပိုင်တို့ အား၊ အလုပ်ဝင်တရားများကို မပေးအပ်နိုင်ဟုမဖြစ်စေရ။ သို့ တည်းမဟုတ် ထိုစကားကောင့်ပင်၊ လက်ရှိတရားဥပဒေအရ တရားရုံး၌သော်ငင်း၊ တရားသူကြီး၌သော်ငင်း၊ အရာရှိ၌သော်ငင်း၊ ဒေသန္တရအာဏာပိုင်၌သော်ငင်း၊ အခြားအာဏာပိုင်၌သော်ငင်း၊ နှင်းအပ်ထားသောအလုပ်ဝတ္တရားများကို နိုင်ငံတော်သမ္မတအား၊ လွှဲပြောင်းပေးအပ်သည်ဟုမမှတ်ယူရ။

၆၀။ ။ ပြစ်ဒဏ်လွှတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သောအခွင့်အရေးသည်၊ နိုင်ငံတော်သမ္မတ၌တည်ရှိရမည်။

၆၁။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ နိုင်ငံတော်နှင့်၊ သို့ တည်းမဟုတ်ပြည်သူတို့ နှင့်သက်ဆိုင်သည့် အရေးကြီးသောကိစ္စများနှင့် စပ်လျဉ်း၍ အမှာလွှာဖြင့်သော်ငင်း မိန့်ခွန်းဖြစ်သော်ငင်း ပါလီမန်သို့ အကောင်းကားနိုင်သည်။

(၂) နိုင်ငံတော်သမ္မတသည်၊ မည်သည့်ကိစ္စအကောင်းကိုမဆို၊ အခါမရွေးတနိုင်ငံလုံးသို့ မိန့်မွှက်နိုင်သည်။

၆၂။ ။ (၁)နိုင်ငံတော်သမ္မတအဖြစ်ဖြင့်အာဏာနှင့်အလုပ်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ခြင်းအတွက်သောဎင်း၊ ထိုအာဏာနှင့်အလုပ်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရာတွင်ဖြစ်စေ၊ သုံးစွဲဆောင်ရွက်သည့်အနေနှင့်ဖြစ်စေ၊ ပြွန်ခဲ့သော အပြုအမူ့ အတွက်သော်ဎင်း၊ နိုင်ငံတော်သမ္မတသည် ပါလီမန်ဆိုင်ရာမည်သည့်လွှတ်တော်မည်သည့်တရားရုံးသို့ မျှ ဖြေရှင်းရန်မလို ။

(၂) သို့ ရာတွင် နိုင်ငံတော်သမ္မတ၏ အကျင့်သိက္ခာကို ပုဒ်မ ၅၄ ၏ကိစ္စအလို့ ငှာ၊ ပါလီမန်ဆိုင်ရာလွှတ် တော်တရပ်ရပ်၌ဝေဖန်စစ်ဆေးနိုင်သည်။ သို့ တည်းမဟုတ်အဆိုပါပုဒ်မအရ၊ စွပ်စဲ့ချက်များကိုစုံစမ်းစစ်ဆေးရေးအတွက် ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်က ခန့် အပ်သောတရားရုံးကဖြစ်စေ၊ တရားခုံတော်ကဖြစ်စေ၊ အဖွဲ့ ကဖြစ်စေဝေဖန် စစ်ဆေးနိုင်သည်။

(၃) နိုင်ငံတော်သမ္မတက၏အခြေခံဥပဒေအရ၊ သုံးစွဲဆောင်ရွက်သည့်အနေနှင့်၊ ပြွေ ပီးဖြစ်သောအပြုအမူသည် တဆက်တည်း ဖြစ်သောအော်ပုဒ်မတွင်ပါရှိသည့်၊ သို့ တည်းမဟုတ် ညွှန်ထားသည့်ပြဋ္ဌာန်းချက်များနှင့်အညီမဟုတ် သောကော်ငှ်၊ မခိုင်လုံဟုငြင်းဆိုပိုင်ခွင့်မရှိစေရ။

၆၃။ ။ (၁) ဤအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတသည်၊ မိမိ၏သဘောအတိုင်းပြုမူရမည်ဟုသော်ဎင်း၊ ပုဂ္ဂိုလ်တဦးဦး ထံမှဖြစ်စေ၊ အဖွဲ့ တခုခုထံမှဖြစ်စေ၊ အကြံပေးချက်အရ၊ သိုတည်းမဟုတ် အမည်တင်သွင်းချက်အရ၊ သို့ တည်းမဟုတ် အကောင်းကားချက်အရ၊ ပြုမ၍မည်ဟုသော်ဎင်း၊ ပြဋ္ဌန်းထားသည့်အတိုင်းဆောင်ရွက်အပ်သည်မှတပါး၊ အခြားကိစ္စများ တွင်မိမိအားပေးအပ်ထားသော အာဏာများနှင့်အလုပ်ဝတ္တရားများကို ပြည်ထောင်စုအစိုးရ၏အကြံပေးချက်အရသာ လျင်၊ သုံးစွဲဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်သမ္မတထံသို့ အကြံပေးချက်ကိုသော်ဎင်း၊ အမည်တင်သွင်းချက်ကိုသော်ဎင်း၊ ကောင်းကား ချက်ကိုသော်ဎင်း တင်သွင်းသည် မတင်သွင်းသည်သို့ တည်းမဟုတ်နိုင်ငံတော်သမ္မတကထိုအချက်ကိုရသည်မရသည်၊ အကယ်၍တင်သွင်းခဲ့သော် သို့ တည်းမဟုတ်ရခဲ့သော်၊ မည်သို့ သောအကြံပေးချက်မျိုးဖြစ်သည်၊ သို့ တည်းမဟုတ် မည် သို့ သောမည်သို့ သောအကောင်းကားချက်မျိုးဖြစ်သည် ဟူသောအချက်များကို မည်သည့်တရားရုံးတွင်မျှစစ်ကောား မေးမြန်းချင်းမပြု။

*

၆၄။ ။ (၁) နိုင်ငံတော်သမ္မတကွယ်လွန်ဧသောအခါ၊ ရာထူးမှနုတ်ထွက်သောအခါ၊ နုတ်ပယ်ခြင်းခံရသောအခါ၊ အလုပ်ခွင်ဤ၌မရှိသောအခါ ခေတ္တငြာစ်စေ ထာဝစဉ်ဖြစ်စေမစွမ်းမဆောင်နိုင်သောအခါ ထိုအခါတမျိုးမျိုးတွင်၊ ဤအခြေ ခံဥပဒေက နိုင်ငံတော်သမ္မတအား၊ ပေးအပ်ထားသောအာဏာနှင့် အလုပ်ဝတ္တရားများကိုအောက်၌ဖွဲ့ စည်းအပ်သော "နိုင်ငံတဝ်ဦးသျောင်"အဖွဲ့ ကသုံးစွဲဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်တရားဝန်ကြီးချုပ်၊ လူမျိုးစုလွှတ်တော် နာယကနှင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌတို့ ဖြင့် နိုင်ငံ တော်ဦးဆောင်အဖွဲ့ ကိုဖွဲ့ စည်းရမည်။

(၃) နိုင်ငံတော်တရားဝန်ကြီးချုပ် ရာထူးလစ်လပ်နေသော အခါ၌သောဎင်း၊ ထိုတရားဝန်ကြီးချုပ် မဆောင် ရွက်နိုင်သောအခါ၌သော်ဎင်း၊ ထိုတရားဝန်ကြီးချုပ်၏နေရာတွင်၊ ထိုတရားဝန်ကြီးချုပ်၏တာဝန်ဝတ္တရားများကို ဆောင် ရွက်စေရန်ခန့် ထားသောလွှတ်တော်ချုပ်တရားဝန်ကြီးသည်၊ သို့ မဟုတ်ထိုတရားဝန်ကြီးမရှိပြန်လျှင်၊ ထိုတရားဝန်ကြီးမ ရှိပြန်လျှင်၊ တရားလွှတ်တော်ချုပ်မှ ထိုကိစ္စအတွက်ဆောင်ရွက်ရန် ရနိုင်သော ဝါအရင့်ဆုံးတရားဝန်ကြီးသည်၊ "နိုင်ငံတော်ဦးသျောင်"အဖွဲ့တွင် အဖွဲ့ ဝင်တဦးဦးအဖြစ်ဖြင့်ဆောင်ရွက်ရမည်။

---

* ပြင်ဆင်ချက်နောက်ဆက်တွဲ " ၂ "

(၄)လူမျိုးစုလွှတ်တော် နာယကရာထူးလစ်လပ်သောအခါ၌သောဎင်း၊ အဆိုပါနာယကမဆောင်ရွက်နိုင်သော အခါ၌သောဎင်း၊ လူမျိုးစုလွှတ်တော်နာယက၏နေရာတွင်၊ လူမျိုးစုလွှတ်တော်ဒုတိယနာယကသည် နိုင်ငံတော်ဦးသျောင် အဖွဲ့ ၌ အဖွဲ့ ဝင်အဖြစ်ဖြင့်ဆောင်ရွက်ရမည်။

(၅) ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ရာထူးလစ်လပ်သောအခါ၌သော၎င်း၊ အဆိုပါဥက္ကဋ္ဌမဆောင်ရွက်နိုင်သောအခါ၌သော၎င်း၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနေရာတွင်၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနေရာတွင်၊ ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော် ဦးသျှောင်အဖွဲ့ ၌ အဖွဲ့ ဝင်တဦးဦးအဖြစ်ဆောင်ရွက်ရမည်။

(၆) နိုင်ငံတော်ဦးသျှောင်အဖွဲ့ ဝင်နှစ်ဦးရှိလျှင်၊ ထိုအဖွဲ့ သည်ဆောင်ရွက်နိုင်သည်။ အဖွဲ့ ဝင်နေရာတခုလစ်လပ်နေစေကာမ၌ဆောင်ရွက်နိုင်သည်။

(၇) နိုင်ငံတော်သမ္မတသည်၊ ဤအခြေခံဥပဒေအရ၊ အာဏာနှင့်အလုပ်ဝတ္တရားများကို သုံးစွဲဆောင်ရွက်သကဲ့သို့၊ နိုင်ငံတော် ဦးသျှောင်အဖွဲ့ သည်လည်းသုံးစွဲဆောင်ရွက်ရမည်။

*

အခန်း ၆။

ပါလီမန်။

အပိုင်း ၁။ အရပ်ရပ်ဆိုင်ရာ။

၆၅။ ။ ပြည်ထောင်စုနိုင်ငံ၏ဥပဒေပြုမဟာဏာသည်၊ ပါလီမန်တွင်တည်ရှိရမည်။ ပါလီမန်တွင် နိုင်ငံတော်သမ္မတ၊ ပြည်သူ့ လွှတ်တော်နှင့်လူမျိုးစုလွှတ်တော်တတို့ ပါဝင်ရမည်။ ဤအခြေခံဥပဒေတွင်ပါလီမန်ကို "ပါလီမန်"ဟုသို့ တည်းမဟုတ် "ပြည်ထောင်စုပါလီမန်" ဟုခေါ်ရမည်။

၆၆။ ။ ပါလီမန်၏ညီလာခံကိုနှစ်စဉ်တနှစ်လျှင် အနည်းဆုံးတကြိမ်ကျင်းပရမည်။ ပါလီမန်ညီလာခံတခု၏နောက်ဆုံးအစည်းအဝေးနှင့် နောက်ထပ်ကျင်းပသောညီလာခံ၏ ပဌမအစည်းအဝေးတို့ ၏စပ်ကားတွင် ၁၂ လခြားမနေစေရ။

၆၇။ ။ (၁) ပြည်သူ့ လွှတ်တော်သည်၊ လွှတ်တော်အမတ်များအနက် အမတ်နှစ်ဦးကို လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တောဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့်၊ လျင်မြန်နိုင်သလောက်လျင်မြန်စွာရွေးချယ်ရမည်။ ထို့ အပြင်လွှတ်တော်ဥက္ကဋ္ဌ၏ နေရာ၊ သို့ တည်းမဟုတ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာလစ်လပ်သောအခါတိုင်း၊ ထိုလစ်လပ်သောနေရာအတွက် ပြည်သူ့ လွှတ်တော်သည် အခြားအမတ်တဦးကို လွှတ်တော်ဥက္ကဋ္ဌအဖြစ်ဖြင့်၊ အလောင်းအားလျော်စွာရွေးချယ်ရမည်

---

* ပြင်ဆင်ချက်နောက်ဆက်တွဲ " ၁၁ "

(၂) ပြည်သူ့ လွှတ်တော်တွင် ဥက္ကဋ္ဌရာထူး၌၊ သို့ တည်းမဟုတ်ဒုတိယဥက္ကဋ္ဌရာထူး၌ထမ်းရွက်နေသောသူသည်၊ လွှတ်တော်အမတ်အဖြစ်မှရပ်စဲခဲ့လျှင်၊ ထိုသူသည်မိမိထမ်းရွက်နေသောရာထူးကိုစွန့် လွှတ်ရမည်။ ထိုသူသည်မည်သည့်အခါ၌မဆို၊ နိုင်ငံတော်သမ္မတထံသို့ မိမိကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းသောစာဖြင့် ရာထူးမှနုတ်ထွက်နိုင်သည်။ သို့ တည်းမဟုတ် ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ လွှတ်တော်လက်ရှိအမတ်များရာ၏ဆုံးဖြတ်ပြဋ္ဌာန်းချက်ဖြင့်၊ ရာထူးမှနုတ်ပယ်နိုင်သည်။ သို့ ရာတွင်ဤပုဒ်မခွဲ၏ကိစ္စအတွက် ဆုံးဖြတ်ရန်ရှိသောအဆိုကို အနည်းဆုံး ၁၄ ရက် ကြိုတင်၍အလောင်းအားခြင်းမပြုလျှင်၊ ထိုအဆိုကိုလွှတ်တော်၌မတင်သွင်းရ။

ခြွင်းချက်။ ။ သို့ ရာတွင် ပြည်သူ့ လွှတ်တော်ကို ဖျက်သိမ်းသောအခါတိုင်း၊ လွှတ်တော်ကိုထျက်သိမ့်း ပီးသည့်နောက် နောက်ထပ်တကြိမ်ရွေးကောက်သောလွှတ်တော်၏ ပဌမအကြိမ် အသည်းအဝေးကိုကျင်းပအံ့ဆဲဆဲအချိန်အထိ၊ လွှတ်တော်ဥက္ကဋ္ဌသည်မိမိ၏ရာထူးကိုမစွန့် လွှတ်ရ။

(၃) ပြည်သူလွှတ်တော်ဥက္ကဋ္ဌရာထူးလစ်လပ်သောအခါ၊ ထိုလွှတ်တော်ဥက္ကဋ္ဌ၏တာဝန်ဝတ္တရားများကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကဆောင်ရွက်ရမည်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌရာထူးလည်း လစ်လပ်ခဲ့သော၊ ထိုကိစ္စအတွက်လွှတ်တော်အမတ်များအနက် နိုင်ငံတော်သမ္မတက ခန့် ထားသောအမတ်တဦးကဆောင်ရွက်ရမည်။ လွှတ်တော်အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်သောအခါ လွှတ်တော်ဒုတိယဥက္ကဋ္ဌက၊ ဥက္ကဋ္ဌငဖြစ်ထြင့်ဆောင်ရွက်ရမည်။ ဒုတိယဥက္ကဋ္ဌ

လည်း အစည်းအဝေးသို့ မတက်ရောက်သောအခါ၊ လွှတ်တော်လုပ်ငန်းစဉ်ဥပဒေအရခန့် ထားခြင်းခံထားရသော သူတဦးကဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်မည်။ ထိုသူလည်းအစည်းအဝေးသို့ မတက်ရောက်သောအခါ၊ လွှတ်တော်ကရွေးချယ်သောအခြားသူတဦးက ဥက္ကဋ္ဌအဖြစ်ဖြင့်ဆောင်ရွက်ရမည်။

(၄) လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့ အား၊ ပါလီမန်အက်ဥပဒေဖြင့်သတ်မှတ်သောလစာငွေများကိုပေးရမည်။

(၅) ဤပုဒ်မရှိ အထက်ကဖော်ပြခဲ့သော ပြဋ္ဌန်းချက်များသည်၊ ပြည်သူ့လွှတ်တော်နှင့်သက်ဆိုင်သကဲ့သို့ လူမျိုးစုလွှတ်တော်နှင့်လည်းသက်ဆိုင်ရမည်။ ဥက္ကဋ္ဌအစား "နာယက"၊ ဒုတိယဥက္ကဋ္ဌအစား "ဒုတိယနာယက" ဟုသုံးစွဲရမည်။ "ပြည်သူလွှတ်တော်" ဟုသုံးစွဲသောနေရာများ၌ "လူမျိုးစုလွှတ်တော်" ဟုသုံးစွဲရမည်။

၆၈။ ။(၁) အခြေခံဥပဒေ၏ပြဋ္ဌာန်းချက်များနှင့်ဝင်း၊ ပါလီမန်လုပ်ငန်းစဉ်ကို စည်းမျဉ်းတကျဖြစ်အောင်ပြုထားသောနည်းဥပဒေများနှင့်တကွ တည်ဆဲအမိန့်၊ များနှင့်ဝင်းမဆန့်ကျင်လျှင် ပါလီမန်၌လွှပ်လပ်စွာပြောဆိုခွင့်ရှိရမည်။ ပါလီမန်တွင်၊ သို့တည်းမဟုတ်ပါလီမန်၏ကော်မတီများတွင်ပြောဆိုခဲ့ခြင်း၊ မဲပေးခဲ့ခြင်းတို့ နှင့်စပ်လျဉ်း၍ မည်သည့်ပါလီမန်အမတ်ကိုမျှ တရားစွဲပိုင်ခွင့်မရှိစေရ။ ထို့ အပြင် ပါလီမန်ဆိုင်ရာလွှတ်တော်ကသော်၎င်း၊ ဖြန့်ချီထုတ်ဝေသောအစီအရင်ခံစာ၊ စာရွက်စာတမ်း၊ မဲဆန္ဒများ၊ လွှတ်တော် မှတ်တမ်းများနှင့်စပ်လျဉ်း၍လည်း၊ မည်သူ့ကိုမျှတရားစွဲဆိုပိုင်ခွင့်မရှိစေရ။

(၂) အခြားကိစ္စများတွင်မကြာ၊ ပါလီမန်ဆိုင်ရာလွှတ်တော်အမတ်များ၊ ခံစားထိုက်သောအခွင့်အရေးများသည် အခါအားလျော်စွာပါလီမန်အက်ဥပဒေဖြင့်ဖော်ပြသည့်အတိုင်းဖြစ်ရမည်။ ထို့ သို့ ပိုင်းခြားဖော်ပြခြင်းမပြုသေးလျှင်ထိုအထိုအမတ်များ၏အခွင့်အရေးများသည်၊ ဤအခြေခံဥပဒေအာဏာတည်အံ့ဆဲဆဲတွင်မြန်မာနိုင်ငံဥပဒေပြုအဖွဲ့ အမတ်များခံစားနာသောအခွင့်အရေးအတိုင်းဖြစ်ရမည်။

၆၉။ ။ (၁) ဤအခြေခံဥပဒေကအခြားပြဋ္ဌာန်းချက်ပြုထားခြင်းမရှိလျှင်လွှတ်တော်များ၏အစည်းအဝေးတွင်၊ သို့တည်းမဟုတ်တွဲဖက်အစည်းအဝေးတွင်ဆွေးနွေးနာသောပြဿနာအားလုံးကို အစည်းအဝေးတက်ရောက်မဲပေးသောလွှတ်တော်အမတ်များ၏မဲများရာဖြင့်ဆုံးဖြတ်ရမည်။ ထို့ သို့ ဆုံးဖြတ်သောကိစ္စများတွင် ဥက္ကဋ္ဌသည်၊ သို့ တည်းမဟုတ် နာယကသည်၊ သို့ တည်းမဟုတ်ဥက္ကဋ္ဌအဖြစ်ဖြင့်ဖြစ်စေ၊ နာယကအဖြစ်ဖြင့်ဖြစ်စေ၊ ဆောသင်ရွက်နေသောပုဂ္ဂိုလ်သည်၊ မဲမပေးရ၊ သို့ ရာတွင်မဲအရအတွက် တူညီနေသောအခါ အနိုင်မဲပေးနိုင်ခွင့်ရှိ၍ အနိုင်မဲကိုပေးရမည်။

(၂) မိမိ၏အာဏာများကိုသုံးစွဲရန်၊ လွှတ်တော်တရုပ်ရုပ်သည် အစည်းအဝေးအထမြောက်ရေးအတွက် လိုအပ်သော မတ်ဦးရေကို လွှတ်တော်၏ နည်းဥပဒေများဖြင့်ဆုံးဖြတ်သတ်မှတ်ရမည်။

(၃) အမတ်နေရာများလစ်လပ်နေစေကာမ၊ မြစ်ကိစ္စများကိုဆောင်ရွက်နိုင်ရန် ပါလီမန်ဆိုင်ရာလွှတ်တော်တို့တွင်၊ အာဏာရှိရမည်။ ထို့ ပြင်အခွင့်အရေးမရှိသောသူတဦးတယောက်သည်၊ လွှတ်တော်အစည်းအဝေးသို့တက်ရောက်ခဲ့သည်ဟူ၍သော်၎င်း၊ မဲဆန္ဒပေးခဲ့သည်ဟူ၍သော်၎င်း၊ လွှတ်တော်၏မြစ်းကိစ္စဆောင်ရွက်မှုတွင် အခြားတနည်းနည်းဖြင့်ပါဝင်ခဲ့သည်ဟူ၍သော်၎င်း၊ နောင်အခါမှာမှ ပေါ်ပေါက်လာစေကာမ၊ ပါလီမန်၌ဆောင်ရွက်ခဲ့သည့်မြစ်းကိစ္စသည် အတည်ဖြစ်ရမည်။

(၄) အထက်ကပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ပြည်နယ်တနယ်နယ်မှမိမိ၏ကိုယ်စားလှယ်အမတ်များကို ရွေးချယ်၍ လူမျိုးစုလွှတ်တော်သို့ စေလွှတ်ရန်ပြက်ကွက်စေကာမ၊ ထိုလွှတ်တော်တွင်မိမိ၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန်အာဏာရှိရမည်။

၇၀။ ။ ပါလီမန်၏ပါလီမန်ဆိုင်ရာလွှတ်တော်တရုပ်ရုပ်၏အစီရင်ခံစာများနှင့် ဖြန့်ချီထုတ်ဝေသမျှသောစာရွက်စာတမ်းအားလုံးအတွက် တရားစွဲဆိုပိုင်ခွင့်လုံးဝမရှိစေရ။

၇၁။ ။ လွှတ်တော်အသီးသီး၏အမတ်များသည်၊ ပြည်သူတို့၏ကိုယ်စားလှယ်အဖြစ်ဖြင့် တာဝန်ဝတ္တရားများကိုဆောင်ရွက်ခွင့်၊ ထိုပုဂ္ဂိုလ်များအားလစာနှင့် စရိတ်ငွေများကိုပေးရန်၎င်း၊ ပါလီမန်ကသတ်မှတ်သောခရီးသွားလာမခြွင်းခွင့်အရာများနှင့် အခြားအခွင့်အရေးများကိုပေးရန်၎င်း၊ ပါလီမန်ကတရားဥပဒေဖြင့်ပြဋ္ဌာန်းနိုင်သည်။

၇၂။ ။ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏ အမတ်အသီးသီးသည်၊ လွှတ်တော်ရှိမိမိ၏အမတ်နေရာကိုမယူခင်၊ နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်၌သော်၎င်း၊ နိုင်ငံတော်သမ္မတကအခွင့်အာဏာလွှဲအပ်ထားသော သူ၏ရှေ့မှောက်၌သော်၎င်း၊ ဤအခြေခံဥပဒေ၏ ပဋမဇယားတွင်ပါရှိသည့်အတိုင်း နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို စောင့်ရှောက်ပါမည်ဟုကျမ်းကိုင်၍ဖြစ်စေ၊ သစ္စာဆို၍ဖြစ်စေ၊ လက်မှတ်ရေးထိုးရမည်။

၇၃။ ။ (၁) တချိန်တည်းတွင်မည်သူမျှ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံး၏အမတ်မဖြစ်နိုင်၊ လွှတ်တော်တရပ်တွင် အမတ်ဖြစ်နေသောသူသည်၊ အခြားလွှတ်တော်တွင်အမတ်ဖြစ်လာခဲ့သော၊ ထိုသူသည်ပထမအမတ်နေရာကိုစွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) လွှတ်တော်အမတ်တဦးသည်—

(က) တဆက်တည်းဖြစ်သော အောက်ပုဒ်မရှိ၊ ပုဒ်မခွဲ (၁) အရ၊ အမတ်အရည်အချင်းပျက်ယွင်းလာခဲ့သော၊ သို့တည်းမဟုတ်၊

(ခ) နိုင်ငံတော်သမ္မတထံသို့၊ မိမိကိုယ်တိုင်လက်မှတ်ထိုး၍ နုတ်ထွက်စာတင်သွင်းချင်းအားဖြင့်၊ အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သော၊ ထိုအမတ်၏နေရာသည်ထိုအခါ၌လစ်လပ်ရမည်။

(၃) လွှတ်တော်အမ်တဦးဦးသည် သက်ဆိုင်ရာလွှတ်တော်၏ အခွင့်ကိုမရဘဲ၊ လွှတ်တော်အစည်းအဝေးအား လုံးသို့၊ ရက်ပေါင်းသုံးဆယ်တိတိတဆက်တည်းမတက်ရောက်ဘဲနေခဲ့သော်၊ သက်ဆိုင်ရာလွှတ်တော်သည် ထိုအမတ်၏နေရာလစ်လပ်သည်ဟု ကျေညာနိုင်သည်။

ခြွင်းချက်။ ။ သို့ရာတွင်ဆိုခဲ့သောရက်ပေါင်းသုံးဆယ်ကို တွက်စစ်ရာ၌ လွှတ်တော်ကိုရုပ်သိမ်းထားသောကာလကို သို့တည်းမဟုတ်တဆက်တည်းဖြစ်သောလေးရက်ထက်ကျော်လွန်၍ အစည်းအဝေးရပ်ဆိုင်းထားသောကာလကို၊ ထည့်သွင်းရေတွက်ထားခြင်းမပြုရ။

၇၄။ ။ (၁) အောက်ပါပုဂ္ဂိုလ်များအား၊ လွှတ်တော်တရပ်ရပ်၏ အမတ်အဖြစ်ဖြင့်ရွေးချယ်ခြင်းခံရရန်၎င်း၊ လွှတ်တော်တရပ်ရပ်၏အမတ်အဖြစ်တည်မဲစေရန်၎င်း၊ ခွင့်မပြုရ။

(က) နိုင်ငံခြားအစိုးရ၏ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူ၊ သို့တည်းမဟုတ် နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူ၊ သို့တည်းမဟုတ်ထိုအစိုးရ၏လက်အောက်ခံဖြစ်သူသော်၎င်း၊ နိုင်ငံသားသော်၎င်း၊ ခံစားရသော အခွင့်အရေးများနှင့်ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊ သိုတည်းမဟုတ်

(ခ) လူမဲ့အဖြစ် ဆုံးဖြတ်ကောညာခံထားရခြင်းမှလွတ်မြောက်ခွင့်မရသေးသူ၊ သို့တည်းမဟုတ်

(ဂ) စိတ်ပေါ်သွပ်၍၊ စိတ်ပေါ်သွပ်သူဟု အခွင့်အာဏာရတရားရုံး၏အမိန်ချမှတ်ခြင်းခံနေရသူ၊ သို့တည်းမဟုတ်

(ဃ) ရာထူးတခုခု၌ ထမ်းရွက်နေသော်လည်း၊ ထိုရာထူးကောင့်၊ လိုအပ်သောအရည်အချင်း ပျက်ယွင်းချင်းမရှိစေရဟု ပါလီမန်အက်အုပဒေဖြင့်ကျေညာထားသော ရာထူးမျိုးမှတပါး၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရလက်အောက်တွင်သော်၎င်း၊ အကျိုးအမြတ်ရှိသောအခြားရာထူးတခုခု၌ ထမ်းရွက်နေသည့်သူ၊ သို့တည်းမဟုတ်

(င) မြန်မာပြည်ဥပဒေပြုလွှတ်တော်၏ သို့တည်းမဟုတ် ပါလီမန်၏ အက်ဥပဒေတခုခုရှိပြဋ္ဌာန်းချက်များတွင် သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားမကုန်ဆုံးသေးလျှင်၊ ထိုလွှတ်တော်၏၊ သို့တည်းမဟုတ်ထိုပါလီမန်၏အမတ်ဖြစ်ရန်အရည်အချင်းပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုဖြစ်သည်ဟု၊ ထိုလွှတ်တော်ကသော်၎င်း၊ ထိုပါလီမန်ကသော်၎င်း၊ ထိုအက်ဥပဒေဖြင့်ပြဋ္ဌာန်း ပြီးဖြစ်သော ပြစ်မှုမျိုးအတွက်၊ ဤအခြေခံဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်မှဖြစ်စေ၊ အပြစ်ဒဏ်ခံရသူ၊ သို့တည်းမဟုတ်မြန်မာပြည်ဥပဒေပြုလွှတ်တော်၏၊ သို့တည်းမဟုတ်ပါလီမန်၏ အက်ဥပဒေတခုခုရှိပြဋ္ဌာန်းချက်များတွင် သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားမကုန်လွန်သေးလျှင်၊ ထိုလွှတ်တော်၏၊ သို့တည်းမဟုတ် ထိုပါလီမန်၏အမတ်ဖြစ်ရန်အရည်အချင်းပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ ပြုကျင့်မဖြစ်သည်ဟု၊ ထိုလွှတ်တော်ကသော်၎င်း၊ ထိုပါလီမန်ကသော်၎င်း၊ ထိုအက်ဥပဒေဖြင့်ပြဋ္ဌာန်း ပြီးဖြစ်သော်

ပြုကျင့်မမျိုးအတွက်၊ ရွေးကောက်တင်မြှောက်ခြင်းခိုင်လုံသည်မခိုင်လုံသည်၊ နည်းလမ်းကျသည်မကျသည်တို့ ကို စုံစမ်းစစ်ဆေးသောအမြှောခင်းမျိုးတွင်၊ အပြစ်ကျူးလွန်မှု ပီးသည်ဟုအမိန်ချမှတ်ခြင်းခံရှု ပီးသူ၊ သို့ တည်းမဟုတ်

(စ) အပြစ်ဒဏ်မှလွတ်သည့်နေ့ မှစ၍ ၅ နှစ်ကာလအပိုင်အခြား၊ သို့ တည်းမဟုတ်နိုင်ငံတော်သမ္မတက မိမိ၏သဘောအတိုင်းခွင့်ပြုသော ၅နှစ်အောက်လျော့သော ကာလအပိုင်းအခြားမကုန်လွန်သေးလျှင်၊ အပိုဒ်(၈)၌ဖေါ်ပြထားသော ပြစ်မမျိုးမှတပါး၊ အခြားပြစ်မြှာခုခုအတွက် ပြည်ထောင်စုနိုင်ငံ၏ အာဏာပိုင်နက်တွင်၊ ဤအခြေခံဥပဒေအာဏာ မတည်မီကဖြစ်စေ၊ အာဏာတည့် ပီးနောက်မှဖြစ်စေ၊ ပြစ်ဒဏ်ခံရ၍ တကျွန်းပို့ ဒဏ်ကိုသော်၎င်း၊ စီရင်ခြင်းရှု ပီးသူ၊ သို့ တည်းမဟုတ်

(ဆ) ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်ကို တင်သွင်းသောနေ့ မှစ၍၊ ၅ နှစ်ကာလအပိုင်းအခြား မကုန်လွန်သေးလျှင်၊ သို့ တည်းမဟုတ်လိုအပ်သောအရည်အချင်းပျက်ယွင်းခြင်းကို နိုင်ငံတော်သမ္မတကမိမိ၏သဘောအတိုင်းပယ်ဖျက်ပို့ ပီးမဟုတ်သေးလျှင်၊ ပါလီမန်သို့ အမတ်အဖြစ်ဖြင့်အမည်တင်သွင်းခြင်းခံရှု ပီးနောက်၊ သို့ တည်းမဟုတ် ထိုသို့ အမည်တင်သွင်းခြင်းခံရသူ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ်ဖြင့်ဆောင်ရွက်ပို့ ပီးနောက်၊ ဤအခြေခံဥပဒေအရထုတ်ဆင့်သောအမိတ်ဖြင့်သောဥင်း၊ ပါလီမန်၏အက်ဥပဒေအခ္ခဲသော်၎င်း၊ ပြဌာန်းထားသောအချိန်ကာလအတွင်းတွင်၊ ထိုသို့ ပြဌာန်းထားသောနည်းလမ်းနှင့်အညီ၊ ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်စရင်းကိုတင်သွင်းရန်ပျက်ကွက်ခဲ့သူ။

ခြွင်းချက်။ ။ သို့ ရာတွင်ကုန်ကျစရိတ် စာရင်းတင်သွင်းသည့်နေ့ မှစ၍၊ ၁ လဖြစ်စေ၊ နိုင်ငံတော်သမ္မတကသီးခြားကိစ္စတွင် မိမိ၏သဘောအတိုင်းဆောင်ရွက်ကာ အခွင့်ပြုသော ၁ လထက်ပိုသောကာလအပိုင်းအခြားဖြစ်စေ၊ စေ့ကုန်ခြင်းမရှိမီ၊ ဤပုဒ်မခွဲရှိအပိုဒ် (ဆ) အရ အမတ်ဖြစ်ရန်ခွင့်မပြုခြင်းသည်အတည်မဖြစ်စေရ။

(၂) တဦးတယောက်သောသူသည်၊ ရာဇဝတန်ပြစ်မြှောင့် တကျွန်းအပို့ ခံနေရစဉ်၊ သို့ တည်းမဟုတ် ထောင်သွင်းအကျဉ်းထားခြင်းခံနေရစဉ်၊ ထိုသူသည်လွှတ်တော်တရပ်ရပ်၏အမတ်အဖြစ် ရွေးချယ်ခြင်းခံနိုင်ခွင့်မရှိစေရ။

ခြွင်းချက်။ ။ သို့ ရာတွင်အပြစ်ဒဏ်ခံရသောကာလသည် ၂ နှစ်ထက်မပိုခဲ့သော်၊ နိုင်ငံတော်သမ္မတသည် အဆိုပ်အရည်အချင်းပျက်ယွင်းခြင်းကို၊ မိမိ၏သဘောအတိုင်းဖယ်ရှားနိုင်သည်။

(၃) အပြစ်ရှိသည်ဟုအမိန့် ချမှတ်ခြင်းခံရသောကောင့်ဖြစ်စေ၊ အပြစ်ရှိသည်ဟုအမိန့် ချမှတ်ခြင်းခံရ၍အပြစ်ဒဏ်ပေးခြင်းကိုလည်းခံရသောကောင့်ဖြစ်စေ၊ ဤပုဒ်မရှိပုဒ်မခွဲ (၁) အပိုဒ် (၈) အရ၊ သိုတည်းမဟုတ်အပိုဒ် (စ) အရ၊ အရည်အချင်းပျက်ယွင်းသူတဦးသည်၊ ထိုသို့ အရည်အချင်းပျက်ယွင်းသောနေ့ တွင်၊ လွှတ်တော်တရပ်ရပ်၏အမတ်ဖြစ်နေသော်၊ ဤပုဒ်မတွင်ဖြစ်စေ၊ တဆက်တည်းဖြစ်သောအထက်ပါပုဒ်မတွင်ဖြစ်စေ မည်သို့ ပင်ဆိုထားစေကာမ[ထိုသူ၏အမတ်နေရာသည်၊ အရည်အချင်းပျက်ယွင်းသည့်နေ့ မှစ၍ ၃ လမကုန်မလွန်မီ၊ သို့ တည်းမဟုတ် အပြစ်ရှိသည်ဟုအမိန့် ချမှတ်ခံရခြင်းနှင့်ဖြစ်စေ၊ အပြစ်ဒဏ်အပေးခံရခြင်းနှင့်ဖြစ်စေ၊ စပ်လျဉ်းနေသောအယူခံလွှာကိုသော်၎င်း၊ စောဒကဝင်လျောက်လွှာကိုသော်၎င်း၊ ထို ၃ လအတွင်းတွင်တင်သွင်းခဲ့လျှင်၊ ထိုအယူခံလွှာကိုသို့ တည်းမဟုတ် ထိုစောဒကဝင်လျောက်လွှာကို မဆုံးဖြတ်သေးမီ၊ ထိုသို့ အရည်အချင်းပျက်ယွင်းသည့်အချက်ကောင့် မလစ်လပ်ရ၊ သို့ ရာတွင်ဤပုဒ်မခွဲက ထိုသူအား လွှတ်တော်အမတ်အဖြစ်ဖြင့် တည်နေခွင့်ပေးထားသည့် ကာလအပိုင်းအခြားအတွင်းတွင်၊ ထိုသူသည်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်း၊ မဲဆန္ဒပေးခြင်းမပြုရ။

၇၅။ ။ တဦးတယောက်သောသူသည်၊ လွှတ်တော်တရပ်ရပ်တွင် အမတ်ဖြစ်ရန်လိုအပ်သောအရည်အချင်းချို့ ငဲ့နေပါလျှက်နှင့်၊ သို့ တည်းမဟုတ်ပျက်ယွင်းနေပါလျှက်နှင့်၊ သို့ တည်းမစုတ်ပုဒ်မ ၇၄ ရှိ ပုဒ်မခွဲ (၃)၏ ပြဌာန်းချက်များကမိမိအား၊ ထိုလွှတ်တော်အမတ်အဖြစ်ဖြင့် မတက်မရောက်ရန်သော်၎င်း၊ တားမြစ်ထားခြင်းခံရပါလျက်နှင့်၊ သို့ တည်းမဟုတ် ပုဒ်မ ၇၄ ၌ပါရှိသည့် လိုအပ်သောအချက်များကိုလိုက်လျောခြင်းမပြုမီ၊ထိုသူသည်လွှတ်တော်တရပ်ရပ်သို့ အမတ်အဖြစ်ဖြင့်တက်ရောက်ခဲ့သော်၊ သို့ တည်းမဟုတ်မဲဆန္ဒပေးခဲ့သော်၊ မိမိတက်ရောက်သော၊ သို့ တည်းမဟုတ် မဲဆန္ဒပေးခဲ့သော်နေ့ ရက်များအတွက် တနေ့ လျှင်ဒဏ်ငွေ ၁၀၀၀ ဆောင်ရန်ထိုသူ၌တာဝန်ရှိရမည်။ ထိုငွေကိုပြည်ထောင်စုနိုင်ငံတော်အဝိုးရအား၊ ပေးဆပ်ရန်ရှိသောကြွေး မီကဲ့သို့ ၊ သဘောထား၍ ထိုသူထံမှတောင်းယူရမည်။

၇၆။ ။ (၁) အသက် ၂၁ နှစ်ပြည့်သည့်အပြင်၊ ဤအခြေခံဥပဒေကသော်၎င်း၊ တရားဥပဒေကသော်၎င်း လိုအပ်သောအရည်အချင်းချို့ ငဲ့သည်ဟု၊ ပြဌာန်းထားခြင်းမခံရသောနိုင်ငံသားတိုင်းသည်၊ ပါလီမန်အမတ်အဖြစ်ဖြင့် အရွေးခံယူခွင့်ရှိ

ရမည်။

(၂) အသက် ၁၈ နှစ်ပြည့်၍၊ တရားဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင်၊ ပါလီမန်အတွက် အမတ်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တရားဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်သောနိုင်ငံသားတိုင်းသည်၊ ပါလီမန်အတွက် ရွေးကောက်ပွဲတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိရမည်။

(၃) ပါလီမန်အမတ်ဖြစ်နိုင်ရေးအတွက်သော်၎င်း၊ ပါလီမန်အမတ်ရွေးကောက်ပွဲတွင် မဲဆန္ဒပေးနိုင်ရေးအတွက်သော်၎င်း၊ ပစ္စည်းဥစ္စာအရည်အချင်းမျိုးမရှိရ။

(၄) ပါလီမန်အမတ်ဖြစ်နိုင်ရေးအတွက် မည်သည့်နိုင်ငံသားကိုမျှ ကျား၊မြ ဘဝကိုသော်၎င်း၊ လူမျိုးကိုသော်၎င်း ကိုးကွယ်ရာဘာသာကိုသော်၎င်း၊ အကောင်းပြု၍လိုအပ်သောအရည်အချင်းချို့ ဲ့အောင်၊ ဥပဒေမပြုရ၊ သို့ တည်းမဟုတ်ဆက်လက်ရအတည်မဖြစ်စေရ၊ ပါလီန်အမတ်ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးနိုင်ရေးအတွက်လည်း၊ မည်သည့်နိုင်ငံသားကိုမျှ အထက်ပါအကောင်းများကိုပင်အကောင်းပြု၍၊ လိုအပ်သောအရည်အချင်းပျက်ယွင်းအောင်၊ ဥပဒေမပြုရ၊ သို့ တည်းမဟုတ်ဆက်လက်၍ အတည်မဖြစ်စေရ။

ခြွင်းချက်။ ။ သို့ ရာတွင် ပုဒ်မ ၂၁ ရှိ ပုဒ်မခွဲ (၃) တွင် မည်သို့ ပင်ရှိနေစေကာမ၌ခိုခဲ့သောအမတ်ရွေးကောက်ပွဲများတွင် မဲဆန္ဒမပေးစေရန်၊ သို့ တည်းမဟုတ် လွှတ်တော်၌အမတ်မဖြစ်စေရန်၊ မည်သည့်သာသနာ့ဝန်ထမ်းကိုမဆို တရားဥပဒေဖြင့် တားမြစ်နိုင်သည်။

(၅) မဲဆန္ဒပေးခြင်းကိုလျှို့ ှက်သောမဲဆန္ဒပေးစံနစ်ဖြင့်ပြုရမည်။

၇၇။ ။ ဤအခြေခံဥပဒေ၏ပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်အတွက်အမတ်ရွေးကောက်ပွဲဆိုင်ရာ၊ ကိစ္စအားလုံးကို၊ တရားဥပဒေနှင့်အညီသတ်မှတ်ရမည်။ ထိုကိစ္စအားလုံးတွင်၊ မဲဆန္ဒနယ်သတ်မှတ်ခြင်း၊ ရံဖန်ရံခါလစ်လပ်သောအမတ်နေရာများကိုဖြည့်သွင်းခြင်း၊ ရွေးကောက်ပွဲကျင်းပရာမှသော်၎င်း၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍သော်၎င်း ဖြစ်ပေါ်လာသောဒို့ဟဖြစ်မ၌အငြင်းပွါးမှုများကိုဆုံးဖြတ်ခြင်းတို့ ပါဝင်ရမည်။

၇၈။ ။ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏အမတ်တဦးကို အမတ်အဖြစ်မှ၊ ထွက်ခိုင်းရန်လိုအပ်သောစည်းကမ်းချက်များနှင့် နည်းနာများကိုပါလီမန်သည်၊ တရားဥပဒေဖြင့်ပြဋ္ဌန်းသတ်မှတ်နိုင်သည်။

၇၉။ ။ ပြည်ထောင်စု အစိုးရအဖွဲ့ ဝင်ဝန်ကြီးအသီးသီးနှင့် နိုင်ငံတော်ရှေ့ နေချုပ်သည်၊ လွှတ်တော်တရပ်ရပ်၌၎င်း၊ လွှတ်တော်များ၏တွဲဖက်အစည်းအဝေး၌၎င်း၊ မိမိအားကောမတဝီလူကြီးတဦးအဖြစ်ဖြင့်အမည်ထုတ်ဖော်ပြထားသော ပါလီမန်ဆိုင်ရာကော်မတီ၌၎င်း၊ ဝင်ရောက်ပြောဆိုခွင့်ရှိသည့်အပြင်၊ အခြားနည်းဖြင့်ပါဝင်ဆောင်ရွက်နိုင်ရန်လည်း အခွင့်ရရှိရမည်။ သို့ ရာတွင် ဤပုဒ်မကိုအကောင်းပြု၍ မဲဆန္ဒပေးပိုင်ခွင့်မရှိစေရ။

၈၀။ ။ (၁)ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ ပါလီမန်ဆိုင်ရာလွှတ်တော်အသီးသီးသည်၊ လွှတ်တော်၏ လုပ်ငန်းစဉ်များနှင့် မခြင်းကိစ္စဆောင်ရွက်မတို့ ကိုစည်းမျဉ်းသတ်မှတ်စေရန်နည်းဥပဒေများကိုပြုနိုင်သည်။

(၂) နိုင်ငံတော်သမ္မတသည်၊ လူမျိုးစုလွှတ်တော်နာယက၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌတို့ နှင့်ညှိနှိုင်းတိုင်ပင်ပြီးနောက်၊ လွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်းအဝေးများနှင့်စပ်လျဉ်း၍၎င်း၊ ထိုလွှတ်တော်များ၏ အချင်းချင်းဆက်သွယ်ရေးများနှင့်၎င်း၊ လုပ်ငန်းစဉ်နည်းဥပဒေများကိုပြုနိုင်သည်။

(၃) လွှတ်တော်နှစ်ရပ်၏ တွဖက်အစည်းအဝေးတွင်၊ လူမျိုးစုလွှတ်တော်နာယကသည်၊ သို့ တည်းမဟုတ် ထိုနာယကမလာမရောက်လျှင်ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌသည်၊ သို့ တည်းမဟုတ်၍ပုဒ်မအရပြုထားသော လုပ်ငန်းစဉ်နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်ပုဂ္ဂိုလ်တဦးသည် သဘာပတိအဖြစ်ဖြင့်ဆောင်ရွက်ရမည်။

၈၁။ ။ ဤအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း၊ တရားလွှတ်တော်ချုပ်မှ၊ သို့ တည်းမဟုတ်တရားလွှတ်တော်မှတရားဝန်ကြီးဦးဦးအားရာထူးမှနုတ်ပယ်ရန်အဆိုကိုဆွေးနွေးသည်မှတပါး ထိုတရားဝန်ကြီး အလုပ်ဝတ္တရားဆောင်ရွက်ရာ၌ ပြုမူသောပြုမှုချက်များနှင့် စပ်လျဉ်း၍ပါလီမန်တွင်ဆွေးနွေးခြင်းမပြုရ။

၈၂။ ။ (၁) ပါလီမန်တွင်၊ ဆောင်ရွက်သည့် မခြင်းကိစ္စသည် လွှတ်တော်များဆိုင်ရာလုပ်ငန်းစဉ်နည်းလမ်းအတိုင်းမကျနသဖြင့် မခိုင်လုံဟု မည်သည့်တရားရုံးတွင်မှငြင်းဆိုပိုင်ခွင့်မရှိစေရ။

(၂) ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်တွင် လွှတ်တော်လုပ်ငန်းစဉ်ကိုသော်၎င်း၊ မခြင်းကိစ္စဆောင်ရွက်ခြင်းကိုသော်၎င်း၊ စည်းကမ်းသတ်မှတ်ပေးရန်၊ သို့ တည်းမဟုတ်စည်းကမ်းသေဝပ်အောင်ဆောင်ရွက်ရန် ဤအခြေခံဥပဒေကသော်၎င်း၊ အာဏာများနှင်းအပ်ခြင်းခံရသောပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌအား၊ သို့ တည်းမဟုတ် လူမျိုးစုလွှတ်တော်ဥက္ကဋ္ဌအား၊ သို့ တည်းမဟုတ် လူမျိုးစုလွှတ်တော်နာယကအား၊ သို့ တည်းမဟုတ် ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၏အခြားအမတ်တဦးအား၊ ထိုအာဏာများကိုသုံးစွဲဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍၊ တရားရုံးကမစီရင်နိုင်စေရ။

အပိုင်း ၂ ။ ပြည်သူ့လွှတ်တော် ။

*

၈၃။ ။ (၁)ပြည်သူ့လွှတ်တော်တွင် တရားဥပဒေဖြင့် သတ်မှတ်ထားသော မဲဆန္ဒနယ်များမှ၊ ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်အမတ်များပါဝင်ရမည်။ သို့ ရာတွင် ကရင်အမျိုးသားကိုယ်စားလှယ် အမတ်များအတွက် ကရင်အမျိုးသားလူဦးရေ အချိုးအစားအလိုက်သတ်မှတ်ပေးရမည်ဖြစ်သော အမတ်နေရာအရေအတွက်ကို သီးသန့်ထားရန်ပြဋ္ဌာန်းချက်များကိုပြုရမည်။

(၂) ဤလွှတ်တော်အမတ်ဦးရေသည်၊ လူမျိုးစုလွှတ်တော်အမတ်ဦးရေ၏ နှစ်ဆနီးနီးဖြစ်နိုင်သမျှဖြစ်စေရမည်။ ဤလွှတ်တော်၏အမတ်ဦးရေကို အခါကာလအားလျော်စွာ တရားဥပဒေဖြင့်သတ်မှတ်ရမည်။ သို့ ရာတွင်ပြည်သူ့ လွှတ်တော်အမတ်ဦးရေကို စုစုပေါင်းကို ၁၀၀,၀၀၀ လျှင် အမတ်တဦးကျနှုန်းတွက်သဖြင့်၊ ရရှိသောအမတ်ဦးရေအောက်လျှော့၍ဖြစ်စေ၊ လူဦးရေ ၃၀,၀၀၀ လျှင် အမတ်တဦးက်နှုန်းတွက်ဖြင့် ရရှိသောအမတ်ဦးရေထက်ပို၍ဖြစ်စေမသတ်မှတ်ရ။

* ပြင်ဆင်ချက်နောက်ဆက်တွဲ “ ၆ ”

(၃) နောက်ဆုံးအကြိမ်သန်းခေါင်စာရင်းကောက်ချက်အရ၊ သိရှိရသောမဲဆန္ဒနယ်နတယ်ရှိလူဦးရေနှုန့် ထိုနယ်အတွက် ရွေးကောက်တင်မြှောက်ရမည့် အမတ်ဦးရေတို့ ၏အချိုးအစားသည်၊ ပြည်ထောင်စုနိုင်ငံတဝန်းလုံးတွင်၊ မဲဆန္ဒနယ်တိုင်း၌ တူညီနိုင်သမျှတူညီနိုင်ရမည်။ သို့ ရာတွင် ကရင်ပြည်နိုပြည်နယ်ရှိမဲဆန္ဒနယ်များနှင့် (အခန်း၃ အပိုင်း ၅ တွင် ညွှန်းထားသော) ချင်းဝိသေတိုင်းရှိ မဲဆန္ဒနယ်များအတွက်မှာမကြာ၊ အချိုးကျရနိုင်သည်ထက် အမတ်သီးရေကိုတိုးမြှင့်နိုင်သည်။

(၄) မဲဆန္ဒနယ်ရှိလူဦးရေအတိုးအလျော့ကို ထောက်ထားသင့်ည့်အတိုင်းထောက်ထား၍၊ ပါလီမန်သည် အနည်းဆုံးတနှစ်လျှင်တကြိမ်ကျ မဲဆန္ဒနယ်များကို စစ်ဆေးပြင်စဆင်ရမည်။ သို့ ရာတွင် ထိုမဲတန္ဒနယ်များနှင့်စပ်လျဉ်းသောပြောင်းလဲချက်သည်၊ ပါလီမန်၏သက်တမ်း မကုန်ဆုံးမီအကျိုးမသက်ရောက်ရ။

၈၄။ ။ (၁) ပြည်သူ့ လွှတ်တော်အတွက်အမတ်ရွေးကောက်ပွဲများကို၊ လွှတ်တော်ဟောင်းအားဖျက်သိမ်းသည့်နောက် ရက်ပေါင်း ၆၀ အောက်နောက်မကျစေဘဲ ကျင်းပရမည်။ ရွေးကောက်ပွဲများကိုပျင်းပသောအခါတိုင်း၊ ပြည်ထောင်စုနိုင်ငံဝန်းလုံး၌ မဲဆန္ဒပေးခြင်းကို တနေ့ ထဲတွင်ဖြစ်မြောက်နိုင်သမျှဖြစ်မြောက်အောင်ပြုရမည်။

(၂) ပြည်သူ့ လွှတ်တော်အစည်းအဝေးကို၊ မဲဆန္ဒများပြီးသည့်နေ့ မှစ၍၊ ရက်ပေါင်း ၆၀ အတွင်းကျင်းပရမည်။

၈၅။ ။ ပြည်သူ့ လွှတ်တော်တိုင်းသည်၊ ပဌမအစည်းအဝေးကို ကျင်းပသည့်နေ့ မှစ၍၊ လေးနှစ်တိုင်တိုင်ဆက်လက်၍တည်ရှိရမည်။

ခြွင်းချက်။ ။ သို့ ရာတွင် ပုဒ်မ ၉၄ အရ အရေးတကြီးအခြေအနေဆိုက်ရောက်သည်ဟု ကျေညာသောအမိန့်တည်နေစိုက်တွင်၊ ပါလီမန်ဆိုင်ရာလွှတ်တော်များသည် လွှတ်တော်နှစ်ရပ်၏တွဲဖက်အစည်းအဝေးသို့ တက်ရောက်မဲပေးဏသော သုံးပုံနှစ်ပုံအောက်မလျော့သည့် အမတ်များ၏အတည်ပြုချက်ဖြင့်၊ အထက်ပါလေးနှစ်ကာလကို တနှစ်ပြီး

တနှစ် ဆက်လက်၍တည်ရှိစေနိုင်သည်။

ထို့အပြင်နိုင်ငံတော်သမ္မတသည်၊ ဤအခြေခံဥပဒေရှိပုဒ်မ ၅၇ ၌ ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်သူ့လွှတ်တော်ကို အခါမရွေးဖျက်သိမ်းနိုင်သည်။

၈၆။ ။ (၁) မည်သည့်ဘဏ္ဍာတော်နှစ်အတွက်မဆို၊ ပြည်ထောင်စုနိုင်ငံ၏ အရမှန်းခြေငွေစာရင်းနှင့် အသုံးမှန်းခြေငွေစာရင်းကို ဤအခြေခံဥပဒေရှိအခန်း ၇ အရ၊ ပြည်သူ့လွှတ်တော်သို့တင်ပြပြီးသည့်နောက်၊ ထိုမှန်းခြေငွေစာရင်းများကို လွှတ်တော်ကလျင်မြန်နိုင်သမျှလျင်မြန်စွာစဉ်းစားဆွေးနွေးရမည်။

(၂) သီးခြားဥပဒေပြုခြင်းဖြင့် အထူးတလည်ပြဋ္ဌာန်းထားသောကိစ္စအတွက်မဟုတ်လျှင်၊ နှစ်အသီးသီး၏ဘဏ္ဍာရေးဆိုင်ရာဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်နိုင်ရန် လိုအပ်သောဥပဒေကို ထိုနှစ်အတွင်းတွင်ပြုရမည်။

(၃) မည်သည့်ကိစ္စအတွက်ငွေမည်မျှသုံးစွဲရမည်ဟု၊ ပြည်သူ့လွှတ်တော်သို့ ပြည်ထောင်စုအစိုးရက အဆိုသွင်းခြင်းမပြုသည့်ကာလပတ်လုံး ပြည်သူ့လွှတ်တော်သည် အခွန်တော်ကိုသုံးစွဲရန်၊ သို့တည်းမဟုတ် ပြည်သူ့ငွေများကိုသုံးစွဲရန် မဲဆန္ဒပေးခြင်းသော်၎င်း၊ ဆုံးဖြတ်ပြဋ္ဌန်းခြင်းသော်၎င်းမပြုရ၊ တရားဥပဒေကိုလည်းမပြုရ။

အပိုင်း ၃ ။ လူမျိုးစုလွှတ်တော် ။

၈၇။ ။ ဤအခြေခံဥပဒေရှိ ဒုတိယဇယား၌ခွဲဝေဖော်ပြထားသည့်အတိုင်း၊ လူမျိုးစုလွှတ်တော်တွင် အမတ်နေရာ ၁၂၅ နေရာရှိရမည်။

၈၈။ ။ (၁) ပြည်သူ့လွှတ်တော်ကိုဖြက်သိမ်းပြီးသည်နှင့်တပို့ပိုင်နက်၊ လူမျိုးစုလွှတ်တော်သည်လည်းဖြက်သိမ်းပြီးဖြစ်စေရမည်။

(၂) လူမျိုးစုလွှတ်တော်အတွက်၊ ရွေးကောက်ပွဲကို ပြည်သူ့လွှတ်တော်ဖြက်သိမ်းပြီးသည့်နောက်၊ နောက်ထပ်ရွေးကောက်သော ပြည်သူ့လွှတ်တော်၏ပဌမအစည်းဝေးကိုကျည်းပသည်မှစ၍၊ ၁၅ ရက်မြောက်နေ့မလွန်မီကျင်းပူပြီးဖြစ်စေရမည်။

၈၉။ ။ ရွေးကောက်ပွဲပြီးသည့်နောက်၊ လူမျိုးစုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေးကို၊ ဝန်ကြီးချုပ်၏ အကြံပေးချက်အရ နိုင်ငံတော်သမ္မတကသတ်မှတ်သောနေ့ရက်တွင်၊ ကျင်းပရမည်။

အပိုင်း ၄ ။ ပါလီမန်၏အာဏာများ ။

၉၀။ ။ ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်ထောင်စုနိုင်ငံတွင် ဥပဒေပြုနိုင်သောအာဏာသည်၊ ပါလီမန်၌သာတည်ရှိရမည်။

ခြွင်းချက်။ ။ သို့ရာတွင် ပါလီမန်၏အက်ဥပဒေတခုသည်၊ ထိုအက်ဥပဒေနှင့်သဘောကိုက်ညီသော နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများကိုပြုစေရန်၊ ထိုအက်ဥပဒေတွင်အထင်အရှားဖော်ပြထားသောသူတဦးဦးအားဎ၊ သို့တည်းမဟုတ် အာဏာပိုင်တဦးဦးအားသော်၎င်း၊ အခွင့်အာဏာကိုလွှဲအပ်နိုင်သည်။ ထိုနည်းဥပဒေများနှင့်စည်းမျဉ်းဥပဒေများမှာ တရားဥပဒေကဲ့သို့ အာဏာရှိရမည်၊ သို့ရာတွင်ထိုနည်းဥပဒေများနှင့်စည်းမျဉ်းဥပဒေများကို ပါလီမန်ဆိုင်ရာလွှတ်တော်အသီးသီးသို့ ၊ ဆက်လက်ကျင်းလတ္တံသောညီလာခံတွင်တင်သွင်းရမည်။ ထို့အပြင်အဆိုပါနည်းဥပဒေများအရ၊ သို့တည်းမဟုတ်စည်းမျဉ်းဥပဒေများအရအရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်သော အမကြိုစွဲ၏ခိုင်လုံခြင်းကိုမထိခိုက်စေဘဲ၊ ထိုနည်းဥပဒေများနှင့်စည်းမျဉ်းဥပဒေများကို တင်သွင်းသည့်နေ့မှစ၍၊ သုံးလအတွင်းတွင် ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံး၌ အဆိုတင်သွင်းဆုံးဖြတ်၍ ပယ်ဖျက်နိုင်ရမည် ။

၉၁။ ။ သို့ ရာတွင်ဒေသအလိုက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည်ဟူသောရည်ရွယ်ချက်သဘောတရားကို အခြေခံ၍၊ တရားဥပဒေဖြင့်သတ်မှတ်ထားသော ဒေသဆိုင်ရာကိုယ်စာလှယ်အဖွဲ့ များသို့ ၊ အုပ်ချုပ်ရေးကိစ္စ၊ ယဉ်ကျေးမှုကိစ္စ၊ စီးပွါးရေးကိစ္စများအတွက်အထင်အရှားဖေါ်ပြထားသော အာဏာများကိုလွှဲပေးရန်၊ တရားဥပဒေဖြင့်ပြဋ္ဌာန်းချက်ပြုနိုင်သည်၊ ထိုပြဋ္ဌာန်းချက်များပါဝင်သောတရားဥပဒေသည်၊ ထိုကိုယ်စာလှယ်အဖွဲ့ များ၏အခွင့်အရေးများ၊ အာဏာများနှင့်တာဝန်ဝတ္တရားများကိုလည်း၊ ထို့ အဖွဲ့ များနှင့် ပြည်ထောင်စုအစိုးရတို့ ၏ ဆက်ဆံရေးကိုလည်း၊ သတ်မှတ်ရမည်။

*

၉၂။ ။ (၁) တဆက်တည်းဖြစ်သောအောက်ပုဒ်မခွဲဖြင့်၊ ပြည်နယ်ကောင်စီများသို့ လုံးဝခွဲဝေလွှဲအပ်သောဥပဒေပြုအာဏာမှလွဲ၍၊ ပါလီမန်တွင်ပြည်ထောင်စုတနိုင်ငံလုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံ၏ တစိတ်တဒေသအတွက်ဖြစ်စေ၊ ဥပဒေများကိုပြုရန်အာဏာရှိရမည်။

ဤပုဒ်မ၌ ရှေ့ ကဖေါ်ပြခဲ့သော စည်းကမ်းချက်တို့ ၏ယေဘုယျသဘောကို အချုတ်အချယ်မဖြစ်စေဘဲ၊ ထို့ ပြင်သေချာသည်ထက်သေချာအောင်၊ တဆက်တည်းဖြစ်သော အောက်ပုဒ်မခွဲ၌မည်သို့ ပင်ဆိုထားစေကာမ၊ ပြည်ထောင်စုပါလီမန်၌သာ၌ရှိသောဥပဒေပြုမှုခွင့်အာဏာသည် (ပြည်ထောင်စု ဥပဒေပြုစာရင်းဟုဖေါ်ပြလတ္တံ့သော) ဤအခြေခံဥပဒေ၏တတိယဇယားရှိစာရင်း ၁တွင်သီးခြားရေတွက်ပြထားသောကိစ္စအားလုံးအပေါ်၌ သက်ရောက်ပြန့် နှံ့ ရမည် ကျေညာလိုက်သည်။

အဆိုပါစာရင်းတွင် သီးခြားရေတွက်ဖေါ်ပြထား ဆောင်ရွက်ဖွယ်အကောင်းအရာ အမျိုးအစားတခုခု၌၊ ပါဝင်နေသည့်ကိစ္စတခုခုသည်၊ တဆက်တည်းဖြစ်သော၊ အောက်ပုဒ်မခွဲဖြင့် ပြည်နယ်ကောင်စီများသို့ လုံးဝခွဲဝေလွှဲအပ်ထားသည့် ပြည်နယ်ဒေသန္တရသဘောသက်ဝင်သော၊ သို့ တည်းမဟုတ် ပြည်နယ်တွင်းရေးရာ သဘောသက်ဝင်သော၊ သို့ တည်းမဟုတ် ပြည်နယ်တွင်းရေးရာ သဘောသက်ဝင်သော ဆောင်ရွက်ဖွယ်အကောင်းအရာစာရင်းတွင်ပါဝင်သည်ဟုမမှတ်မယူရ။

(၂) ပြည်နယ်ဥပဒေပြုစာရင်းဟုဖေါ်ပြလတ္တံ့သောအဆိုပါဇယားရှိစာရင်း ၂ ၌ သီးခြားရေတွက်ပြထားသည့် ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ ပြည်နယ်အတွက်သော်ငင်း၊ ပြည်နယ်၏တစိတ်တဒေသအတွက်သော်ငင်း၊ ဥပဒေများကိုပြုရန် ပြည်နယ်ကောင်စီ၌သာအာဏာရှိရမည်။

(၃) မည်သည့်ပြည်နယ်ကောင်စီမဆို၊ မိမိ၏နယ်မြေများကိုသော်ငင်း၊ အာဏာများကိုသော်ငင်း၊ ပြည်ထောင်စုနိုင်ငံသို့ ဆုံးဖြတ်ချက်ချ၍၊ ပြန်အပ်နိုင်သည်။

၉၃။ ။ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် သစ်တောကိစ္စ၊ သတ္တုတွင်းကိစ္စ၊ ရေနံမြေကိစ္စ၊ သတ္တုတူးဖေါ်ပြုပြင်ရေးကိစ္စ၊ စည်းမျဉ်းသတ်မှတ်ပိုင်ခွင့် ပါရှိသည်ဖြစ်သောကောင့်၊ ပြည်ထောင်စုနိုင်ငံကသုံးစွဲပိုင်ခွင့်ရှိသောအာဏာများကို သုံးစွဲရာ၌ထိုသစ်တောများ၊ သတ္တုတွင်း၊ ရေနံမြေများကို လုပ်ကိုင်သုံးစွဲစေရန်သော်ငင်း၊ တိုးတက်အောင်ပြုစေရန်သော်ငင်း၊ အသုံးချစေရန်သော်ငင်း လက်မှတ်ကို၊ သို့ တည်းမဟုတ်လိုင်စင်ကို၊ သို့ တည်းမဟုတ်အခွင့်အာဏာလွှဲအပ်သောအခြားနည်းကိုထုတ်မပေးမီ၊ ထိုသို့ ထုတ်ပေးသော အာဏာပိုင်သည်၊ သက်ဆိုင်ရာပြည်နှံအတွက်ခန့် ထားခြင်းခံရသော ပြည်ထောင်စုအစိုးရအဖွဲ့ ဝင် ဝန်ကြီးနှင့်တိုင်ပင်ရမည်။

* ပြင်ဆင်ချက်နောက်ဆက်တွဲ “ ၂ ”

၉၄။ ။ (၁) စစ်ကောင့်ဖြစ်စေ၊ နိုင်ငံတွင်းဆူပူမခြောင့်ဖြစ်စေ၊ ပြည်ထေထောင်စုနိုင်ငံ၏တည်တံ့မကြို အန္တရယ်ဖြစ်စေအပ်သော အထူးအရေးတကြီးအခြေဖြစ်ပေးနေ ပီဟူ၍သော်ငင်း၊ ပြည်ထောင်စုနိုင်ငံကိုထိခိုက်နေသောစီးပွါးရေးအရေးတကြီးအခြေသည်၊ ပြည်ထောင်စုနိုင်ငံ၏တစိတ်တဒေသ၌ပေါ်ပေါက်နေ ပီဟူ၍သော်ငင်း၊ နိုင်ငံတော်သမ္မတက (ဤအခြေခံဥပတွင်အရေးတကြီးကောငြာချက်ဟုညွှန်ထားသော) ကျေညာချက်တရပ်ကိုထုတ်ပြန်ခဲ့သော်၊ ပုဒ်မ ၉၂ တွင်မည်သို့ ပင်ဆိုထားစေကာမ၊ ပြည်နယ်ဥပဒေပြုစာရင်းတွင် သီးခြားရေတွက်ဖေါ်ပြထားသော ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ ပြည်နယ်တနယ်အတွက်သော်ငင်း၊ ဥပဒေများကိုပြုရန်ပါလီမန်တွင်အာဏာရှိရမည်။

(၂) ဤအခြေခံဥပဒေအရ၊ ဥပဒေပြုရန် အာဏာရှိသောပြည်နယ်ကောင်စီ၏အာဏာကို၊ ဤပုဒ်မရှိစကား

ကောင့်၊ ချုတ်ချယ်ခြင်းမပြုရ၊ သို့ ရာတွင် ပြည်နယ်တရားဥပဒေ၏ ပြဋ္ဌာန်းချက်တခုခုသည်၊ ဤပုဒ်မအရဥပဒေပြုရန် အာဏာရှိသောပါလီမန်၏ ပြည်ထောင်စုတရားဥပဒေရှိပြဋ္ဌာန်းချက်တခုခုနှင့်ဆန့် ကျင်နေခဲ့သော်၊ ပြည်နယ်တရားဥပဒေ အတည်မပြုမီကဖြစ်စေ၊ ပြုပြီးမှဖြစ်စေ၊ အတည်ဖြစ်နေသောပြည်ထောင်စုတရာယးဥပဒေကိုသာလျှင်လိုက်နာရမည်။ ပြည်နယ်တရားဥပဒေသည် ပြည်ထောင်စုတရားဥပဒေအတည်ဖြစ်နေခိုက်၊ ပြည်ထောင်စုတရားဥပဒေနှင့်ဆန့် ကျင်သမျှသာ၊ အာဏာပျက်ပြယ်နေစေရမည်။

(၃) အရေးတကြီးကောညာချက်ကို[illegible]

(က) နောက်ထပ်ကောညာချက်တရပ်ထုတ်ပြန်၍ရုပ်သိမ်းနိုင်သည်။

(ခ) ခြောက်လအချိန်ကာလ မကုန်ဆုံးမီ၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ပိုလုံးက ဆုံးဖြတ်ပြဋ္ဌာန်း၍အတည် မပြုလျှင်၊ ထိုခြောက်လအချိန်ကာလကုန်ဆုံးသောအခါ၊ ထိုကျေညာချက်သည် အာဏာနတည့် မဲခြင်း မှရပ်စဲရမည်။

ခြွင်းချက်။ ။ သို့ ရာတွင် ထိုကောညာချက် အာဏာဆက်လက်တည်နေစေရန်၊ သဘောတူသောဆုံးဖြတ်ပြဋ္ဌာန်း ချက်ကို၊ ပ်လီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံးကအတည်ပြလျှင်၊ ထို့ အပြင်အတည်ပြတိုင်း ၊ ထိုကောညာချက်သည် ရုပ်သိမ်းခြင်းမခံရသေးသမျှ၊ ဤပုဒ်မခွဲအရ၊ ထိုကောညာချက်အာဏာတည်နေခြင်းမှရပ်စဲရမည့်နေ့ မှစ၍ နောက်ထပ် ၁၂ လ ကာလအတွက်ဆက်လက်အာဏာတည်ရမည်။

(၄) အရေးတကြီးကောညာချက်ထုတ်ပြန်ခြင်းကောင့်သာလျှင်ပါလီမန်ကပြုပိုင်ခွင့်ရှိ၍ ထိုပြုပိုင်ခွင့်အနှင့်အညီပြုထားသောတရားဥပဒေသည်၊ ထိုကောညာချက်အာဏာတည်ခြင်းမှ ရပ်စဲ့ပြီးသည့်နောက်ခြောက်လအချိန်ကာလကုန်ဆုံးသောအခါ၊ အဆိုပါအချိန်ကာလမကုန်ဆုံးခင်ကပြုပြီးသော၊ သို့ တည်းမဟုတ်မပြုဘဲချန်ခဲ့သောအရာများနှင့်စပ်လျဉ်း၍မှတပါး ၊အကျိုးမသက်ရောက်ရ။

၉၅။ ။ ပြည်နယ်နှစ်နယ်၏၊ သို့ တည်းမဟုတ်နှစ်နယ်ထက်ပိုသော ပြည်နယ်များ၏ပြည်နယ်ကောင်စီများသည်၊ ပြည်နယ်ဥပဒေပြုစာရင်းတွင်သီးခြားရေတွက်ဖေါ်ပြထားသောကိစ္စတခုခုအတွက် ပါလီမန်၏အက်ဥပဒေဖြင့်၊ ထိုပြည်နယ်များတွင်စည်းမျဉ်းသတ်မှတ်ပေးသင့်သည်ဟူသောအချက်ကိုအလိုရှိထိုက်သည်ဟုထင်မြင်ခဲ့သော်၊ ထို့ ပြင်ထိုပြည်နယ်ကောင်စီများက၊ ထိုသို့ အလိုရှိသည်ဟုဆုံးဖြတ်အတည်ပြုခဲ့သော်၊ ပါလီမန်သည်၊ ထိုသို့ စည်းမျဉ်းသတ်မှတ်ပေးရန်အတွက်အက်ဥပဒေတခုကိုအတည်ပြုပြဋ္ဌာန်းနိုင်ရမည်။ သို့ ရာတွင်ထိုသို့ ပြဋ္ဌာန်းလိုက်သောအက်ဥပဒေကို ထိုအက်ဥပဒေနှင့်သက်ဆိုင်သည့်ပြည်နယ်နတယ်နှင့်စပ်လျဉ်း၍၊ ထိုပြည်နယ်ကောင်စီ၏အက်ဥပဒေကပြင်နိုင်သည်။ သို့ တည်းမဟုတ် ရုပ်သိမ်းနိုင်သည်။

၉၆။ ။ (၁) ဤအခြေခံဥပဒေရှိစတုတ္ထဇယား၌ ရေတွက်ဖေါ်ပြထားသော အခွန်ထွက်ပင်ရင်းများမှ ရမည့် အခွန်တော်အားလုံးသည် ပြည်နယ်၌သော်၎င်း၊ ပြည်နယ်ကသော်၎င်း၊ ကောက်ခံရရှိသောပြည်နယ်၏အခွန်တော်ငွေတွင်ပါဝင်ရမည်

(၂) တဆက်တည်းဖြစ်သောအထက်ပုဒ်မခွဲအရ၊ ပြည်နယ်များသို့ ခွဲဝေလွှဲအပ်ထားသောအခွန်တော်များမှလွဲ၍ အခွန်တော်အားလုံးသည်၊ ပြည်ထောင်စုနိုင်ငံတော်၏အခွန်တော်တွင်ပါဝင်ရမည်။

ခြွင်းချက်။ ။ ဤကိစ္စအတွက်ခန့် ထားသော အဖွဲ့ တခုခု၏ သို့ တည်းမဟုတ်အခြားအာဏာပိုင်တခုခု၏ထောက်ခံချက်များအရထောက်ပံ့ရန် လိုအပ်သည်ဟု ဆုံးဖြတ်သတ်မှတ်သော အထောက်အပံ့ငွေများကို၊ ပြည်ထောင်စုနိုင်ငံတော်အစိုးအရသည် မိမိ၏အခွန်တော်များမှထုတ်၍ ပြည်ထောင်စု အဖွဲ့ ဝင်များ၏အခွန်တော်များကို ဖြည့်တင်းသော အားဖြင့်၊ ထိုပြည်ထောင်စုအဖွဲ့ ဝင်များ၏အစိုးရများအားပေးနိုင်သည်။

၉၇။ ။ (၁) ကုန်းတပ်၊ ရေတပ်၊ လေတပ်ဖွဲ့ စည်းထားရှိသောအခွင့်အရေးသည်၊ ပါလီမန်၌သာတည်ရှိရမည်။

(၂) ပါလီမန်ကဖွဲ့ စည်းထားရှိသော ကုန်းတပ်၊ ရေတပ်၊ လေတပ်များမှတပါး မည်သည့်ကုန်းတပ်၊ ရေတပ်၊ လေတပ်ကိုမျှသော်၎င်း၊ မည်သည့်စစ်တပ်အစည်းအရုံးကိုမျှသော်၎င်း၊ စစ်တပ်သဘောအချို့ အဝက်ပါသော် မည်သည့်အစည်းအရုံးကိုမျှသော်၎င်း၊ မည်သည့်အကောင်းကိစ္စနှင့်မျှ၊ မဖွဲ့ မစည်းမထားရှိရ၊ သို့ ရာတွင့် ဝိမ်ဝပ်ပိပြားရေးဆိုင်ရာတာဝန်ဝတ္တရားသက်သက်ကိုသာ ဆောင်ရွက်စေရန် ပြည်ထောင်စုအဖွဲ့ ဝင်တခုခု၏ အခွင့်အာဏာအရထားရှိသောရာဇ

ဝတ်အဖွဲ့ ကိုမကြား ဖွဲ့ စည်းထားရှိနိုင်သည်။

အပိုင်း ၅ ။ ဥပဒေပြုခြင်း ။

၉၈။ ။ပြည်သူ့ လွှတ်တော်တွင်စတင်တင်သွင်း၍၊ ထိုလွှတ်တော်ကပင်အတည်ပြုလိုက်သော ဥပဒေ-ခံမ်းတိုင်းကို၊ လူမျိုးစုလွှတ်တော်သို့ တင်ပို့ ရမည်။ ထိုဥပဒေ-ခံမ်းသည် ငွေဥပဒေ-ခံမ်းမဟုတ်လျှင်၊ လူမျိုးစုလွှတ်တော်က ပြင်ဆင်ချက်ပြုနိုင်၍ ပြည်သူ့ လွှတ်တော်သို့ စဉ်းစား-ဆွေးနွေးစေရန် တင်ပို့ နိုင်သည်။

၉၉။ ။ ငွေဥပဒေ-ခံမ်းမျိုးမှတပါး၊ အခြားဥပဒေ-ခံမ်းတိုင်းကို လူမျိုးစုလွှတ်တော်တွင်တင်သွင်းနိုင်၍၊ ထိုလွှတ်တော်က အတည်ပြုလိုက်လျှင်၊ ပြည်သူ့ လွှတ်တော်သို့ တင်ပို့ ရမည်။ ပြည်သူ့ လွှတ်တော်ကပြင်ဆင်ချက်ပြုနိုင်၍၊ လူမျိုးစုလွှတ်တော်သို့ ၊ စဉ်းစား-ဆွေးနွေးစေရန်ပြန်ပို့ နိုင်သည်။

၁၀၀။ ။ လွှတ်တော်တရပ်ကအတည်ပြုလိုက်၍၊ အခြားလွှတ်တော်ကလက်ခံသောဥပဒေ-ခံမ်းကို၊ ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံးက၊ အတည်ပြုသည်ဟုမှတ်ယူရမည်။

၁၀၁။ ။ အစိုးရ၏သာမန်နှစ်စဉ်အသုံးစာရိတ်များအတွက်၊ အခွန်တော်ကို၊ သို့ တည်းမဟုတ်ငွေကိုသတ်မှတ်ပေးသော ဥပဒေ-ခံမ်းသည်၊ ထိုသို့ သတ်မှတ်ခဲ့ဝေပေးသောအချက်များ၄င့်သာလျှင်၊ သက်ဆိုင်ရမည်။

၁၀၂။ ။ အခွန်စည်းကျပ်ရေးဆိုင်ရာဥပဒေ-ခံမ်းများသည်၊ အခွန်စည်းကျပ်သောအချက်များနှင့်သာသက်ဆိုင်ရမည်၊ ထိုဥပဒေ-ခံမ်းများ၌ပါရှိသည့်အခြားကိစ္စများဆိုင်ရာပြဋ္ဌာန်းချက်များကိုအကျိုးသက်ရောက်ခြင်းမဖြစ်စေရ။

ငွေဥပဒေ-ခံမ်းများ ။

၁၀၃။ ။ ငွေဥပဒေ-ခံမ်းများကို၊ ပြည်သူ့ လွှတ်တော်၌သာလျှင်၊ စတင်တင်သွင်းရမည်။

၁၀၄။ ။ ပြည်သူ့ လွှတ်တော်က အတည်ပြုလိုက်သော ငွေဥပဒေ-ခံမ်းတိုင်းကို၊ လူမျိုးစုလွှတ်တော်သို့ ၊ အကြံပေး စေရန်တင်ပို့ ရမည်။

၁၀၅။ ။ (၁) လူမျိုးစုလွှတ၌တော်သို့ အကြံပေးစေရန်တင်ပို့ သောငွေဥပဒေ-ခံမ်းတိုင်းကို၊ ထိုလွှတ်တော်သို့ တင်ပို့ပြီး သည့်နောက် ၂၁ ရက်အတွင်းတွင်၊ ပြည်သူ့ လွှတ်တော်သို့ ပြန်ပို့ ရမည်။ ပြည်သူ့ လွှတ်တော်သည်၊ လူမျိုးစုလွှတ်တော်၏အကြံပေးချက်အားလုံးကိုသော်၎င်း၊ အချို့ ကိုသော်၎င်း၊ လက်ခံနိုင်သည်၊ သို့ တည်းမဟုတ် ပယ်နိုင်သည်။

(၂) ထိုကဲ့သို့ သောငွေဥပဒေ-ခံမ်းတိုင်းကို၊ လူမျိုးစုလွှတ်တော်က ပြည်သူလွှတ်တော်သို့ ၂၁ ရက်အတွင်း တွင်ပြန်မပို့ လျှင်၊ သို့ တည်းမဟုတ်ပြည်သူ့ လွှတ်တော်က လက်မခံသောအကြံပေးချက်များဖြင့်၊ ထို ၂၁ ရက်အတွင်း တွင်ပြန်ပို့ လျှင်၊ ထိုငွေဥပဒေ-ခံမ်းသည် ၂၁ ရက်ကုန်လွန်သောအခါ၊ လွှတ်တော်နှစ်ရပ်လုံး၏အတည်ပြုချက်ကို ရသည်ဟုမှတ်ယူရမည်။

၁၀၆။ ။ (၁) ငွေဥပဒေ-ခံမ်းစူသည်မှာ၊ အောက်ပါကိစ္စများအား-လုံးနှင့်သော်၎င်း၊ တခုခုနှင့်သော်၎င်း၊ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသာ ပါဝင်သောဥပဒေ-ခံမ်းကိုဆိုလိုသည်။ ထိုကိစ္စများကား အခွန်နိတော်စည်း-ခံမ်းခြင်း၊ အခွန်တော် ရုပ်သိမ်းခြင်း၊ အခွန်တော်ချမ်းသာခွင့်ပေးခြင်း၊ အခွန်တော်စံနစ်ပြောင်းခြင်း၊ အခွန်တော်စံနစ်စည်းမျဉ်းသတ်မှတ်ခြင်း၊သို့ တည်းမဟုတ် ကြွေး မီပေးဆပ်ခြင်းအတွက်သော်၎င်း၊ အခြားဘဏ္ဍာရေးကိစ္စများအတွက်သော်၎င်း၊ ပြည်ထောင်စုနိုင်ငံ၏

အခွန်တော်မှ ကျခံစေရန်သတ်မှတ်ခြင်း၊ ထိုသို့ သောသတ်မှတ်ချက်ကိုပြင်ခြင်း၊ ထိုသို့ သောသတ်မှတ်ချက်ကိုရုပ်သိမ်းခြင်း၊ သို့ တည်းမဟုတ်ခွင့်ပြုရန်ပုံငွေသတ်မှတ်ခြင်း၊ သို့ တည်းမဟုတ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်း၊ လက်ခံခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်ပေးခြင်း၊ စာရင်းစစ်ဆေးခြင်း၊ သို့ တည်းမဟုတ် ငွေချေးယူခြင်း၊ ချေးယူငွေအတွက်အာမခံခြင်း၊ ချေးယူငွေကိုပြန်ဆပ်ခြင်း၊ ထိုကိစ္စများနှင့်သော်ငင်း၊ ဆက်သွယ်၍ဖြစ်ပေါ်လာသောကိစ္စများဖြစ်သည်။

(၂) အထက်ပုဒ်မခွဲ၌"အခွန်တော်စည်းကျပ်ခြင်း"၊ "ပြည်ထောင်စုနိုင်ငံ၏အခွန်တော်"၊ "ချေးယူငွေ" ဟူသောစကားရပ်အသီသီးယအဓိပ္ပါယ်တွင်၊ ဒေသန္တရဆိုင်ရာကိစ္စများအတွက်၊ ဒေသန္တရဆိုင်ရာအာဏာပိုင်များကသော်ငင်း၊ အဖွဲ့များကသော်ငင်း၊ စည်းကမ်းသော်အခွန် သို့တည်းမဟုတ် ကောက်ခံသောဘဏ္ဍာငွေ သို့တည်းမဟုတ် ချေးငွေ၊ မပါချေ။

၁၀၇။ ။ (၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်၊ မိမိ၏ထင်ဖြင်ချက်တွင်၊ ငွေဥပဒေကမ်းဟုယူဆသော မည်သည့်ဥပဒေကမ်းကိုမဆို၊ ငွေဥပဒေကမ်းဟုတ်မှန်ကောင်းထောက်ခံချက်ပေးရမည်။ ဤပုဒ်မတွင် ဆက်လက်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင်၊ ထိုထောက်ခံချက်သည်အရှိ ပီးအပြတ်အတည်ဖြစ်ရမည်။

(၂) ဥပဒေကမ်းတခုအား ငွေဥပဒေကမ်းဟုတ်မဟုတ် အခွင့်အရေးကော်မတီသို့ တင်ပြစဉ်းစားစေရန် လူမျိုးစုလွှတ်တော်သည်၊ အမတ်စုစုပေါင်း၏သုံးပုံနှစ်ပုံအောက်မလျော့သော အမတ်များတက်ရောက်သည့် အစည်းဝေးတခုတွင် အတည်ပြုသောပြဋ္ဌာန်းချက်ဖြင့်၊ နိုင်ငံတော်သမ္မတအားပန်ကားနိုင်သည်။

(၃) နိုင်ငံတော်သမ္မတသည်၊ မိမိ၏သဘောအတိုင်း၊ ထိုပန်ကားချက်ကို လိုက်လျောရန်ဆုံးဖြတ်လျှင်၊ အခွင့်အရေးကော်မတီတခုကိုခန့် ရမည်။ ထိုကော်မတီတွင် ပြည်သူ့လွှတ်တော်နှင့်လူမျိုးစုလွှတ်တော်တို့မှ အမတ်ဦးရေအညီအမျှပါဝင်ရမည့်အပြင်၊ တရားလွှတ်တော်ချုပ်မှတရားဝန်ကြီးတဦးကိုလည်း၊ သဘာပတိအဖြစ်ဖြင့်လည်းခန့် ရမည်။

မဲဆန္ဒအရေအတွက်တူညီနေသော ကိသစ္စ၌သာလျှင် သဘာပတိ၌ မဲဆန္ဒပေးကိုင်ခွင့်ရှိရမည်။

(၄) ထိုသို့ ခန့် အပ်လိုက်သောအခွင့်အရေးကော်မတီသို့ နိုင်ငံတော်သမ္မတသည်၊ ထိုပြဿနာကိုပေးပို့ထောက်လှမ်းရမည်။ ဥပဒေကမ်းကိုလူမျိုးစုလွှတ်တော်သို့ ပေးပို့ ပီးသည့်နောက်တနေ့မှစ၍ ၂၁ ရက်အတွင်းတွင် ထိုကော်မတီသည် မိမိ၏ယူဆချက်ကိုနိုင်ငံတော်သမ္မတထံသို့ တင်သွင်းအစီအရင်ခံရမည်။

(၅) အစီအရင်ခံချက်ကိုအခြေပြု၍နိုင်ငံတော်သမ္မတက မိမိ၏သဘောအတိုင်းချမှတ်သောဆုံးဖြတ်သည်၊ အပြီးအပြတ်အတည်ဖြစ်ရမည်။

၁၀၈။ ။ နိုင်ငံတော်သမ္မတသည် လူမျိုးစုလွှတ်တော်၏ ပန်ကားချက်ကိုမလိုက်လျောဟု မိမိသဘောအတိုင်းဆုံးဖြတ်လျှင်၊ သို့ တည်းမဟုတ်အခွင့်အရေးကော်မတီသည် အထက်ပါသတ်မှတ်ထားသောအချိန်အတွင်းတွင် အစီရင်ခံရန်ပြက္ခဒိန်လျှင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဟုတ်မှန်ကောင်းထောက်ခံချက်သည် အတည်ဖြစ်ရှိ မဲဖြစ်ရမည်။

၁၀၉။ ။ လွှတ်တော်တရပ်ကအခြားဥပဒေကမ်းတခုခုကိုတည်ပြုလိုက်၍၊ အခြားလွှတ်တော်ကထိုဥပဒေကမ်းကိုပယ်ချလျှင်၊ သို့ တည်းမဟုတ်အတည်ပြုရန်ပျက်ကွက်လျှင်၊ သို့ တည်းမဟုတ်ထိုဥပဒေကမ်းကိုစတင်တင်သွင်းသည့်လွှတ်တော်ကလက်မခံသောပြင်ဆင်ချက်များဖြင့်အတည်ပြုလိုက်လျှင်၊ နိုင်ငံတော်သမ္မတသည်လွှတ်တော်နှစ်ရပ်၏တွဲဖက်အစည်းအဝေးကိုကျင်းပစေရမည်။

တွဲဖက်အစည်းအဝေးသို့ တက်ရောက်ကသောလွှတ်တော်အမတ်များသည်၊ ဥပဒေကမ်းကိုစတင်တင်သွင်းသောလွှတ်တော်က အတည်ပြုလိုက်သည့် ဥပဒေကမ်းနှင့်တကွ၊ အခြားလွှတ်တော်ကပြု ပီးဖြစ်သောပြင်ဆင်ချက်များရှိလျှင်၊ ထိုပြင်ဆင်ချက်များကိုပါ၊ စဉ်းစားဆွေးနွေးနိုင်ရန် မဲဆန္ဒပေးရမည်၊ အကယ်၍အစည်းအဝေးသို့ တက်ရောက်မဲပေးကသောလွှတ်တော်နှစ်ရပ်အမတ် စုစုပေါင်း၏အမတ်များရာက၊ ပြင်ဆင်ချက်များပါလျှင်၊ ထိုပြင်ဆင်ချက်များပါသော ဥပဒေကမ်းကိုအတည်ပြုလိုက်သော်၊ ခိုဥပဒေကမ်းသည် လွှတ်တော်နှစ်ရပ်လုံး၏ အတည်ပြုချက်ကိုရယူသည်ဟုမှတ်ယူရမည်။

ခြွင်းချက်။ ။ သို့ ရာတွင်တွဲဖက်အစည်းအဝေး၌[illegible]

(က) လွှတ်တော်တရပ်ကအတည်ပြု ပီးဖြစ်သောဥပဒေကမ်းကို၊ အခြားလွှတ်တော်ကပယ်ချ၍၊ စတင်တင်သွင်း

သောလ္ဟတ်တော်သို့ ပြန်ပို့ လျှင်၊ ထိုဥပဒေကိုအတည်ပြုရန်အချိန်ကာန့် ကာသောကောင့် ပြုအပ်သောပြင်ဆင်ချက်များမှ တပါး၊ အခြားမည်သည့်ပြင်ဆင်ချက်အဆိုကိုမျှမတင်သွင်းရ။

(ခ) ဥပဒေကာမ်းကိုအခြားလ္ဟတ်တော်တရပ်က ပြင်ဆင်ချက်များထည့်၍အတည်ပြု ပီးနောက် စတင်တင်သွင်း သောလ္ဟတ်တော်သို့ ပြန်ပို့ လျှင်မကြာ၊ အပိုဒ် (က) တွင်ဖေါ်ပြခဲ့သောပြင်ဆင်ချက်အဆိုများနှင့် လ္ဟတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များနှင့်ဆိုင်သောပြင်ဆင်ချက်အဆိုများကိုတင်သွင်းရမည်။

ထို့ပြင်၊ ဤပုဒ်မအရခွင့်ပြုထိုက်သော ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်သော သူ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ရမည်။

၁၁၀။ ။ (၁) ပါလီမန်ဆိုင်ရာလ္ဟတ်တော်နှစ်ရပ်လုံး၏ညီလာခံမရှိခိုက်၊ မည်သည့်အခါမျိုးဖြစ်မဆို၊ နိုင်ငံတော်သမ္မတသည်၊ ချက်ချင်းအရေးယူရန်လိုအပ်သောကိစ္စများ ပေါ်ပေါက်လာသည်ဟုယူဆလျှင်၊ ထိုကိစ္စများပေါ်ပေါက်လာသည့်အလျောက် လိအပ်သည်ဟုထင်မြင်သော တချက်လ္ဟတ်ဥပဒေများကိုထုတ်ပြန်ကောညာနိုင်သည်။ ဤပုဒ်မအရ ထုတ်ပြန်ကောညာသောတချက်လ္ဟတ်ဥပဒေသည်၊ နိုင်ငံတော်သမ္မတကသဘောတူ ပီးဖြစ်သော ပါလီမန်၏အက်ဥပဒေကဲ့သို့ ၊ အကျိုးသက်ရောက်၍အတည်ဖြစ်ရမည်။

(၂) ထိုကဲ့သို့ သောတချက်လ္ဟတ်ဥပဒေတိုင်းကို ကြိုတင်နုတ်သိမ်းထား ပီးမဟုတ်လျင်၊ ထုတ်ပြန်ကျေညာသည့်နေ့ မျစ၍၊ ၄၅ ရက်အတွင်း၌၊ နိုင်ငံတော်သမ္မတသည်၊ ထိုတချက်လ္ဟတ်ဥပဒေကိုပါလီမန်ဆိုင်ရာလ္ဟတ်နှစ်ရပ်လုံးသို့ တင်ပြရမည်။ ပြည်သူ့ လ္ဟတ်တော်ပြန်လည်စည်းဝေးဝည့်နေ့ မှ ၁၅ ရက်ကုန်လွန်သောအခါ၌ဖြစ်စေ၊ လူမျိုးစုံပြန်လည်စည်းဝေးသောနေ့ မှ ၁၅ ရက်ကုန်လွန်သောအခါ၌ဖြစ်စေ၊ နောက်ကျရာနေ့ တွင်၊ ထိုတချက်လ္ဟတ်ဥပဒေသည် အတည်ဖြစ်နေခြင်းမှရပ်စံရမည်။

ခြွင်းချက်။ ။ သို့ ရာတွင်နိုင်ငံတော်သမ္မတသည်၊ ပါလီမန်ဆိုင်ရာလ္ဟတ်တော်နှစ်ရပ်လုံး၏သဘောတူညီချက်ဖြင့် ထိုတချက်လ္ဟတ်ဥပဒေကို၊ လိုအပ်သောကာလအပိုင်းအခြားအထိ၊ ဆက်လက်အတည်ဖြစ်စေနိုင်သည်။

(၃) တချက်လ္ဟတ်ဥပဒေထုတ်ပြန်ကောညာသည့်နေ့ မှစ၍ ၄၅ ရက်အတွင်း၌နုတ်သိမ်း ပီးကဖစ်လျှင်၊ ထိုတချက်လ္ဟတ်ဥပဒေကို ပါလီမန်သို့ ၊ ဆက်လက်ကျင်းပလတ္တံ့သောညီလာခံတွင်တင်ပြရမည်။

(၄) ဤပုဒ်မအရ၊ တချက်လ္ဟတ်ဥပဒေတခုတွင်၊ ဤအခြေခံဥပဒေအရ၊ ပါလီမန်ကမပြုနိုင်သော ပြဋ္ဌာန်းချက်ပါရှိလျှင်၊ ပါရှိသောထိုပြဋ္ဌာန်းချက်သည်ပျက်ပြယ်ရမည်။

လက်မှတ်ထိုးခြင်းနှင့် ထုတ်ပြန်ကောညာခြင်း ။

၁၁၁။ ။ (၁) ဥပဒေကာမ်းတခုကို ပါလီမန်ဆိုင်ရာ လ္ဟတ်တော်နှစ်ရပ်လုံးက အတည်ပြုလိုက်သည်နှင့် တပြိုင်နက်၊ ထိုဥပဒေကာမ်းကို ဤပုဒ်မရှိပြဋ္ဌာန်းချက်များနှင့်အညီ လက်မှတ်ရေးထိုးရန်နှင့် အက်ဥပဒေတရပ်အဖြစ်ဖြင့်ထုတ်ပြန်ကောညာရန် ထိုဥပဒေကာမ်းကို နိုင်ငံတော်သမ္မတထံသို့ တင်ပြရမည်။

(၂) ဤအခြေခံဥပဒေ၌၊ အခြားပြဋ္ဌာန်းချက်ပြုထားခြင်းမရှိလျှင်၊ မိမိထံသို့ တင်ပြသောဥပဒေကာမ်းတိုင်းကို နိုင်ငံတော်သမတ္တသည် ၊တင်ပြု ပီးသည့် နောက်တနေ့ မှစ၍ ၇ရက်အော ကနောက်မကျစေဘဲ၊ လက်မှတ်ရေးထိုးရမည်။

(၃) ဥပဒေကာမ်းတခုခုကို နိုင်ငံတော်သမ္မတသည်၊ မိမိထံသို့ တင်ပြု ပီးသည့်နောက်နေ့ မှစ၍ ၇ ရက်အတွင်း၌၊ လက်မှတ်မထိုးလျှင် ထိုဥပဒေကာမ်းသည်၊ ၇ ရက်မြောက်သောနေ့ တွင်၊ နိုင်ငံတော်သမ္မတ၏လက်မှတ်ရေးထိုးချက်ကို ရဘိသကဲ့သို့ အက်ဥပဒဖြစ်လာရမည်။

၁၁၂။ ။ (၁) ဤအခြေခံဥပဒေအရ၊ နိုင်ငံတော်သမ္မတကလက်မှတ်ရေးထိုးသော၊ သို့ တည်းမဟုတ်လက်မှတ်ရေးထို့ ပီသည်ဟုမှတ်ယူအပ်သောဥပဒေကာမ်းတိုင်းသည်၊ ဥပဒေကာမ်းကိုလက်မှတ်ရေးထိုးသော၊ သို့ တည်းမဟုတ် လက်မှတ်ထိုး ပီးသည်ဟုမှတ်ယူအပ်သောနေ့ မှစ၍ အက်ဥပဒေဖြစ်လာရမည်။

(၂) ထိုကဲ့သို့ သောဥပဒေတိုင်းကို၊ နိုင်ငံတော်သမ္မတ၏အမိန့် အရ၊ အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကောညာရမည်။ ထိုအက်ဥပဒေ၌၊ သီးခြားညွှန်ကားချက်မပါလျှင်၊ ထုတ်ပြန်ကောညာသောနေ့ ၌အာဏာတည်ရမည်။

၁၁၃။ ။ နိုင်ငံတော်သမ္မတလက်မှတ်ထိုးသော အက်ဥပဒေများနှင့် တချက်လှုတ်ဥပဒေများ၏စာမျက်နှာကို တရားလှုတ်တော်ချုပ်၏ အတွင်းဝန်ရုံးတွင်မော်ကွန်းတင်ရမည်။ ထိုစာမျက်နှာသည် အဆိုပါအက်ဥပဒေ၏ သို့ တည်းမဟုတ် တချက်လှုတ်ဥပဒေ၏ပြဋ္ဌာန်းချက်များအတွက်၊ အူ ပီးသတ်သက်သေ အထောက်အထားဖြစ်ရမည်။

အခန်း ၇ ။

ပြည်ထောင်စုအစိုးရ ။

*

၁၁၄။ ။ နိုင်ငံတော်သမ္မတသည်၊ ပြည်ထောင်စုနိုင်ငံအစိုးရအဖွဲ့ ကိုပုဒ်မ ၅၆ အရခန့် ထားသောဝန်ကြီးချုပ်နှင့်ဝန်ကြီးများဖြင့်ဖွဲ့ စည်းရမည်။

၁၁၅။ ။ အစိုးရအဖွဲ့ သည်၊ ပြည်သူ့ လှုတ်တော်အား၊ အဖွဲ့ လိုက်စုပေါင်းတာဝန်ခံရမည်။

**

၁၁၆။ ။ အစိုးရအဖွဲ့ ဝင်ဝန်ကြီးတဦးသည်၊ ခြောက်လမျှတဆက်တည်းပါလီမန်မဟုတ်လျှင်၊ ထိုကာလအပိုင်းအခြားကုန်ဆုံးသောအခါ၊ အစိုးရအဖွဲ့ ဝင်ဝန်ကြီးအဖြစ်မှရပ်စဲရမည်။

၁၁၇။ ။ (၁) နိုင်ငံတော်သမ္မတ၏လက်သို့ မိမိ၏နုတ်ထွက်လွှာကိုပေးအပ်ခြင်းဖြင့်၊ ဝန်ကြီးချုပ်သည် အခါမရွေး၊ ရထူးမှ၊ ရာထူးမှနုတ်ထွက်နိုင်သည်။

(၂) နိုင်ငံတော်သမ္မတထံသို့ တင်သွင်းစေရန် မိမိနုတ်ထွက်လွှာကို ဝန်ကြီးချုပ်လက်သို့ ပေးအပ်ခြင်းဖြင့်၊ မည်သည့်အစိုးရအဖွဲ့ ဝင်ဝန်ကြီးမဆို၊ ရာထူးမှနုတ်ထွက်နိုင်သည်။ တဆက်တည်းဖြစ်သောအောက်ပုဒ်မခွဲအရ နိုင်ငံတော်သမ္မတကလက်ခံသောအခါ ထိုသို့ နုတ်ထွက်ခြင်းသည်အတည်ဖြစ်ရမည်။

(၃) ဝန်ကြီးချုပ်ကအကြံပေးခဲ့လျှင်၊ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်၏နုတ်ထွက်ခြင်းကိုမှတပါး၊ အခြားမည်သည့်ဝန်ကြီး၏နုတ်ထွက်ကိုမဆိုလက်ခံရမည်။

၁၁၈။ ။ ဝန်ကြီးချုပ်သည်၊ မိမိသဘောအရ လုံလောက်သောအကောင်းများရှိသည်ဟုထင်မြင်လျှင်၊ အစိုးရအဖွဲ့ ဝင်ဝန်ကြီးတဦးအား မည်သည့်အချိန်အခါ၌မဆို၊ ရာထူးမှနုတ်စေရန်တောင်းဆိုနိုင်သည်။ အကယ်၍ သက်ဆိုင်ရာဝန်ကြီးသည် ထိုတောင်းဆိုချက်ကိုလိုက်နာဆောင်ရွက်ခြင်းမပြုဘဲပျက်ကွက်ခဲ့သော်၊ ထိုဝန်ကြီးအား၊ ဝန်ကြီးချုပ်ကရာထူးမှရပ်စဲရေန်အကြံပေးခဲ့လျှင်၊ နိုင်ငံတော်သမ္မတသည် ထိုဝန်ကြီးကိုရာထူးမှရပ်စဲစေရမည်။

၁၁၉။ ။ ဝန်ကြီးချုပ်သည်၊ ပြည်သူ့ လှုတ်တော်တွင် အမတ်များရာ၏ထောက်ခံမကြို့မရသောအခါ၊ ရာထူးမှနုတ်ထွက်ရမည်။ သို့ ရာတွင် ဝန်ကြီးချုပ်၏အကြံပေးချက်အတိုင်း၊ နိုင်ငံတော်သမ္မတက ပုဒ်မ ၅၇ အရ၊ ပါလီမန်ကိုဖျက်သိမ်း၍၊ ထိုသို့ ဖျက်သိမ်း ပီးနောက်၊ ပါလီမန်ကိုတဖန်ပြန်လည်ကျင်းပစည်းဝေးသောအခါ၊ ထိုဝန်ကြီးချုပ်သည်ပြည်သူ့ လှုတ်တော်တွင်အမတ်များရာ၏ ထောက်ခံမကြို့ပြန်လည်ရရှိလျှင်၊ မိမိ၏ရာထူးမှပြန်လည်နုတ်ထွက်ရန်မလို။

* ပြင်ဆင်ချက်နောက်ဆက်တွဲ " ၂ "

** ပြင်ဆင်ချက်နောက်ဆက်တွဲ " ၈ "

၁၂၀။ ။ (၁) ဝန်ကြီးချုပ်သည် မည်သည့်အခါ၌မဆို ရာထူးမှနုတ်ထွက်လျှင် ဝန်ကြီးများသည်လည်း၊ မိမိတို့ ၏ရာထူးမှနုတ်ထွက်သည်ဟုမှတ်ယူရမည်။ သို့ ရာတွင်ရာထူးများ၌ဆက်ခံထမ်းရွက်မည့် ဝန်ကြီးချုပ်နှင့်ဝန်ကြီးများကိုခန့် ထားပီးသည့်တိုင်အောင်၊ လက်ရှိဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည်၊ မိမိတို့ ၏တာဝန်ဝတ္တရားများကိုဆက်လက်ဆောင်ရွက်ရာရ

မည်။

(၂) ပါလီမန်ကိုဖျက်သိမ်းသည့်နေ့ ရက်က ရာထူးလက်ရှိဖြစ်ဧာသောအစိုးရအဖွဲ့ ဝင်ဝန်ကြီးများသည်၊ ရာထူးဆက်ခံထမ်းရွက်မည့် ဝန်ကြီးများကိုခန့် ထားသည့်တိုင်အောင်၊ မိမိတို့ ၏ရာထူးများတွင် ဆက်လက်တည်ရှိနေဧာရမည်။

၁၂၁။ ။ (၁) ပြည်ထောင်စုအစိုးရ၏အုပ်ချုပ်မည်ဆိုင်ရာ အရေးယူဆောင်ရွက်ချက်အားလုံးကို ပြည်ထောင်စုနိုင်ငံတော်သမ္မတ၏ အမည်ဖြင့်အရေးယူသည်ဟု ဖေါ်ပြရမည်။

(၂) နိုင်ငံတော်သမ္မတ၏အမည်ဖြင့် ထုတ်ပြန်သော အမိန့် များနှင့်တကွ စာချွန်တော်များကို၊ နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းသည့်နည်းဥပဒေများတွင်ဖေါ်ပြထားသောနည်းလမ်းများနှင့်အညီ၊ ဟုတ်မှန်ကောင်းထင်ရှားစေရမည်။ ထို့ပြင်ထို့ သို့ ဟုတ်မှန်ကောင်းထင်ရှားအောင်ပြုထားသောအမိန့် ၊ သို့ တည်းမဟုတ်စာချွန်တော်သည် နိုင်ငံတော်သမ္မတ၏အမိန့် ၊ စာချွန်တော်များမဟုတ်သောကောင့် မခိုင်လုံဟုငြင်းဆိုပိုင်ခွင့်မရှိစေရ။

(၃) မိမိ၏သဘောအတိုင်း ဆောင်ရွက်ရန်ဤအခြေခံဥပဒေက ပြဋ္ဌာန်းသည့်မခြွင်းကိစ္စမှလွဲ၍၊ ပြည်ထောင်စုအစိုးရဆောင်ရွက်အပ်သော မခြွင်းကိစ္စအတွက်၎င်း၊ အဆိုပါမခြွင်းကိစ္စကို ဝန်ကြီးများအားခွဲဝေပေးရန်၎င်း၊ နိုင်ငံတော်သမ္မတသည် နည်းဥပဒေများကိုပြဋ္ဌာန်းရမည်။

အထက်ကပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ တာဝန်ဝတ္တရားများကိုနယ်မြေဒေသလိုက်ခွဲဝေနိုင်သည့်အပြင်၊ အစိုးရဌာနဆိုင်ရာလုပ်ငန်းအလိုက်လည်းခွဲနိုင်သည်။

၁၂၂။ ။ ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်လျှင်၊ ပြည်ထောင်စုနိုင်ငံ၏ အုပ်ချုပ်မှုဘွင့်အာဏာသည်၊ အောက်ပါကိစ္စများသို့ သက်ရောက်ပြန့် နှံ့ သည်။

(က) ပါလီမန်ကဥပဒေပြုနိုင်သောကိစ္စများ။

(ခ) ပြည်ထောင်စုနိုင်ငံအပတွင်ဖွဲ့ စည်း၍ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့်ပြည်ထောင်စုနိုင်ငံတော်တပ်ချနေသော၊ သို့ တည်းမဟုတ်ပြည်ထောင်စုနိုင်ငံတော်ကအသုံးပြုရန်၊ လွှဲအပ်ခြင်းခံရသောလက်နက်ကိုင်စစ်တပ်များကို ထိုကိစ္စအတွက် ပြည်ထောင်ချင်းချင်းစာချုပ်၊ သို့ တည်းမဟုတ်သဘောတူညီချက်တွင်ပါဝင်သောပြဋ္ဌာန်းချက်များနှင့်လျော်ညီစွာ အုပ်ချုပ်ရန်ကိစ္စများ။

၁၂၃။ ။ (၁) ပါလီမန်၏သဘောတူညီချက်ကိုမရဘဲ၊ စစ်မကျေညာရ။ ပြည်ထောင်စုနိုင်ငံသည်လည်းစစ်ထဲ၌မပါဝင်ရ။

(၂) သို့ ရာတွင် အပြင်အပမှထိပါးတိုက်ခိုက်လာသောအခါ၌သော်၎င်း၊ ထိုသို့ ထိပါးအံ့ဆဲဆဲအခါ၌သော်၎င်း၊ အစိုးရသည်ပြည်ထောင်စုနိုင်ငံကိုကာကွယ်စောင့်ရှောက်ရန်လိုအပ်သည်ဟုယူစလျှင်၊ လိုအပ်သည်ဟုယူဆသည့်အတိုင်း၊ အရေးယူဆောင်ရွက်နိုင်သည်။ ထို့ ပြင်ပါလီမန်ညီလာခံကျင်းပနေဆဲမဟုတ်လျှင်၊ အလျှင်အမြန်ဆုံးဆင့်ခေါ်၍ ညီလာခံကို ကျင်းပစေရမည်။

၁၂၄။ ။ ပြည်တွင်းရေးရာ၊ ပြည်ထောင်ချင်းချင်းရေးရာ အားလုံးနှင့်စပ်လျဉ်းသောသဘောထားဝါဒများကိုဝန်ကြီးချုပ်သည်၊ နိုင်ငံတော်သမ္မတအားအကောင်းဧာားနေရမည်။

၁၂၅။ ။ (၁) ပြည်ထောင်စုအစိုးရသည်၊ ဘဏ္ဍာတော်နှစ်အတိုင်း တနှစ်အတွက်ပြည်ထောင်စုနိုင်ငံ၏အရပ်မှန်းခြေစာရင်းနှင့်အသုံးမှန်းခြေစာရင်းများကိုပြု၍ ထိုစာရင်းများကို ပြည်သူ့ လွှတ်တော်သို့ စဉ်းစားဆွေးနွေးစေရန် တင်ပြရမည်။

(၂) အသုံးမှန်းခြေငွေစာရင်းကိစ္စ၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်ခွဲဝေလျာထားခြင်းကိစ္စ၊ ထိုသို့ တင်ပြခြင်း၊ လျာထားခြင်းတို့ နှင့်သက်ဆိုင်သောကိစ္စများနှင့်စပ်လျဉ်း၍၊ ပါလီမန်ဆိုင်ရာလွှတ်တော်များတွင်၊ လိုက်နာရမည့်လုပ်ငန်းစဉ်ကို ဤအခြေခံဥပဒေကပြဋ္ဌာန်းထာ၌ ပီးမရှိလျှင်၊ တရားဥပဒေနှင့်အညီပြဋ္ဌာန်းရမည်။

နိုင်ငံတော်ရှေ့ နေချုပ် ။

၁၂၆။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ ဝန်ကြီးချုပ်ကအမည်တင်သွင်းသော တရားလွှတ်တော်ရှေ့ နေတဦးကို၊ နိုင်ငံ

တော်ရှေ့ နေချုပ်အချုပ်အဖြစ်ခန့် ထားရမည်။

(၂) နိုင်ငံတော်ရှေ့ နေချုပ်၏တာဝန်ဝတ္တရားများမှာ၊ ဥပဒေနှင့်ဆိုင်သည့်ကိစ္စများတွင်၊ အစိုးရအကြံပေးရန်ဖြစ်သည်။ ထို့ပြင်အခါကာလအားလျော်စွာ၊ နိုင်ငံတော်သမ္မတကဆောင်ရွက်စေရန်လွှဲအပ်သော၊ ဥပဒေနှင့်ဆိုင်သည့်အခြားတာဝန်ဝတ္တရားများကိုလည်း ဆောင်ရွက်ရန်ဖြစ်သည်။

၁၂၇။ ။ (၁) နိုင်ငံတော်သမ္မတထံသို့ တင်သွင်းရန်ဖြစ်သော နုတ်ထွက်စာကိုဝန်ကြီးချုပ်အား ပေးအပ်ခြင်းဖြင့်၊ နိုင်ငံတော်ရှေ့ နေချုပ်သည်၊ အခါမရွေးရာထူးမှနုတ်ထွက်နိုင်သည်။

(၂) ဝန်ကြီးချုပ်သည်၊ လုံလောက်သောအကောင်းအချက်များရှိသည်ဟုထင်မြင်လျှင်၊ နိုင်ငံတော်ရှေ့ နေချုပ်အား၊ ရာထူးမှနုတ်ထွက်ရန်၊ တောင်ဆိုနိုင်သည်။

(၃) ထိုတောင်းဆိုချက်ကို နိုင်ငံတော်ရှေ့ နေချုပ်ကမလိုက်နာခဲ့သော်၊ နိုင်ငံတော်သမ္မတသည်၊ ဝန်ကြီးချုပ်ကအကြံပေးလျှင်၊ နိုင်ငံတော်ရှေ့ နေချုပ်ကိုရာထူးမှရပ်စဲစေရမည်။

(၄) ဝန်ကြီးချုပ်နုတ်ထွက်သော်အခါ၊ နိုင်ငံတော်ရှေ့ နေချုပ်သည်လည်း မိမိ၏ရာထူးမှနုတ်ထွက်ရမည်။ သို့ ရာတွင်ဝန်ကြီးချုပ်၏ရာထူးကိုဆက်ခံမည့်ပုဂ္ဂိုလ်အား။ ခန့် ထားသည့်အချိန်အထိ မိမိ၏တာဝန်ဝတ္တရားများကကိုဆက်လက်ဆောင်ရွက်နိုင်သည်။

(၅) ဤအခြေခံဥပဒေရှိ အထက်ကပြဋ္ဌာန်းခဲ့သောပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ နိုင်ငံတော်ရှေ့ နေချုပ်ရာထူးနှင့်တကွ ၊ နိုင်ငံတော်ရှေ့ နေချုပ်အား ပေးရမည့်လစာစရိတ်တို့ ကိုတရားဥပဒေဖြင့်သတ်မှတ်ရမည်။

နိုင်ငံတော်စာရင်းစစ်ချုပ် ။

၁၂၈။ ။ ပါလီမန်နှင့်ပြည်နယ်ကောင်စီများ၏အခွင့်အာဏာဖြင့်၊ ထို့ အပြင်အခွင့်အာဏာအရ၊ ပြည်ထောင်စုအစိုးရကိုယ်စားဌေထုတ်ပေးရေးကိစ္စအားလုံးကိုကြီးကပ်အုပ်ချုပ်စေရန်၎င်း၊ စီမံခန့် ခွဲရသောဌေများ၏စာရင်းအားလုံးကိုစစ်ဆေးရန်၎င်း၊ နိုင်ငံတော်စာရင်းစစ်ချုပ်ရှိရမည်။

*

၁၂၉။ ။ နိုင်ငံတော်သမ္မတသည်၊ ဝန်ကြီးချုပ်နှင့်ညှိနိုင်းတိုင်ပင်ပြီး၎င်း၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံး၏ သဘောတူချက်အရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်ကိုခန့် ထားရမည်။ ရာထူးမှနုတ်ပယ်သောအခါ၌လည်း လွှတ်တော်ဝန်ကြီးတဦးကိုရာထူးမှနုတ်ပယ်သောနည်းအတိုင်း၊ ထိုတရားဝန်ကြီးကိုနုတ်ပယ်ရာတွင်လိုအပ်သောအကောင်းမျိုးဖြစ်သာလျှင်၊နုတ်ပယ်ရမည်။ နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ပါလီမန်ဆိုင်ရာမည်သည့်လွှတ်တော်အမတ်မျှမဖြစ်စေရ၊ အစိုးရရှင့်သက်ဆိုင်သည်ဖြစ်စေ မသက်ဆိုင်သည်ဖြစ်စေ၊ လစာစရိတ်ကောင်ဌေရသောအခြားရာထူးဌာနန္တရတခုခုကိုမခံယူရ၊ နိုင်ငံတော်စာရင်စစ်ချုပ်သည်၊ မိမိရာထူးမှရပ်စဲသောအခါ၊ ပြည်ထောင်စုနိုင်ငံ၏၊ သို့ တည်းမဟုတ်ပြည်နယ်များ၏အစိုးရလက်အောက်တွင်နောက်ထပ်ရာထူးရယူနိုင်ခွင့်မရှိရ။

၁၃၀။ ။ ပြည်ထောင်စုနိုင်ငံဝန်ထမ်းအားလုံးနှင့်စပ်လျဉ်း၍၊ အသုံးချေတာခြင်း၊ ရာထူးအရေအတွက်လျှော့ခြင်းပြုသောအခါတွင်၊ နိုင်ငံတော်စာရင်းစစ်ချုပ်သည် မိမိ၏လစာကို လျှော့စေရန်မိမိအလိုအလျောက်သဘောမတူခဲ့သော်၊ နိုင်ငံတော်စာရင်းစစ်ချုပ်ကိုခန့် ထားရ ပြီးမှ၊ သူ၏လစာကိုသော်၎င်း။ အခွင့်ယူခြင်းနှင့်၊ သို့ တည်းမဟုတ် ပင်စင်ယူခြင်းနှင့် စပ်လျဉ်း၍ အခွင့်အရေးများကိုသော်၎င်း၊ သူ့ အကျိုးနစ်နာအောင်ပြောင်းလဲခြင်းမပြုရ။

၁၃၁။ ။ နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ပြည်ထောင်စုနိုင်ငံနှင့်ပြည်နယ်များ၏ ဌေစာရင်းများဆိုင်ရာအစီအရင်ခံစာများကို တရားဥပဒေကသတ်မှတ်ဖေါ်ပြထားသောအချိန်ကာလများတွင်၊ ပြည်သူ့ လွှတ်တော်သို့ တင်ပြရမည်။

၁၃၂။ ။ အထက်ကဖေါ်ပြခဲ့သော် ပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ နိုင်ငံတော်စာရင်းစစ်ချုပ်ရာထူးဆိုင်ရာစည်းကမ်းချက်များကို တရားဥပဒေဖြင့်သတ်မှတ်ရမည် ။

* ပြင်ဆင်ချက်နောက်ဆက်တွဲ “ ၂ ”

အခန်း ၈ ။

ပြည်ထောင်စု၏တရားစီရင်ရေး ။

၁၃၃။ ။ ပြည်ထောင်စုနိုင်ငံတဝှန်လုံး၌၊ တရားစီရင်ရေးကိစ္စကို ဤအခြေခံဥပဒေအရသော်၎င်း၊ တရားဥပဒေအရသော်၎င်း၊ တည်ထောင်ထားသော တရားရုံးများတွင်၊ ဤအခြေခံဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် တရားဥပဒေနှင့်အညီခန့်ထားသော တရားသူကြီးများက စီမံအုပ်ချုပ်ရမည်။

၁၃၄။ ။ တရားရုံးများတွင်၊ မြို့တရားရုံးများနှင့် အယူခံတရားရုံးများဟူ၍ နှစ်မျိုးပါဝင်ရမည်။

(က) မြို့တရားရုံးများတွင် တရားလွှတ်တော်ပါဝင်ရမည်၊ တရားဥပဒေဖြင့်မပြောင်းလွဲသမျှ၊ ထိုတရားလွှတ်တော်တွင်၊ မြို့စီရင်ပိုင်ခွင့်နှင့် အယူခံစီရင်ပိုင်ခွင့်တို့ ရှိ၍၊ ဥပဒေကောင်းနှင့်ဖြစ်စေ အမမြဲငြင်းရာနှင့်ဖြစ်စေ သက်ဆိုင်သော ကိစ္စပြဿနာတို့ ကိုစီရင်ဆုံးဖြတ်ရန်အာဏာလည်းရှိရမည်။

(ခ) တရားလွှတ်တော်၏အကြီးအမှူးကို "လွှတ်တော်တရားဝန်ကြီးချုပ်" ဟုခေါ်ရမည်။

၁၃၅။ ။ (၁) အောက်ပါကိစ္စများအတွက်၊ တရားလွှတ်တော်၌သာမြို့စီရင်ပိုင်ခွင့် အာဏာများရှိရမည်။

(က) ပြည်ထောင်စုနိုင်ငံကချုပ်ဆိုသော ပြည်ထောင်ချင်းချင်းစာချုပ်များနှင့် စပ်လျဉ်း၍ပေါ်ပေါက်လာသောကိစ္စများ။

(ခ) ပြည်ထောင်စုနိုင်ငံနှင့် ပြည်ထောင်စုအဖွဲ့ဝင် အငြင်းဖြစ်ပွါးသောကိစ္စများ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင်အချင်းချင်းအငြင်းဖြစ်ပွါးသောကိစ္စများ။

(ဂ) တရားဥပဒေဖြင့်သတ်မှတ်ထားသော အခြားကိစ္စများရှိလျှင်လည်းထိုကိစ္စများ။

(၂) မည်သည့်လက်အောက်ခံတရားရုံး၌မဆို မူပီးမပြတ်ဖြစ်နေသေးသော အမြဟတ္ထွင်၊ တရားဥပဒေတခုခုသည် ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များအရ ခိုင်လုံသည်မခိုင်လုံသည်ဟူသောပြဿနာမျိုး၊ အရေးယူလောက်အောင် ပေါ်ပေါက်နေသည်ဟု သို့တည်းမဟုတ်ပေါ်ပေါက်ရန် အကောင်းရှိသည်ဟုတရားလွှတ်တော်က ယုံကြည်ကျေနပ်ခဲ့သော်၊ တရားလွှတ်တော်သည် ထိုအမှုကိုစစ်ဆေးရန်မိမိ၏လွှတ်တော်သို့ ပြောင်းရွှေ့ယူရမည်။

၁၃၆။ ။ (၁) နောက်ဆုံးအူ ပီးအပြတ် အယူခံဝင်ရန်ဖြစ်သောတရားရုံးကို၊ "တရားလွှတ်တော်ချုပ်" ဟုခေါ်ရမည်။

(၂) တရားလွှတ်တော်ချုပ်၏အကြီးအမှူးကို "နိုင်ငံတော်ဝန်ကြီးချုပ်" ဟုခေါ်ရမည်။

(၃) ဤအခြေခံဥပဒေရှိအခြားပြဋ္ဌာန်းချက်များနှင့် တရားလွှတ်တော်ချုပ်သို့ ပေးအပ်ထားသောအာဏာများကို မထိခိုက်စေဘဲ၊ ထို့ပြင်တရားဥပဒေကပြဋ္ဌာန်းထားသောခြွင်းချက်များ စည်းမျဉ်းဥပဒေများနှင့်မဆန့်ကျင်လျှင်၊ တရားလွှတ်တော်ချုပ်၌ တရားလွှတ်တော်၏စီရင်ချက်အားလုံးကိုစစ်ဆေးဆုံးဖြတ်နိုင်သော အယူခံစီရင်ပိုင်ခွင့်အာဏာများရှိရမည်၊ ထို့ပြင်အခြားတရားရုံးများ၏ စီရင်ချက်များကို တရားဥပဒေကသတ်မှတ်ထားသည့်အတိုင်း စစ်ဆေးဆုံးဖြတ်နိုင်သော အယူခံစီရင်ပိုင်ခွင့်အာဏာများလည်းရှိရမည်။

၁၃၇။ ။ တရားဥပဒေတခုသည် အခြေခံဥပဒေရှိပြဋ္ဌာန်းချက်များအရ ခိုင်လုံသည်မခိုင်လုံသည်ဟူသော ပြဿနာပေါ်ပေါက်နေသည့်အမှုများကို၊ တရားလွှတ်တော်ချုပ်၏အယူခံစီရင်ပိုင်ခွင့်အာဏာဖြင့်၊ မစီရင်မဆုံးဖြတ်ရဟုမည်သည့်တရားဥကဒေမျိုးကိုမျှမပြုရ။

၁၃၈။ ။ တရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမြဟာလုံးတွင်အူ ပီးအပြတ်ဖြစ်၍၊ အယူခံဝင်ခွင့်မရှိစေရ။

၁၃၉။ ။ (၁) လွှတ်တော်ချုပ် တရားဝန်ကြီးအဖြစ်ဖြင့်၎င်း၊ လွှတ်တော်တရားဝန်ကြီးအဖြစ်ဖြင့်၎င်း၊ ဤအခြေခံဥပဒေအရ ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်တို့ သည် အောက်ပါအတိုင်းသစ္စာဆို၍လက်မှတ်ထိုးရမည်။

"ကျွန်ုပ်[redacted]သည်၊ တရားဝန်ကြီးချုပ် (သို့ တည်းမဟုတ် တရားဝန်ကြီး) ၏တာဝန်အလုပ်ဝတ္တရားများကိုဖြောင့်မတ်မှန်ကန်စွာ မျက်နှာကြီးငယ်မရွယ်မထောက်၊ ဆန္ဒ၁၊ ဒေါသ၁၊ ဘယ၁၀တိများသို့ မလိုက်၊ ကိုယ်စွမ်းရှိသမျှဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင်ထမ်းရွက်ပါမည်။ ထို့ပြင် ကျွန်ုပ်သည်၊ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံသဘောဒေနှင့်တကွတရားဥပဒေများကို၊ ထိမ်းသိန်းစောင့်ရှောက်မည်ဟု လေးနက်တည်ကြိုဝိမ်စွာဓောည၁၍ ကတိသစ္စာပြုပါသည်။ "

(၂) နိုင်ငံတော်တရားဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတ၏ရှေ့ မှောက်တွင် အထက်ပါအတိုင်းသစ္စာဆို၍လက်မှတ်ထိုးရမည်။ တရားလွှတ်တော်ချုပ်နှင့်တရားလွှတ်တော်ဆိုင်ရာ တရားဝန်ကြီးအသီသီးသည်လည်း နိုင်ငံတော်တရားဝန်ကြီးချုပ်၏ ရှေ့ မှောက်၌သော်၎င်း ဤကိစ္စအတွက်ဆောင်ရွက်နိုင်မည်ဖြစ်သော်တရားလွှတ်တော်ချုပ်မှ ၀ါအရင့်ဆုံးတရားဝန်ကြီး၏ရှေ့ မှောက်၌သော်၎င်း အထက်ပါအတိုင်းသစ္စာဆို၍လက်မှတ်ထိုးရမည်။

(၃) တရားဝန်ကြီးတိုင်းသည် တရားဝန်ကြီးအဖြစ်ဖြင့် တာဝန်ဝတ္တရားများကိုစတင်မဆောင်ရွက်မီ၊ သစစာဆို၍လက်မှတ်ထိုးရမည်။ ထိုသို့ ပြုခြင်းကိုတရားဝန်ကြီးအဖြစ်ဖြင့် ခန့် ထား ပီးသည့်နောက်တနေ့ မှစ၍ ၁၀ ရက်အောက်နောက်မကျသောနေ့ ရက်၌သော်၎င်း၊ နိုင်ငံတော်သမ္မတက သတ်မှတ်သောနောက်တနေ့ ၌သော်၎င်း၊ ဆောင်ရွက်ရမည်။

(၄) အထက်ပါအတိုင်း သစ္စာမဆိုလို၍ လက်အမှတ်မထိုးလိုဟု ငြင်းဆန်သော သို့ တည်းမဟုတ် ပျက်ကွက်သောတရားဝန်ကြီးသည် ရာထူးကိုလက်မခံလိုငြင်းပယ်ရာရောက်သည်ဟု၍မှတ်ယူရမည်။

*

၁၄၀။ ။ (၁) နိုင်ငံတော်အစိုးရဝန်ကြီးချုပ်နှင့်ညှိနှိုင်းတိုင်ပင် ပီးလျှင်၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေး၏သဘောတူချက်ဖြင့်၊ နိုင်ငံတော်တရားဝန်ကြီးချုပ်ကိုနိုင်ငံတော်သမ္မတသည်၊ မိမိကိုယ်တိုင် လက်မှတ်ရေးထိုးတံဆိပ်ခတ်နိုပ်သောအမိန့် စာဖြင့်၊ ခန့် ထားရမည်။

(၂) နိုင်ငံတော်တရားဝန်ကြီးချုပ် နိုင်ငံတော်အစိုးရဝန်ကြီးချုပ်တို့ နှင့် ညှိနှိုင်းတိုင်ပင် ပီးလျှင်၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်တွဲဖက်အစည်းအဝေး၏ သဘောတူချက်ဖြင့်၊ တရားလွှတ်တော်ချုပ်နှင့်တရားလွှတ်တော်ဆိုင်ရာတရားဝန်ကြီးအားလုံးကို နိုင်ငံတော်သမ္မတသည် မိမိကိုယ်တိုင်လက်မှတ်ရေးထိုးတံဆိပ်ခတ်နိုပ်သော အမိန့် စာဖြင့်ခန့် ထားရမည်။

* ပြင်ဆင်ချက်ချက်နောက်ဆက်တွဲ "၂"

၁၄၁။ ။ တရားသူကြီးအားလုံးသည်၏ ဤအခြေခံဥပဒေနှင့် တရားဥပဒေများကိုသာလိုက်နာ၍၊ မိမိတို့ ၏တရားစီရင်မှုအလုပ်ဝတ္တရားများကိုလွှပ်လပ်စွာဆောင်ရွက်နိုင်ရမည်။

၁၄၂။ ။ (၁) တဦးတယောက်သောသူသည်၊ မိမိကိုယ်တိုင်သော်၎င်း မိမိ၏မိဘနှစ်ပါးသော်၎င်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ အာဏာပိုင်နက်တွင် မွေးဖွါးခဲ့၍ မိမိကိုယ်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သောသူမဟုတ်လျှင်၊ သို့ တည်းမဟုတ် အနည်းဆုံး ငါးနှစ် ထိုနိုင်ငံ၏နိုင်ငံသားမဖြစ်ခဲ့ဘူးလျှင်၊ ထို့ ပြင်[redacted]

(က) အနည်းဆုံးငါးနှစ် ရန်ကုန်မြို့ ဟိုက်ကုတ်လွှတ်တော်တရားဝန်ကြီးမဖြစ်ခဲ့ဘူးလျှင်၊ သို့ တည်းမဟုတ်အနည်းဆုံးငါးနှစ် ဤအခြေခံဥပဒေအရတည်ထောင်သောတရားလွှတ်တော်၏ တရားဝန်ကြီးမဖြစ်ခဲ့ ဘူးလျှင်၊ သို့ တည်းမဟုတ်

(ခ) အနည်းဆုံးတဆယ့်ငါးနှစ်အမြဲတိုက်လဲ ဆောင်ရွက်ခဲ့ဘူးသောတရားလွှတ်တော်ရှေ့ နေမဟုတ်လျှင် ထိုသူသည် လွှတ်တော်ချုပ်တရားဝန်ကြီးအဖြစ်ခန့် ထားထိုက်သောအရည်အချင်းနှင့်ပြည့်စုံခြင်းမရှိစေရ။

(၂) တဦးတယောက်သောသူသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားမဟုတ်လျှင်၊ ထို့ ပြင်[redacted]

(က) အနည်းဆုံးဆယ်နှစ်အမြဲတိုက်လဲဆောင်ရွက်ခဲ့သော တရားလွှတ်တော်ရှေ့ နေမဟုတ်လျှင်၊ သို့ တည်းမဟုတ်

(ခ) မြန်မာပြည်၌သောငင်း ပြည်ထောင်စုနိုင်ငံ၌သောငင်း၊ အနည်းဆုံးငါးနှစ်ခရိုင်စက်ရုင်တရားသူကြီး၏ ရာထူးအောက် မနိမ့်သော သို့ တည်းမဟုတ် ရန်ကုန်မြို့ တော်တရားမတရားရုံး တရားသူကြီးချုပ်၏ ရာထူးအောက်မနိမ့်သော တရားဌာနရာထူးတွင် ဆောင်ရွက်ခဲ့သူမဟုတ်လျှင်၊

ထိုသူသည် လွှတ်တော်တရားဝန်ကြီးအဖြစ်ခန့် ထားထိုက်သော အရည်အချင်းနှင့်ပြည့်စုံခြင်းမရှိစေရ ။

ခြင်းချက်။ ။ သို့ ရာတွင် (က) ထိုသူသည်တရားလွှတ်တော်ရှေ့ နေမဟုတ်လျှင်၊ သို့ တည်းမဟုတ်တရားဌာန ရာထူးတွင် ပဌမအကြိမ်ခန့် အပ်စဉ်အခါကတရားရှေ့ နေမဟုတ်ခဲ့လျှင်၊ ထို့ ပြင်

(ခ) အနည်းဆုံးတဆယ့်ငါးနှစ် အမြဲတိုက်လဲဆောင်ရွက်ခဲ့ဘူးသော တရားလွှတ်တော်ရှေ့ နေမဟုတ်လျှင် ထိုသူသည်လွှတ်တော်တရားဝန်ကြီးချုပ်အဖြစ် ခန့် ထားထိုက်သောအရည်အချင်းနှင့်မရှိစေရ ။

(၃) ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်သည် စွပ်စွဲချက်ကိုတင်ပြရမည်။

(၄) သက်ဆိုင်ရာလွှတ်တော်အမတ် စုစုပေါင်း၏လေးပုံတပုံအောက် မလျော့သောအမတ်များကတင်ပြပါသည်ဟု ဆုံးဖြတ်ပြဋ္ဌာန်းလက်မှတ်ထိုး၍ အစောင်းစားသောအခါမှာမှတပါး၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်တွင် ဤပုဒ်မအရတင်ပြရန်ဖြစ်သောစွပ်စွဲချက်အဆိုကို အရေးတယူပြု၍မစဉ်းစားရ။

(၅) လွှတ်တော်အစည်းအဝေးတက်သောအမတ်များအနက်၊ အမတ်များရာကထောက်ခံ၍၊ ဆုံးဖြတ်ပြဋ္ဌာန်းချက်ချသော်အခါမှာမှတပါး ထိုကဲ့သို့ သောစွပ်စွဲချက်အဆိုကိုလက်မခံရ။

(၆) စွပ်စွဲချက်သည် လွှတ်တော်ချုပ်တရားဝန်ကြီး တဦးနှင့်သက်ဆိုင်နေသော်၊ ထိုစွပ်စွဲချက်ကိုအထူးခုံတော်အဖွဲ့ က စုံစမ်းစစ်ဆေးရမည်။ ထိုခုံတော်အဖွဲ့ တွင်နိုင်ငံတော်သမ္မတသော်ငင်း၊ နိုင်ငံတော်သမ္မတက မိမိ၏သဘောအတိုင်း ခန့် ထားသောပုဂ္ဂိုလ်တဦးသော်ငင်း၊ ထို့ ပြင်လူမျိုးစုလွှတ်တော်နာယကနှင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌတို့ လည်းပါဝင်ရမည်။

စွပ်စွဲချက်သည် လွှတ်တော်တရားဝန်ကြီးတဦးနှင့်သက်ဆိုင်နေသော်၊ ထိုစွပ်စွဲချက်ကို အထူးခုံတော်အဖွဲ့ ကစစ်ဆေးရမည်။ ထိုခုံတော်အဖွဲ့ တွင်နိုင်ငံတော်တရားဝန်ကြီးချုပ်၊ လူမျိုးစုလွှတ်တော် နာယကနှင့်ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌတို့ ပါဝင်ရမည်။

(၇) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရာတွင်၊ စွပ်စွဲချက်တင်ပြခြင်းခံရသော တရားဝန်ကြီး၌ မိမိကိုယ်တိုင်သော်ငင်း မိမိ၏ကိုယ်စားဒေလှယ်အဖြစ်သော်ငင်း၊ ချေပခွင့်ရှိရမည်။

(၈) အထူးခုံတော်အဖွဲ့ သည် စုံစမ်းစစ်ဆေးပြီးနောက်၊ စွပ်စွဲချက်ကိုတင်ပြခဲ့သောလွှတ်တော်သို့ အစီရင်ခံစာတင်ပြရမည်။ စွပ်စွဲချက်မထင်ရှားဟုအထူးခုံတော်ရုံးအဖွဲ့ ကအားလုံးသဘောတူယူဆခဲ့သော်၊ ထိုယူဆချက်သည်အပြီးအပြတ်အတည်ဖြစ်ရမည်။ သို့ ရာတွင်သဘောကွဲလွဲသောအခါများ၌မကြာ၊ အထူးတရားခုံတော်အဖွဲ့ ၏အစီရင်ခံစာကိုပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံးက တွဲဖက်အစည်းအဝေးတွင်စဉ်းစားဆွေးနွေးရမည်။

စွပ်စွဲချက်ကိုစဉ်းစားဆွေးနွေးပြီးနောက်၊ စွပ်စွဲချက်ထင်ရှားသည်ဟူ၍ငင်း၊ တရားဝန်ကြီး၏အကျင့်စာရိတ္တပျက်ပြားခြင်းသည်၊ သို့ တည်းမဟုတ်မစွမ်းမဆောင်နိုင်ခြင်းသည်၊ ရာထူး၌ဆက်လက်ထမ်းရွက်စေရန် မသင့်မထိုက်သော အကျင့်စာရိတ္တပျက်ပြားခြင်းမျိုး၊ သို့ တည်းမဟုတ်မစွမ်းမဆောင်နိုင်ခြင်းမျိုးဖြစ်သည်ဟူ၍ငင်း၊ တွဲဖက်အစည်းအဝေးတက်ရောက်မဲပေးသောအမတ်များရာက၊ အစည်းအဝေးတွင်ထောက်ခံ၍ဆုံးဖြတ်ကောညာခဲ့သော်၊ နိုင်ငံတော်သမ္မတသည်၊ မိမိကိုယ်တိုင်တံဆိပ်ခတ်နှိပ်သောအမိန့် စာဖြင့်၊ သက်ဆိုင်ရာတရားဝန်ကြီးကို ရာထူးမှနုတ်ပယ်ရမည်။

၁၄၄။ ။ ပြည်ထေထာင်စုနိုင်ငံဝန်ထမ်းအားလုံးနှင့်စပ်လျဉ်း၍ အသုံးချေတာခြင်း၊ ရာထူးအရေအတွက်လျော့ခြင်းတို့ ကိုပြုသော်အခါတွင်၊ လွှတ်တော်ချုပ်တရားဝန်ကြီးသည် သို့ တည်းမဟုတ် လွှတ်တော်တရားဝန်ကြီးသည် မိမိ၏လစာကိုလျော့စေရန်၊ မိမိအလိုအလျောက်သဘောမတူခဲ့သော်၊ လွှတ်တော်ချုပ်တရားဝန်ကြီးကို သို့ တည်းမဟုတ် လွှတ်တော်တရားဝန်ကြီးကိုခန့် ထားပြီးမှ၊ သူ၏လစာကိုသော်ငင်း အခွင့်ယူခြင်းနှင့်သို့ တည်းမဟုတ်ပင်ရှင်ယူခြင်းနှင့်စပ်လျဉ်းသော အခွင့်အရေးများကိုသော်ငင်း၊ သူ့ အကျိုးနစ်နာအောင်ပြောင်းလဲခြင်းမပြုရ။

၁၄၅။ ။ နိုင်ငံတော်တရားဝန်ကြီးချုပ်ရာထူးသော်ငင်း၊ လွှတ်တော်တရားဝန်ကြီးချုပ်ရာထူးသော်ငင်း၊ လစ်လပ်သော်အခါ၊ သို့ တည်းမဟုတ်ထိုနိုင်ငံတော်တရားဝန်ကြီးချုပ်သော်ငင်း ထိုလွှတ်တော်တရားဝန်ကြီးချုပ်သော်ငင်း အလုပ်ခွင့်၌မရှိသောကောင့်ဖြစ်စေ၊ အခြားအကောင်းတခုခုကောင့်ဖြစ်စေ၊ မိမိ၏ရာထူးဆိုင်ရာ တာဝန်ဝတ္တရားများကိုမဆောင်ရွက်နိုင်ခဲ့လျှင်၊ ထိုတာဝန်ဝတ္တရားများကို၊ လစ်လပ်သောရာထူးတွင်ခန့် ထားခြင်းခံရသောပုဂ္ဂိုလ်ကဝင်ရောက်ထမ်းရွက်သည့်တိုင်အောင်၊ သို့ တည်းမဟုတ်နိုင်ငံတော်တရားဝန်ကြီးချုပ်ကသော်ငင်း လွှတ်တော်တရားဝန်ကြီးချုပ်ကသော်ငင်း၊ မိမိ၏တာဝန်ဝတ္တရားများကိုပြမ်လည်ဆောင်ရွက်သည့်တိုင်အောင်၊ နိုင်ငံတော်သမ္မတက၊ ထိုကိစ္စအတွက်ခန့် ထားသော တရား

လွှတ်တော်ချုပ်ဆိုင်ရာအခြားတရားဝန်ကြီးကသော်၎င်း၊ အကောင်းအားလျှော်စွာဆောင်ရွက်ရမည်။

၁၄၆။ ။ (၁) တခါတရံ တရားလွှတ်တော်ချုပ်တွင် တရားဝန်ကြီးရာထူးတခုသော်၎င်း အများသော်၎င်း၊ လစ်လပ်၏။တခါတရံတရားဝန်ကြီးတဦးသော်၎င်း အများသော်၎င်း၊ နာဗျားမကျန်းဖြစ်သောကောင့်ဖြစ်စေ၊ ခွင့်ယူသောကောင့်ဖြစ်စေ၊ အက်ဥပဒေဖြင့်၊ သို့ တည်းမဟုတ်အခြားတနည်းနည်းဖြင့်ခွဲဝေလွှဲအပ်ထားသောအခြားတာဝန်ဝတ္တရားများကိုဆောင်ရွက်နေသော်ကောင့်ဖြစ်စေ၊ အလုပ်ခွင်သို့ မတက်မရောက်နိုင်ဖြစ်၏ တခါတရံတရားဝန်ကြီးတဦးသော်၎င်း၊ အများသော်၎င်း၊ အရည်အချင်းပျက်ယွင်း၏ ထိုအခါတမျိုးမျိုးတွင် တရားခွင်ခ်ုတရားစီရင်ရန်သော်၎င်း၊ တရားကိုဆက်လက်စီရင်ရန်သော်၎င်း၊ တရားစီရင်ရေးအထမမြောက်နိုင်အောင်၊ တရားလွှတ်တော်ချုပ်၌၊ တရားဝန်ကြီးဦးရေအစေ့အငှ မရှိဖြစ်၏ ။ ထိုသို့ ဖြစ်သောအခါ နိုင်ငံတော်တရားဝန်ကြီးချုပ်သည် သို့ တည်းမဟုတ်ခေတ္တနိုင်ငံတော်တရားဝန်ကြီးချုပ်သည်၊ သို့ တည်းမဟုတ်ထိုပုဂ္ဂိုလ်နှစ်ဦးမရှိခိုက်ဖြစ်လျှင်၊ တရားဝန်ကြီးများထဲမှ ဝါအရင့်ဆုံးဖြစ်သောတရားဝန်ကြီသည်၊ လိုအပ်သောကာလအပိုင်းအခြားအတွက် လွှတ်တော်တရားဝန်ကြီးတဦးအား တရားလွှတ်တော်ချုပ်တရားခွင်သို့ တက်ရောက်ပါဝင်နိုင်စေရန်၊ အမည်ထုတ်ဖော်၍၊ စာဖြင့်ရေးသားဆင့်ဆိုနိုင်သည်။

(၂) ထိုသို့ ဆင့်ဆိုခြင်းခံရသောလွှတ်တော် တရားဝန်ကြီးသည်၊ မိမိ၏ရာထူးဆိုင်ရာတာဝန်ဝတ္တရားထက် တရားလွှတ်တော်ချုပ်ဆိုင်ရာ၊ တာဝန်ဝတ္တရားများကို အဦးအဖျားထားကာ ဆောင်ရွက်ရမည်ဖြစ်သောကာင့်၊ တရားစီရင်ရန်လိုအပ်သောအချိန်၌ငင်း၊ တရားစီရင်ရန်လိုအပ်သောကာလအပိုင်းအခြားအတွင်း၌ငင်း၊ တရားလွှတ်တော်ချုပ်၏ တရားခွင်သို့ တက်ရောက်တရားစီရင်ရမည်။ ထိုသို့ တက်ရောက်တရားစီရင်ရာတွင် ထိုတရားဝန်ကြီးသည်၊ လွှတ်တော်ချုပ် တရားဝန်ကြီးများ၏အာဏာများနှင့်အခွင့်အရေးများကိုရရှိမည့်အပြင်၊ တာဝန်ဝတ္တရားများကိုလည်း၊ ဆောင်ရွက်ရမည်။

၁၄၇။ ။လွှတ်တော်တရားဝန်ကြီးရာထူးတခုလစ်လပ်ခဲ့သော် သို့ တည်းမဟုတ်လွှတ်တော်တရားဝန်ကြီးတဦးသည် အလုပ်ခွင်၌ မရှိသောကောင့်ငင်းအခြားအကောင်းတခုခုကောင့်သော်၎င်း၊ မိမိ၏တာဝန်ဝတ္တရားများကိုမဆောင်ရွက်နိုင်ခဲ့သော်၊ နိုင်ငံတော်သမ္မတသည်အရည်အချင်းနှင့်ပြည့်စုံသောပုဂ္ဂိုလ်တဦးအား၊ လွှတ်တော်တရားဝန်ကြီးတဦးအဖြစ်ဖြင့် ခေတ္တဆောင်ရွက်စေရန် မိမိ၏သဘောယအတိုင်းခန့် ထားနိုင်သည်။ ဤအခြေခံဥပဒေရှိပုဒ်မ ၁၄၀၊ ပုဒ်မခွဲ (၂) အရ၊ ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်သည်၊ အထက်ပါလစ်လပ်ခဲ့သောရာထူးတွင် ဝင်ရောက်ထမ်းရွက်သည့်တိုင်အောင်၊ သို့ တည်းမဟုတ် အူမဲတမ်းတရားဝန်ကြီးသည် မိမိ၏တာဝန်ဝတ္တရားများကိုပြန်လည်ဆောင်ရွက်သည့်တိုင်အောင်၊ နိုင်ငံတော်သမ္မတက မိမိ၏သဘောအတိုင်း ထိုပုဂ္ဂိုလ်အား၊ ရာထူးမှမနုတ်သိမ်းသေးသမျှ အထက်ပါခန့် ထားခြင်းခံရသောပုဂ္ဂိုလ်သည်၊ လွှတ်တော်တရားဝန်ကြီးဖြစ်သည်ဟုမှတ်ယူရမည်။

၁၄၈။ ။ တရားလွှတ်တော်ချုပ်နှင့်တရားလွှတ်တော်တို့ သည်၊ မော်ကွန်းရုံးများဖြစ်ရမည်။ ထိုလွှတ်တော်များသည်၊ ပြည်ထောင်စုနိုင်ငံ၏မြို့ တော်တွင်ရုံးစိုက်ရမည့်အပြင်နိုင်ငံတော်တရားဝန်ကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ပို့ ပီးနောက်၊ နိုင်ငံတော်သမတ္တက အခါကာလအားလျှော်စွာ သတ်မှတ်သောနေရာ၌လည်း၊ သို့ တည်းမဟုတ်နေရာများ၌လည်းရုံးစိုက်ရမည်။

ခြွင်းချက်။ ။ သို့ ရာတွင်တရားလွှတ်တော်တရားဝန်ကြီးတဦးသည်၊ သို့ တည်းမဟုတ်တဦးထက်ပိုသောတရားလွှတ်တော်တရားဝန်ကြီးများသည်၊ နိုင်ငံတော်သမ္မတက နိုင်ငံတော်တရားဝန်ကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ပို့ ပီးနောက် အခါကာလအားလျှော်စွာ သတ်မှတ်သောရှမ်းပြည်နယ်ရှိနေရာတနေရာ၌ရုံးထိုင်ရမည်။

၁၄၉။ ။ တရားရုံးများနှင့်စပ်လျဉ်း၍၊ ဤအခြေခံဥပဒေရှိ အထက်ကဖေါ်ပြခဲ့သော ပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ အောက်ပါကိစ္စများကို တရားဥပဒေနှင့်အညီသတ်မှတ်ရမည်။

(က) ဘုရားလွှတ်တော်ချုပ်နှင့်တရားလွှတ်တော်တို့ အတွက်၊ တရားဝန်ကြီးဦးရေသတ်မှတ်ရေးကိစ္စ၊ တရားဝန်ကြီးများ၏လစာငွေ၊ အူ ငိမ်းစားယူသောအသက်အရွယ်နှင့် ပင်ရှင်လစာငွေကိစ္စများ။ ထို့ ပြင်

(ခ) တရားရုံးများကိုတည်ထောင်ဖွဲ့ စည်းခြင်း၊ တရားရုံးများနှင့်တရားသူကြီးများအား၊ လုပ်ငန်းဆောင်တာများကိုခွဲဝေပေးခြင်း၊ ထိုတရားရုံး၊ ထိုတရားသူကြီးများ၏စီရင်ပိုင်နှင့်များ၊ လုပ်ငန်းစဉ်ဆိုင်ရာကိစ္စများ။

၁၅၀။ ။ (၁) တရားလွှတ်တော်ချုပ်၏ထင်မြင်ယူဆချက်ကိုယူရလောက်အောင် ပြည်သူများအတွက်အရေးကြီးသည်ဟူသော ဥပဒေကောင်းဆိုင်ရာပြဿနာတရပ်ပေါ်ပေါက်လာသည်ဟုသော်ငင်း၊ ပေါ်ပေါက်ရန်အကောင်းရှိသည်ဟုသော်ငင်း၊ နိုင်ငံတော်သမ္မတသည် မည်သည့်အခါ၌မဆိုထင်မြင်ယူဆခဲ့သော်၊ ထိုပြဿနာကို စဉ်းစားစေရန်တရားလွှတ်တော်ချုပ်သို့ လွှဲအပ်နိုင်သည်။ တရားလွှတ်တော်ချုပ်ကလည်း၊ ထိုပြဿနာနှင့်စက်လျဉ်း၍ လျော်ကန်သင့်မြတ်သည့်အတိုင်း ကားနာစစ်ဆေး ပီးနောက်၊ နိုင်ငံတော်သမ္မတထံအစီရင်ခံနိုင်ရမည်။=

(၂) ထိုပြဿနာကိုကားနာစစ်ဆေးစဉ်က၊ ပါဝင်ဆောင်ရွက်ကသောတရားဝန်ကြီးများရာ၏ သဘောကိုက်ညီချက်ဖြင့် တရားခွင်တွင်အထင်အရှားချမှတ်သောထင်မြင်ယူဆချက်နှင့်အညီ ဤပုဒ်မအရ အစီအရင်ခံသည်မှတပါး၊ မည်သို့ မျှအစီရင်မခံရ၊ သို့ ရာတွင်တရားဝန်ကြီးတဦးဦး၏သဘောကွဲလွဲသောထင်မြင်ယူဆချက်ကိုမကြား၊ ဤပုဒ်မခွဲရှိစကားကောင့်၊ ထုတ်ဖော်ရေးသားခွင့်မပြုဟုမမှတ်ယူရ။

၁၅၂။ ။ တရားလွှတ်တော်ချုပ်ကဆုံးဖြတ်ကောညာလိုက်သောတရားဥပဒေသည် ပြည်ထောင်စုနိုင်ငံ၏ အာဏာပိုင်နက်အတွင်းရှိ တရားရုံးအားလုံးအပေါ်တွင် သက်ဆိုင်နိုင်သမျှသက်ဆိုင်သည်အထိ၊ အာဏာတည်သည်ဟူ၍ငင်း၊ ထိုတရားရုံးများကလိုက်နာရမည်ဟူ၍ငင်း၊ အသိအမှတ်ပြုရမည်။

၁၅၃။ ။ ဤအခြေခံဥပဒေအရပေးအပ်ထားသောတရားစီရင်ပိုင်နှင့်အာဏာကို၊ တရားလွှတ်တော်ချုပ်က ပိုမိုထိရောက်စွာ သုံးစွဲနိုင်စေခြင်းအလို့ ငှာ၊ လိုအပ်သည်ဟု သို့ တည်းမဟုတ်အလိုရှိထိုက်သည်ဟုထင်မြင်ယူဆနိုင်၍၊ ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့်လည်းမညီမညွတ်မဖြစ်သောထပ်ဖြည့်အာဏာများကို၊ တရားလွှတ်တော်ချုပ်အားပေးရန်၊ ပါလီမန်သည်၊ အက်ဥပဒေဖြင့်ပြဋ္ဌာန်းနိုင်သည်။

အခန်း ၉ ။

အပိုင်း ၁။ ရှမ်းပြည်နယ် ။

ရှမ်းပြည်နယ်ကောင်စီ ။

*

၁၅၄။ ။ (၁) ပါလီမန်၏ရှမ်ပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်အားလုံးပါဝင်သည့် ရှမ်းပြည်နယ်ကောင်စီကိုဖွဲ့ စည်းရမည်။

(၂) လူမျိုးစုလွှတ်တော်၌ ပါဝင်မည့်ရှမ်းပြည်နယ်ဆိုင်ရာအမတ်အားလုံးကို ရှမ်းပြည်နယ်၏စော်ဘွားများသည် ပြည်သူ့ လွှတ်တော်တွင်အမတ်ဖြစ်နိုင်ခွင့်မရှိစေရ။

(၃) ပါလီမန်အမတ်အဖြစ်မှရပ်စဲသောပြည်နယ်ကောင်စီအမတ်သည်၊ ကောင်စီ၌လည်း ကောင်စီအမတ်အဖြစ်မှရပ်စဲသည်ဟုမှတ်ယူရမည်။ သို့ ရာတွင်ထိုကောင်စီအမတ်သည်၊ မိမိအားဆက်ခံမည့်သူကို ရွေးကောက်တင်မြှောက်ပီးသည့်တိုင်အောင်၊ မိမိ၏တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်နိုင်သည်။

၁၅၅။ ။ ပြည်နယ်ကောင်စီသည်၊ မိမိကိုယ်ပိုင်ဥပဒေပြုပိုင်ခွင့်မရှိသောကိစ္စနှင့် သက်ဆိုင်သည့်ဥပဒေများကိုပြုပေးရန်၊ ပါလီမန်သို့ ထောက်ခံချက်တင်သွင်းနိုင်သည်။

၁၅၆။ ။ ပြည်နယ်ကောင်စီသည်၊ ဥပဒေကမ်းတခုကိုအတည်ပြု ပီးသောအခါ၊ ထိုဥပဒေကမ်းတခုကိုလက်မှတ်ထိုး၍

ထုတ်ပြန်ကောညာပေးရန် နိုင်ငံတော်သမ္မတထံသို့ တင်သွင်းရမည်။ နိုင်ငံတော်သမ္မတသည် အဆိုပါဥပဒေ-ဓာမ်းနှင့်စပ်လျဉ်း၍၊ တဆက်တည်းဖြစ်သောအောက်အပုဒ်မအရ တရားလွှတ်တော်ချုတ်၏ဆုံးဖြတ်ချက်ကို မေးမြန်းတောင်းဆိုခြင်းမပြုလျှင်၊ ထိုဥပဒေ-ဓာမ်းကိုတင်သွင်းသည်မှစ၍ တလအတွင်းတွင်၊ လက်မှတ်ထိုးရမည်။

၁၅၇။ ။ (၁) နိုင်ငံတော်သမ္မတထံသို့ တဆက်တည်းဖြစ်သော အတက်ပုဒ်မအရတင်သွင်းသောဥပဒေ-ဓာမ်းသည် သို့တည်းမဟုတ် ထိုဥပဒေ-ဓာမ်း၏တစိတ်ဒေသသည်၊ ဤအခြေခံဥပဒေနှင့်ဆန့်ကျင်သည် မဆန့်ကျင်သည်ဟူသော ပြဿနာကိုဆုံးဖြတ်ပေးရန်၊ နိုင်ငံတော်သမ္မတသည်၊ မိမိ၏သဘောအတိုင်း တရားလွှတ်တော်ချုပ်သို့၊ ထိုဥပဒေ-ဓာမ်းကိုလွှဲအပ်နိုင်သည်။

* ပြင်ဆင်ချက်နောက်ဆက်တွဲ "၉"

(၂) လွှတ်တော်ချုပ်တရား၀န်ကြီးသုံးဦးအောက်မအနည်းပါ၀င်သောခုံလွှတ်တော်သည်၊ လွှဲအပ်သောပြဿနာကိုစဉ်းစားရမည်။ လွှဲအပ်သောပြဿနာကိုသင့်မြတ်လျော်ကန်သည်ဟုထင်မြင်သည့်အတိုင်း-ဓားနာစဉ်းစားပြီးသောအခါ၊ ထိုပြဿနာနှင့်စပ်လျဉ်း၍၊ လွှဲအပ်ပြီးသည့်နောက်၊ ရက်ပေါင်း ၃၀ အောက်နောက်မကျစေဘဲ၊ မိမိတို့ ၏ဆုံးဖြတ်ချက်ကို လျင်မြန်သမျှလျဉ်မြန်စွာ တရားရုံးတွင်အထင်အရှားဓောခြာရမည်။ ဤပုဒ်မ၏ကိစ္စများအလိုငှာ၊ တရား၀န်ကြီးများရာ၏ ဆုံးဖြတ်ချက်သည်၊ တရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ချက်ဖြစ်ရမည်။

(၃) ဤပုဒ်မအရ၊ တရားလွှတ်တော်ချုပ်သို့ လွှဲအပ်သောဥပဒေ-ဓာမ်းရှိပြဋ္ဌာန်းချက်သည်။ ဤအခြေခံဥပဒေနှင့်ဆန့်ကျင်သည်ဟုတရားလွှတ်တော်ကဆုံးဖြတ်သော်ကိစ္စတိုင်း၌၊ နိုင်ငံတော်သမ္မတသည် ထိုဥပဒေ-ဓာမ်းကိုပြန်လည်စဉ်းစားဆွေးနွေးစေရန် ပြည်နယ်ကောင်စီသို့ တင်ပို့မည်၊ ပြည်နယ်ကောင်စီက လိုအပ်သောပြင်စဉ်ချက်များကိုမပြုလျှင်၊ နိုင်ငံတော်သမ္မတသည်၊ ထိုဥပဒေ-ဓာမ်းကိုလက်မှတ်မထိုးဟုငြင်းဆိုရမည်။

(၄) ထိုသို့ငြင်းဘွယ်မရှိလျှင် နိုင်ငံတော်သမ္မသည်၊ တရားလွှတ်တော်ချုပ်ကအဆုံးအဖြတ်ကိုထုတ်ဖေါ်ကောညာပြီးသည့်နောက်၊လျှင်မြန်နိုင်သမျှလျှင်မြန်စွာထိုဥပဒေ-ဓာမ်းကို လက်မှတ်ထိုး၍၊ အက်ဥပဒေဖြစ်လာ-ဓောင်းထုတ်ပြန်ကောညာရမည်။

(၅) တဆက်တည်းဖြစ်သောအထက်ပုဒ်မအရ တင်သွင်းသောဥပဒေ-ဓာမ်းကို တရားလွှတ်တော်ချုပ်သို့ မလွှဲမအပ်ဘဲနှင့်ဖြစ်စေ၊ လွှဲအပ်ပြီးမှ ဖစ်စေ၊ နိုင်ငံတော်သမ္မတက၊ လပ်မှတ်ထိုးခဲ့ပီးလျှင်၊ ပြည်နယ်ကောင်စီက ပြုပိုင်ခွင့်မရှိဟူသောအ-ဓောင်းပြချက်ဖြင့်၊ ထိုဥပဒေ-ဓာမ်းရှိပြဋ္ဌာန်းချက်သည်မနိုင်လုံဟုငြင်းဆိုခြင်းမပြုရ။

၁၅၈။ ။ နိုင်ငံတော်သမ္မတလက်မှတ်ထိုးသော ပြည်နယ်ကောင်စီအက်ဥပဒေစာမတ္တိုင်းကိုတရားလွှတ်တော်ချုပ်၏အတွင်း၀န်ရုံးခွဲမော်ကွန်းတင်ရမည်။ မိတ္တူတိုင်းကိုလည်း၊ ရှမ်းပြည်နယ်၀န်ကြီးရုံးခွဲမော်ကွန်းတင်ရမည်။

၁၅၉။ ။ ရှမ်းပြည်နယ်ဥက္ကဋ္ဌသည်၊ အခါကာလအားလျော်စွာပြည်နယ်ကောင်စီကိုဆင့်ခေါ်နိုင်သည်၊ ရှုသိမ်းနိုင်သည်၊ သို့ ရာတွင်ပြည်နယ်ကောင်စီ၏ညီလာခံကိုနှစ်စဉ်တနှစ်လျှင်အနည်းဆုံးတကြိမ်ကျင်းပရမည်။ ထိုသို့ ကျင်းပသောအခါ၊ ပြည်နယ်ကောင်စီညီလာခံ၏ပဌမအစည်းအဝေးတို့ ၏စပ်-ဓာမ်းတွင် ၁၂ လခြားမနေစေရ။

ရှမ်းပြည်နယ်အစိုးရ ။

၁၆၀။ ။ ၀န်ကြီးချုပ်သည် ရှမ်းပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်၍၊ ပါလီမန်၏ ရှမ်းပြည်နယ်ဆိုင်ရာကိုယ်စားလှယ်အမတ်များအနက်၊ အမတ်တဦး၏အမည်ကို တင်သွင်းသောအခါ၊ ထိုသို့ အမည်တင်သွင်းခြင်းခံရသောအမတ်ကိုနိုင်ငံတော်သမ္မတသည် အောက်တွင် "ရှမ်းပြည်နယ်၀န်ကြီး"ဟုခေါ်တွင်ရမည်ဖြစ်သောပြည်ထောင်စုအစိုးရအဖွဲ့ ၀င် ၀န်ကြီးအဖြစ်ဖြင့်ခန့် ထားရမည်။ ထိုသို့ ခန့် ထားခြင်းခံရသော၀န်ကြီးသည်၊ ဤအခြေခံဥပဒေ၏ကိစ္စများအတွက် ရှမ်းပြည်နယ်ဥက္ကဋ္ဌလည်းဖြစ်ရမည်။

၁၆၁။ ။(၁) ရှမ်းပြည်နယ်ဥက္ကဋ္ဌသည် ရှမ်းပြည်နယ်စီရင်အုပ်ချုပ်ရေးကိစ္စကိုတာဝန်ယူ၍ဆောင်ရွက်ရမည်။ ဆိုလိုရင်းမှာ၊ ရှမ်းပြည်နယ်ဥက္ကဋ္ဌသည်တိုက်ရိုက်ဖြစ်စေ၊ လက်အောက်ခံအရာရှိများမှတဆင့်ဖြစ်စေ၊ ပြည်နယ်အုပ်ချုပ်မင်္ဂြာခွင့်အာဏာကိုသုံးစွဲနိုင်ရမည်။

(၂) တဆက်တည်းဖြစ်သော အောက်ပုဒ်မရှိပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ဆိုခဲ့သော အုပ်ချုပ်မင်္ဂြာခွင့်အာဏာသည် ပြည်နယ်အုပ်ချုပ်ရေးဆိုင်ရာ ရာထူးမင်္ဂြာမ်းများခန့် ထားခြင်း၊ နေရာချခြင်း၊ ရွှေ့ ပြောင်းပေးခြင်း၊ ထိုရာထမ်းမင်္ဂြာမ်းများစည်းကမ်းသေဝပ်ခြင်းကိစ္စအားလုံးသို့ သက်ရောက်ပျံနှံ့ ရမည်။

၁၆၂။ ။ (၁) ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့် မဆန့် ကျင်စေဘဲ၊ ပြည်နယ်၏အုပ်ချုပ်မင်္ဂြာခွင့်အာဏာသည် ပြည်နယ်ကောင်စီကဥပဒေပြုပိုင်သော ကိစ္စများသို့ သက်ရောက်ပြန့် နှံ့ သည်။ အုပ်ချုပ်မင်္ဂြာခွင့်အာဏာကိုသုံးစွဲရာတွင်၊ ပြည်နယ်ဥက္ကဋ္ဌသည်ကောင်စီ၏ဆုံးဖြတ်ချက်ကိုလိုက်နာရမည်။

(၂) ပြည်နယ်ဆိုင်ရာ အခြားကိစ္စအားလုံးတွင်၊ ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီနှင့်ညှိနိုင်းတိုင်ပင်ရမည်။

(၃) ရှမ်းပြည်နယ်ကောင်စီ၏ဆုံးဖြတ်ချက်များနှင့်ထင်မြင်ချက်များကို ပြည်နယ်ဥက္ကဋ္ဌထံသို့ တင်ပြရာတွင်လွယ်ကူစိမ့်သောငှာ၊ ပြည်နယ်ကောင်စီသည် ရွေးကောင်ပွဲ ပီးသည့်နောက်၊ ပထမအကြိမ်ကျင်းပသော အစည်းအဝေးတွင်၊ ကောင်စီအမတ်များထဲမှသော်၎င်း၊ ကောင်စီအပမတ်မဟုတ်သူများထဲမှသော်၎င်း ရွေးချယ်ရပြည်နယ်အစိုးရအဖွဲ့ ကိုဖွဲ့စည်းရမည်။ ထိုအစိုးရအဖွဲ့ သည်ပြည်နယ်ဥက္ကဋ္ဌကိုအလုပ်ဝတ္တရားများဆောင်ရွက်ရာတွင်ကူညီရန်၊ အကြံပေးရန်ဖြစ်သည်။

၁၆၃။ ။ ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီ၏သာမန်ညီလာခံကျင်းပသောအခါများ၌၊ မိမိဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်တာအကောင်းကိုပြောကားရမည်။ သို့ တည်းမဟုတ်ပြောကားစေရမည်။ ရှမ်းပြည်နယ်ကိစ္စအားလုံးနှင့် သက်ဆိုင်သောအစီရင်ခံစာကိုတင်သွင်းရမည်။ သို့ တည်းမဟုတ်တင်သွင်းစေရမည်။ ပြည်နယ်၏အကျိုးစီးပွားတိုးတက်ရာတိုးတက်ကောင်းဖြစ်သည်ဟုထင်မြင်ယူဆသောစီမံချက်များကို စဉ်စားဆွေးနွေးစေရန်ပြည်နယ်ကောင်စီအားထောက်ခံအကြံးပေးရမည်။

*

၁၆၄။ ။ (၁)ပြည်နယ်ဥက္ကဋ္ဌသည် ဘဏ္ဍာတော်နှစ်တိုင်းတနှစ်အတွက်၊ ပြည်နယ်ဆိုင်ရာအရပ္ပနံးခြေငွေစာရင်းနှင့်အသုံးမှနံးခြေငေါစာရင်းများကိုပြုရမည်။ သို့ တည်းမဟုတ်ပြုစေရမည်။ ထိုငွေစာရင်းများကိုစဉ်းစားဆွေးနွေးစေရန် ပြည်နယ်ကောင်စီသို့ တင်သွင်းရမည်။

(၂) ပြည်ထောင်စုအစိုးရ၏ ထောက်အပံ့ငွေနှင့်စပ်လျဉ်း၍၊ ပြည်ထောင်စုအစိုးရကသတ်မှတ်သောစည်းကမ်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ ပြည်နယ်ကောင်စီသည် ပြည်နယ်၏ဘတ်ချက်ကိုလက်ခံအတည်ပြုနိုင်ရန်အာဏာရှိရမည်။ ထိုစည်းကမ်းချက်များအတိုင်း၊ ပြည်နယ်ကောင်စီက ကျနစွာလိုက်နာကောင်းနိုင်ငံတော်သမ္မတအား၊ ကျေနပ်နိုင်စေရန် ပြည်နယ်၏ဘတ်ချက်ကို ပြည်ထောင်စုအစိုးရ၏ ဘတ်ချက်တွင်၊ ထည့်သွင်းဖေါ်ပြရမည်။

* ပြင်ဆင်ချက်နောက်ဆက်တွဲ "၂"

၁၆၅။ ။ ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ ပြည်နယ်ဥက္ကဋ္ဌ၊ ပြည်နယ်ကောင်စီ၊ ပြည်နယ်အစိုးရအဖွဲ့ တို့ ၏ အာဏာနှင့်တာဝန်ဝတ္တရားများဆိုင်ရာကိစ္စများ၊ ထို့ ပြင်ထိုဥက္ကဋ္ဌ၊ ခိုကောင်စီ၊ ထိုအစိုးရအဖွဲ့ တို့ နှင့်ပြည်ထောင်စုအစိုးရအဖွဲ့ တို့ ၏ဆက်ဆံရေးကိစ္စများပါဝင်သော ပြည်နယ်၏ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာကိစ္စအားလုံးကို တရားဥပဒေဖြင့်သတ်မှတ်ရမည်။

အပိုင်း ၂ ။ ကချင်ပြည်နယ် ။

ကချင်ပြည်နယ်ကောင်စီ ။

၁၆၆။ ။ (၁) ပါလီမန်၏ကချင်ပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်အားလုံးပါဝင်သည့် ကချင်ပြည်နယ်ကော်စီကိုဖွဲ့စည်းရမည်။

(၂) လူမျိုးစုလွှတ်တော်၌ ကချင်ပြည်နယ်အတွက်သတ်မှတ်ထားသောအမတ်နေရာ ၁၂ နေရာအနက်၊ ၆ နေရာကိုကချင်ပြည်နယ်မှကချင်အမျိုးသားများ၏ကိုယ်စားလှယ်အမတ်များဖြည့်သွင်းရမည်။ အခြား ၆ နေရာကိုကချင်ပြည်နယ်မှကချင်အမျိုးသားမဟုတ်သူများ၏ကိုစားလှယ်အမတ်များဖြင့်ဖြည့်သွင်းရမည်

(၃) ပါလီမန်အမတ်အဖြစ်မှရပ်စဲသောပြည်နယ်ကောင်စီအမတ်သည်၊ ကောင်စီ၌လည်းကောင်စီအမတ်အဖြစ်မှရပ်စဲသည်ဟုမှတ်ယူရမည်။ သို့ရာတွင်ထိုကောင်စီအမတ်သည်၊ မိမိအားဆက်ခံမည့်သူကို ရွေးကောင်တင်မြှောက်ပြီးသည့်တိုင်အောင် မိမိ၏တာဝန်ဝတ္တရားများကိုဆက်လက်ဆောင်ရွက်နိုင်သည်။

၁၆၇။ ။ (၁) ဤအခြေခံဥပဒေအာဏာတည်အံ့ဆဲဆဲကာလက၊ ကချင်အမျိုးသားများသည်၊ သို့တည်းမဟုတ်ကချင်အမျိုးသားမဟုတ်သောအမျိုးသားများသည် လူတန်းစားအဖြစ်ဖြင့်သောငင်း၊ လူမျိုးစုအဖြစ်ဖြင့်သော်ငင်း၊ ခံစားခဲ့ကာသော အခွင့်အရေးများကိုထိခိုက်နစ်နာစေသည့် ဥပဒေကာမ်းသည်၊ အစည်းအဝေးတက်ရောက်မဲပေးသော၊ ကချင်အမျိုးသားများ၏ ကိုယ်စားလှယ်အမတ်များရာကသော်ငင်း၊ သက်ဆိုင်ရာကထောက်ခံ၍မဲပေးခြင်းမပြုလျှင်၊ ပြည်နယ်ကောင်စီ၏အတည်ချက်ကိုရယူသည်ဟုမမှတ်ယူရ။

(၂) ပြည်နယ်ကောင်စီတွင်၊ ဥပဒေကာမ်းတခုသည်၊ တဆက်တည်းဖြစ်သောအထက်ပုဒ်မခွဲတွင် ဖေါ်ပြသည့်သဘောမျိုး သက်ရောက်သောဥပဒေကာမ်း ဟုတ်မဟုတ်အငြင်းဖြစ်ပွါးခဲ့သော၊ သဘာပတိသည်၊ ထိုအငြင်းဖြစ်ပွါးမနှုံင့်စပ်လျှင်း၍ ပြည်နယ်ကောင်စီဝင်ကချင်အမျိုးသားများ၏၊ ကိုယ်စားလှယ်အမတ်များနှင့်၊ ကချင်အမျိုးသားမဟုတ်သူများ၏ကိုယ်စားလှယ်အမတ်များအား၊ တသီးတခြားစီ မဲဆန္ဒပေးစေရမည်။ ကချင်အမျိုးသား၏ ကိုယ်စားလှယ်အမတ်များရာကသော်ငင်း၊ ကချင်အမျိုးသားမဟုတ်သူများ၏ကိုယ်စားလှယ်အမတ်များကသော်ငင်း၊ သက်ဆိုင်ရာကထောက်ခံ၍မဲပေးခဲ့သော၊ ထိုဥပဒေကာမ်းသည်ဖေါ်ပြခဲ့သောဘောမျိုးသက်ရောက်သည့်ဥပဒေကာမ်းဖြစ်သည်ဟုမှတ်ယူရမည်။

၁၆၈။ ။ ပြည်နယ်ကောင်စီသည်၊ မိမိကိုယ်ပိုင်ဥပဒေပြုပိုင်ခွင့်မရှိသောကိစ္စနှင့်သက်ဆိုင်သည့်ဥပဒေများကိုပြုပေးရန်၊ ပါလီမန်သို့ ထောက်ခံချက်တင်သွင်းနိုင်သည်။

၁၆၉။ ။ ပြည်နယ်ကောင်စီသည်၊ ဥပဒေကာမ်းတခုကိုအတည်ပြုပီးသောအခါ ၊ထိုဥပဒေကာမ်းကိုလက်မှတ်ထိုး၍ ထုတ်ပြန်ကောညာပေးရန် နိုင်ငံတော်သမ္မတထံသို့ တင်သွင်းရမည်။ နိုင်ငံတော်သမ္မတသည်အဆိုပါဥပဒေကာမ်းနှင့်စပ်လျဉ်း၍ တဆက်တည်းဖြစ်သောအောက်ပုဒ်မအရ၊ တရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ချက်ကိုမေးမြန်းတောင်းဆိုခြင်းမပြုလျှင်၊ ထိုဥပဒေကာမ်းကို တင်သွင်းသည်မှစ၍တလအတွင်းတွင်လက်မှတ်ရေးထိုးရမည်။

၁၇၀။ ။ (၁) နိုင်ငံတော်သမ္မတထံသို့ တဆက်တည်းဖြစ်သောအောက်ပုဒ်မအရတင်သွင်းသောဥပဒေကာမ်းသည်၊ သို့တည်းမဟုတ်ထိုဥပဒေကာမ်း၏တစိတ်တဒေသသည်၊ ဤအခြေခံဥပဒေနှင့်ဆန့်ကျင်သည်၊ မဆန့်ကျင်သည်ဟူသောပြဿနာကိုဆုံးဖြတ်ပေးရန်၊ တရားလွှတ်တော်ချုပ်သို့ နိုင်ငံတော်သမ္မတသည်၊ မိမိ၏သဘောအတိုင်း ထိုဥပဒေကာမ်းကိုလွှဲအပ်နိုင်သည်။

(၂) လွှတ်တော်ချုပ်တရားဝန်ကြီးသုံးဦးအောက်မနည်းပါဝင်သောခုံတော်သည် လွှဲအပ်သောပြဿနာကိုစဉ်းစားရမည်။ လွှဲအပ်သောပြဿနာကိုသင့်မြတ်လျော်ကန်သည်ဟု ထင်မြင်သည့်အတိုင်း ကာနာစစ်ဆေးစဉ်းစားပီးနောက်၊ ထိုပြဿနာနှင့်စပ်လျဉ်း၍ လွှဲအပ်ပီးသည့်နောက်ရက်ပေါင်း ၃၀ အောက်နောက်မကျစေဘဲ၊ မိမိတို့၏ဆုံးဖြတ်ချက်ကိုလျင်မြန်နိုင်သမျှလျင်မြန်စွာ တရားရုံးတွင်အထင်အရှားကောငြာရမည်။ ဤပုဒ်မ၏ကိစ္စများအလို့ငှာ၊ တရားဝန်ကြီးများရာ၏ဆုံးဖြတ်ချက်သည်၊ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ဖြစ်ရမည်။

(၃) ဤပုဒ်မအရ တရားလွှတ်တော်ချုပ်သို့ လွှဲအပ်သောဥပဒေကော်မရှင် ပြဋ္ဌာန်းချက်သည်၊ ဤအခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟု တရားလွှတ်တော်ချုပ်ကဆုံးဖြတ်သော်ကိစ္စတိုင်း၌၊ နိုင်ငံတော်သမ္မတသည်၊ ထိုဥပဒေကော်မရှင်ကိုပြန်လည်စဉ်စားဆွေးနွေးစေရန် ပြည်နယ်ကောင်စီသို့ ပြန်ပို့ ရမည်၊ ပြည်နယ်ကောင်စီကလိုအပ်သောပြင်ဆင်ချက်များကိုမပြုလျှင်၊ နိုင်ငံတော်သမ္မတသည်၊ ထိုဥပဒေကော်မရှင်ကိုလက်မှတ်မထိုးဟု ငြင်းဆိုရမည်။

(၄) ဤသို့ ငြင်းဆိုဘွယ်မရှိလျှင်၊ နိုင်ငံတော်သမ္မတသည်၊ တရားလွှတ်တော်ချုပ်က အဆုံးအဖြတ်ကိုထုတ်ဖော်ကြေငြာပီးသည့်နောက်၊ လျင်မြန်နိုင်သမျှလျင်မြန်စွာ ထိုဥပဒေကော်မရှင်လက်မှတ်ထိုး၍၊ အက်ဥပဒေဖြစ်လာကောင်းထုတ်ပြန်ကောညာရမည်။

(၅) တဆက်တည်းဖြစ်သောအထက်ပုဒ်မအရတင်သွင်းသော ဥပဒေကော်မရှင်ကို တရားလွှတ်တော်ချုပ်သို့ မလွှဲမအပ်ဘဲနှင့်ဖြစ်စေ၊ လွှဲအပ်ပီးမှဖြစ်စေ၊ နိုင်ငံတော်စမ္မတကလက်မှတ်ထိုးခဲ့ပီးလျှင်၊ ပြည်နယ်ကောင်စီကပြုပိုင်ခွင့်မရှိဟူသော အကောင်းပြချက်ဖြင့်၊ ထိုဥပဒေရှိပြဋ္ဌာန်းချက်သည်မခိုင်လုံဟုငြင်ဆိုခြင်းမပြုရ။

၁၇၀။ ။ နိုင်ငံတော်သမ္မတ လက်မှတ်ထိုးသော ပြည်နယ်ကောင်စီ အက်ဥပဒေစာမည်ကိုင်းကို တရားလွှတ်တော်ချုပ်အတွင်းဝန်ရုံးခ်ီမော်ကွန်းတင်ရမည်။

၁၇၂။ ။ ကချင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အခါကာလအားလျော်စွာပြည်နယ်ကောင်စီကိုဆင့်ခေါ်နိုင်သည်၊ ရုပ်သိမ်းနိုင်သည်၊ သို့ ရာတွင် ပြည်နယ်ကောင်စီ၏ညီလာခံကို နှစ်စဉ်တနှစ်လျှင် အနည်းဆုံးတကြိမ်ကျင်းပရမည်။ ထိုသို့ ကျင်းပသော အခါ ပြည်နယ်ကောင်စီ ညီလာခံ၏ပဌမအစီးအဝေးတို့ ၏စပ်ကာတွင် ၁၂ လခြားမနေစေရ။

<u>ကချင်ပြည်နယ်အစိုးရ ။</u>

၁၇၃။ ။ ဝန်ကြီးချုပ်သည်၊ ကချင်ပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုပင်၍၊ ပါလီမန်၏ကချင်ပြည်နယ်ဆိုင်ရာကိုယ်စားလှယ်အမတ်များအနက် ကချင်အမတ်တဦး၏အမည်ကိုတင်သွင်းသောအခါ၊ ထိုသို့ အမည်တင်သွင်းခြင်းခံရသောအမတ်ကိုနိုင်ငံတော်သမ္မတသည် "ကချင်ပြည်နယ်ဝန်ကြီး"ဟုခေါ်တွင်ရမည့်ပြည်ထောင်စုအစိုးရအဖွဲ့ ဝင်ဝန်ကြီးသည်၊ ဤအခြေခံဥပဒေ၏ကိစ္စများအတွက် ကချင်ပြည်နယ်ဥက္ကဋ္ဌလည်းဖြစ်ရမည်။

၁၇၄။ ။ (၁) ကချင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ကချင်ပြည်နယ် စီရင်အုပ်ချုပ်ရေးကိစ္စကိုတာဝန်ယူဆောင်ရွက်ရမည်။ ဆိုလိုရင်းမှာ ကချင်ပြည်နယ်ဥက္ကဋ္ဌသည် တိုင်ရိုက်ဖြစ်စေ၊ လက်အောက်ခံအရာရှိများမှတဆင့်ဖြစ်စေ၊ ပြည်နယ်အုပ်ချုပ်မှုအခွင့်အာဏာကိုသုံးစွဲနိုင်ရမည်။

(၂) တဆက်တည်းဖြစ်သောအောက်ပုဒ်မရှိပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ဆိုခဲ့သော အုပ်ချုပ်မှုအခွင့်အာဏာသည်၊ ပြည်နယ်အုပ်ချုပ်ရေးဆိုင်ရာ ရာထမ်းမြှင်းများခန့်ထားခြင်း၊ နေရာချခြင်း၊ ရွှေ့ ပြောင်းပေးခြင်း၊ ထိုရာထမ်းမြှင်းများ စည်းကမ်းသေဝပ်ခြင်းကိစ္စအားလုံးသို့ သက်ရောက်ပြန့် နှံ့ ရမည်။

ခြွင်းချက်။ ။ သို့ ရာတွင် ကချင်အမျိုးသားမဟုတ်သူများရာတို့ နေထိုင်သောဒေသများနှင့်စပ်လျဉ်း၍၊ ပြည်နယ်ဥက္ကဋ္ဌသည် အဆိုပါကိစ္စအားလုံးတွင် အစိုးရအဖွဲ့ ဝင်များအနက် ကချင်အမျိုးသား မဟုတ်သူများ၏ကိုယ်စားလှယ်များနှင့် ညှိနှိုင်းတိုင်ပင်၍သာလျှင်၊ ဆောင်ရွက်ရမည်။

၁၇၅။ ။ (၁) ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ပြည်နယ်၏အုပ်ချုပ်မှုအခွင့်အာဏာသည်၊ ပြည်နယ်ကောင်စီတရားဥပဒေပြုပိုင်သောသောကိစ္စများသို့ သက်ရောက်ပြန့် နှံ့ သည်။ အုပ်ချုပ်မှုအခွင့်အာဏာကိုသုံးစွဲရာတွင် ပြည်နယ်ဥက္ကဋ္ဌသည်၊ ကောင်စီ၏ဆုံးဖြတ်ချက်ကိုလိုက်နာရမည်။

(၂) ပြည်နယ်ဆိုင်ရာ အခြားကိစ္စအားလုံးတွင် ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်ရမည်

(၃) ကချင်ပြည်နယ်ကောင်စီ၏ဆုံးဖြတ်ချက်များနှင့် ထင်မြင်ချက်များကိုပြည်နယ်ဥက္ကဋ္ဌထံသို့ တင်ပြရာတွင်

လွယ်ကူစိမ့်သောငှာ၊ ပြည်နယ်ကောင်စီသည်ရွေးကောက်ပွဲ ပီးသည့်နောက်၊ ပဌမအကြိမ်ကျင်းပသောအစည်းအဝေးတွင် ကောင်စီအမတ်များထဲမှသောဎင်း၊ ကောင်စီအမတ်မဟုတ်သူများထဲမှသောဎင်းရွေးချယ်၍၊ ပြည်နယ်အစိုးရအဖွဲ့ ကိုဖွဲ့စည်းရမည်။ ထိုအစိုးရအဖွဲ့ သည်၊ ပြည်နယ်ဥက္ကဋ္ဌကိအလုပ်ဝတ္တရားများဆောင်ရွက်ရာတွင်ကူညီရန်၊ အကြံပေးရန်ဖြစ်သည်။

ခြွင်းချက်။ ။ သိုရာတွင်ပြည်နယ်အစိုးရအဖွဲ့ ဝင်၊ ထက်ဝက်အောက်မလျော့သောအဖွဲ့ ဝင်များသည် ချကင်အမျိုးသားမဟုတ်သူများဖြစ်ရမည်။

၁၇၆။ ။ ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ကောင်စီ၏သာမန်ညီလာခံကျင်းပသောအခါများ၌၊ မိမိဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်တာအစောင်းကိုပြောကားရမည်။ သို့ တည်းမဟုတ်ပြောကားစေရမည်၊ ကချင်ပြည်နယ်ကိစ္စအားလုံးနှင့် သက်ဆိုင်သောအစီရင်ခံစာကိုတင်သွင်းရမည်။ သို့ တည်းမဟုတ်ါတင်သွင်းစေရမည်၊ ပြည်နယ်၏အကျိုးစီးပွါးတိုးတက်ရာတိုးတက်ကောင်းဖြစ်သည်ဟု ထင်မြင်ယူဆသောစီမံချက်များကိုပြည်ကောင်စီကစဉ်းစားဆွေးနွေးရန်ထောက်ခံအကြံပေးရမည်။

*

၁၇၇။ ။ (၁)ပြည်နယ်ဥက္ကဋ္ဌသည်၊ ဘဏ္ဍာတော် နှစ်တိုင်းတနှစ်အတွက်ပြည်နယ်ဆိုင်ရာ မှန်းခြေငွေစာရင်းနှင့် အသုံးမှန်းခြေ ငွေစာရင်းများကိုပြုရမည်။ သို့ တည်းမဟုတ်ပြုစေရမည်။ ထိုငွေစာရင်းများကိုစဉ်းစားဆွေးနွေးစေရန်၊ ပြည်နယ်ကောင်စီသို့ တင်သွင်းရမည်။

(၂) ပြည်ထောင်စုအစိုးရ၏အထောက်အပံ့ငွေနှင့်စပ်လျဉ်း၍၊ ပြည်ထောင်စုအစိုးကသတ်မှတ်သော စည်းကမ်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ ပြည်နယ်ကောင်စီသည်၊ ပြည်နယ်၏ဘတ်ချက်ကို လက်ခံအတည်ပြုနိုင်ရန်အာဏာရှိရမည် ထိုစည်းကမ်းချက်များအတိုင်းပြည်နယ်ကောင်စီက ကျနစ္စာလိုက်နာစောင်းနိုင်ငံတော်သမ္မတအားကျေနပ်နိုင်စေရန်ပြည်နယ်ဘတ်ဂျက်ကိုပြည်ထောင်စုအစိုးရ၏ဘတ်ဂျက်တွင်ထည့်သွင်းဖေါ်ပြရမည်။

၁၇၈။ ။ ဤအခြေခံဥပဒေ၏အခန်း ၁၀ ရှိ၊ ပြဌာန်းချက်များသည်၊ ကချင်ပြည်နယ်နှင့်မသက်ဆိုင်ရ။

၁၇၉။ ။ ဤအခြေခံဥပဒေရှိပြဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ ပြည်နယ်ဥက္ကဋ္ဌ ပြည်နယ်ကောင်စီ၊ ပြည်နယ်အစိုးရတို့ ၏အာဏာနှင့်တာဝန်ဝတ္တရားများဆိုင်ရာကိစ္စများ၊ ထို့ ပြင်ထိုဥက္ကဋ္ဌ၊ ထိုကောင်စီ၊ ထိုအစိုးရအဖွဲ့ တို့ နှင့်ပြည်ထောင်စုအစိုးရ၏ဆက်ဆံရေးကိစ္စပါဝင်သော ပြည်နယ်၏ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စအားလုံးကို၊ တရားဥပဒေဖြင့်သတ်မှတ်ရမည်။

* ပြင်ဆင်ချက်နောက်ဆက်တွဲ "၂"

အပိုင်း ၃ ။ ကရင်ပြည်နယ် ။

*

၁၈၀။ ။ (၁) (က) ကရင်နီပြည်နယ်၊ သံလွင်ခရိုင်၊ ထို့ ပြင် (ဂ) နိုင်ငံတော်သမ္မတကခန့် ထားသည့်အထူးကော်မရှင်အဖွဲ့ ကဆုံးဖြတ်သတ်မှတ်သော ကရင်အမျိုးသားများနေထိုင်ကသည့် ကရင်နီပြည်ယ်နှင့် သံလွင်ခရိုင်တို့ ၏ ဆက်စပ်ဒေသများကို၊ ထိုဒေသသုံးခုပနေထိုင်ကသူများနှင့်တကွ၊ ထိုဒေသများမှအပဖြစ်သော မြန်မာနိုင်ငံ၌နေထိုင်ကသော ကရင်အမျိုးများအနက်၊ မျာ့ရာကအလိုရှိခဲ့သော်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ပြည်ထောင်စုအဖွဲ့ ဝင်တခုအဖြစ်ဖွဲ့ စည်းရမည်။ ထိုပြည်ထောင်စုအဖွဲ့ ဝင်ကို "ကရင်ပြည်နယ်" ဟုခေါ်ရမည့်အပြင်၊ ရှမ်းပြည်နယ်၏အဆင့်အတန်းမျိုးကိုလည်းရရှိစေရမည်၊

(၂) တဆက်တည်းဖြစ်သောအထက်ပုဒ်မခွဲ တွင်ဖေါ်ပြထားသောဒေသအသီးသီးရှိလူများ၏ ဆန္ဒအမှန်ကိုစုံစမ်းရာ၌လိုက်နာရန်ဖြစ်သောနည်းလမ်းတို့ သည်၊ ပြည်ထောင်စုနိုင်ငံ၏ တရားဥပဒေကသတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

<u>ကော်သူလေး ။</u>

*

၁၈၁။ ။ တဆက်တည်းဖြစ်သော အထက်ပုဒ်မအရ ကရင်ပြည်နယ်ကို မဖွဲ့စည်းနိုင်မီ၊ သံလွင်ခရိုင်နှင့်တကွနိုင်ငံတော်သမ္မတက ခန့်ထားသည့်အထူးကော်မရှင်အဖွဲ့ကဆုံးဖြတ် သတ်မှတ်သော ကရင်အမျိုးသားများနေထိုင်ကာသည့်သံလွင်ခရိုင်၏ဆက်စပ်ဒေသများကိုအောက်ဖေါ်ပြပါပြဋ္ဌာန်းချက်နှင့်မဆန့်ကျင်စေဘဲ၊ ကော်သူလေးဟုဆခါတွင်အပ်သော အထူးဒေသတခုအဖြစ်ဖွဲ့စည်းရမည်။

(၁) ပြည်သူ့လွှတ်တော်ရှိကရင်အမျိုးသား၏ ကိုယ်စားလှယ်အမတ်အားလုံးပါဝင်သော ကရင်ရေးရာကောင်စီကိုဖွဲ့စည်းရမည်။ ထိုအမတ်များသည်လူမျိုးစုလွှတ်တော်မှ ငါးဦးထက်မများသော ကရင်အမျိုးသားများ၏ကို၏စားလှယ်အမတ်များကို ကောင်စီတွင်ထပ်ဖြည့်ရမည်။

(၂) ဝန်ကြီးချုပ်သည်ကရင်ရေးရာကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍၊ ပါလီမန်ရှိကရင်အမျိုးသားများ၏ကို၏စားလှယ်အမတ်များအနက် အမတ်တဦးဦး၏ အမည်ကိုတင်သွင်းသောအခါ၊ ထိုအမည်တင်သွင်းခြင်းခံရသောအမတ်သည် "ကရင်ရေးရာဝန်ကြီး" ဟုဆခါတွင်ရမည်ဖြစ်သောပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးတဦးအဖြစ်ခန့်ထားရမည်။

(၂) ပြည်ထောင်စုအစိုးရ၏အာဏာများကို မထိခိုက်စေဘဲ၊ ကရင်ရေးရာန်ကြီးသည်၊ အောက်ပါတို့ကို စီမံခန့်ညွှန်ကားကြီးကာပ်အုပ်ချုပ်ရမည်။

(က) ကော်သူလေး အထူးဒေသ၏အရပ်ရပ်ဆိုင်ရာ စီရင်အုပ်ချုပ်ရေး၊ ထို့ပြင် အထူးအားဖြင့်ကော်သူလေးအထူးဒေသတွင်၊ အုပ်ချုပ်ရေးဆိုင်ရာ ရာထမ်းမြှင်မ်းများခန့်ထားခြင်း၊ နေရာချခြင်း၊ရွှေ့ပြောင်းပေးခြင်း၊ ထိုရာထမ်းမြှင်မ်းများစည်းကမ်းသေဝပ်ခြင်း၊

* ပြင်ဆင်ချက်နောက်ဆက်တွဲ "၇"

(ခ) ကရင်အမျိုးသားများအတွက်၊ ပညာသင်ကျေညင်းများချင့်တကွ ယဉ်ကျေးမဆို့ဝင်ရာအဖွဲ့အစည်းများနှင့်သက်ဆိုင်သောကိစ္စများ၊

(ဂ) ဤအခြေခံဥပဒေအရကရင်အမျိုးသားများအား၊ ပေးအပ်သည့်အထူးအခွင့်အရေးများဆိုင်ရာကိစ္စများ၊

(၄) ကရင်ရေးရာဝန်ကြီးအား၊ မိမိ၏တာဝန်ဝတ္တရားကိုဆောင်ရွက်ရာတွင်၊ ကရင်ရေးရယကောင်စီကကူညီရမည်အကြံပေးရမည်။

(၅) ပါလီမန်အမတ်အဖြစ်မှရပ်စဲသော ကရင်ရေးရာကောင်စီအမတ်တဦးသည်၊ ကောင်စွပ်ပလည်းကောင်စီအမတ်အဖြစ်မှ ရပ်စဲသည်ဟုမှတ်ယူရမည်၊ သို့ရာတွင်ထိုကောင်စီအမတ်သည်၊ မိမိအားဆက်ခံမည့်သူကို ရွေးကောက်တင်မြှောက်ပီးသည့်တိုင်အောင်၊ မိမိယတာဝန်ဝတ္တရားများကိုဆက်လက်ဆောင်ရွက်နိုင်သည်။

(၆) ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ကရင်ရေးရာဝန်ကြီးနှင့် ကရင်ရေးရာကောင်စီတို့၏ အာဏာနှင့်တာဝန်ဝတ္တရားများဆိုင်ရာကိစ္စအားလုံးကိုဂင်း၊ ထိုဝန်ကြီးချင့်ထိုကောင်စီတို့ ၏ကိစ္စအားလုံးကိုဂင်း၊ ထိုဝန်ကြီးထိုကောင်စီတို့နှင့် ပြည်ထောင်စုအစိုးရ၏ဆက်ဆံရေးရာကိစ္စအားလုံးကိုဂင်း၊ တရားဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်ရမည်။

အပိုင်း ၄။ ကရင်နီပြည်နယ် ။

၁၈၂။ ။ (၁) ပဒေသရာဇ် ရှမ်းပြည်နယ်စုရှိ မြို့ဗဲနယ်ဟုယခင်ကခေါ်တွင်ခဲ့သော နယ်မြေကို ထိုနယ်၌နေထိုင်ကာသူများရာက အလိုရှိခဲ့သော် ကရင်ပြည်နယ်အတွင်းသို့ပေါင်းသွင်းရမည်။

(၃) ထိုနယ်မြေရှိလူအများ၏ဆန္ဒအမှန်ကို စုံစမ်းရာ၌ လိုက်နာရန်ဖြစ်သောနည်းလမ်းတို့သည် တရားဥပဒေဖြင့်သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

*

၁၈၃။ ။ (၁) ပါလီမန်ကအခြားပြဇာန်းချက်ပြုသည့်တိုင်အောင်[illegible]

(က) ကွန္ဒာရဝတီ၊ ဘောလခဲနှင့်ကယ်ဖိုးကြီးတို့ ၏စောဖျာများသည်လူမျိုးစုလွှတ်တော်တွင် ကရင်နီပြည်နယ်ဆိုင်ရာကိုယ်စားလှယ်အမတ်များ အဖြစ်ဖြင့်ပါဝင်ရမည်။

(ခ) တဆက်တည်းဖြစ်သော အထက်ပုဒ်မအရမှိုး ဗဲနယ်ကို ကရင်နီပြည်နယ်အတွင်းသို့ ပေါင်းသွင်းသောအခါ၊ မှိုး ဗဲစော်ဘွားသည်လည်း လူမျိုးစုလွှတ်တော်တွင် ကရင်နီပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်တဦး အဖြစ်ဖြင့်ပါဝင်ရမည်။

(ဂ) စောဖျာများသည်၎င်း၊ စော်ဘွားသည်၎င်း၊ ပြည်သူ့လွှတ်တော်တွင်အမတ်ဖြစ်နိုင်ခွင့်မရှိစေရ။

* ပြင်ဆင်ချက်နောက်ဆက်တွဲ "၉"

(၂) ပါလီမန်၏ ကရင်ပြည်နယ်ဆိုင်ရာကိုယ်စားလှယ်အမတ်အားလုံးပါဝင်သည့် ကရင်နီပြည်နယ်ကောင်စီကို ဖွဲ့စည်းရမည်။

(၄) ပါလီမန်အမတ်အဖြစ်မှ ရပ်စဲသော ပြည်နယ်ကောင်စီအမတ်သည်၊ ကောင်စီဝင်လည်း ကောင်စီအမတ်အဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။ သို့ရာတွင် ထိုကောင်စီအမတ်သည် မိမိအားဆက်ခံမည့်သူကို ရွေးကောက်တင်မြှောက်ပြီးသည့်တိုင်အောင်၊ မိမိ၏တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်နိုင်သည်။

၁၈၄။ ။ ပြည်နယ်ကောင်စီသည် မိမိကိုယ်တိုင်ဥပဒေပြုပိုင်ခွင့်မရှိသော ကိစ္စနှင့်သက်ဆိုင်သည့်ဥပဒေများကို ပြုပေးရန် ပါလီမန်သို့ထောက်ခံချက်တင်သွင်းနိုင်သည်။

၁၈၅။ ။ ပြည်နယ်ကောင်စီသည် ဥပဒေ-ကမ်းတခုကို အတည်ပြုပြီးသောအခါ၊ ထိုဥပဒေ-ကမ်းကို လက်မှတ်ထိုး၍ ထုတ်ပြန်ကျေညာပေးရန် နိုင်ငံတော်သမတထံသို့ တင်သွင်းရမည်။ နိုင်ငံတော်သမတသည် အဆိုပါ ဥပဒေ-ကမ်းနှင့်စပ်လျဉ်း၍၊ တဆက်တည်းဖြစ်သော အောက်ပုဒ်မအရ၊ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ကို မေးမြန်းတောင်းဆိုခြင်းမပြုလျှင်၊ ထိုဥပဒေ-ကမ်းကို တင်သွင်းသည့်နေ့မှစ၍ တလအတွင်းတွင် လက်မှတ်ထိုးရမည်။

*

၁၈၆။ ။ (၁) နိုင်ငံတော်သမတထံသို့ တဆက်တည်းဖြစ်သော အထက်ပုဒ်မအရ၊ တင်သွင်းသော ဥပဒေ-ကမ်းသည်၊ သို့တည်းမဟုတ် ထိုဥပဒေ-ကမ်း၏ တစိတ်တဒေသသည်၊ ဤအခြေခံဥပဒေချင့် ဆန့်ကျင်သည်၊ မဆန့်ကျင်သည်ဟူသော ပြဿနာကို ဆုံးဖြတ်ပေးရန် နိုင်ငံတော်သမတသည်၊ မိမိ၏ သဘောအတိုင်းတရားလွှတ်တော်ချုပ်သို့ ထိုဥပဒေ-ကမ်းကိုလွှဲအပ်နိုင်သည်။

(၂) လွှတ်တော်ချုပ်တရားဝန်ကြီး ၃ ဦးအောက်မနည်းပါဝင်သောခုံတော်သည်၊ လွှဲအပ်သော ပြဿနာကို စဉ်းစားရမည်။လွှဲအပ်သောပြဿနာကိုစဉ်းစားရမည်။ လွှဲအပ်သောပြဿနာကို သင့်မြတ်လျော်ကန်သည်ဟု ထင်မြန်သည့်အတိုင်း ဤနာစစ်ဆေး စဉ်းစားပြီးသော်အခါ၊ ထိုပြဿနာနှင့်စပ်လျဉ်း၍ လွှဲအပ်ပြီးသည့်နောက်၊ ရက်ပေါင်း ၃၀ အောက်နောက်မကျစေဘဲ၊ မိမိတို့၏ဆုံးဖြတ်ချက်ကို လျှပ်မြန်နိုင်သမျှ လျှင်မြန်စွာ တရားရုံးတွင် အထင်အရှားကျေညာရမည်။ ဤပုဒ်မ၏ ကိစ္စများအလို့ငှာ၊ တရားဝန်ကြီးများရာ၏ ဆုံးဖြတ်ချက်သည် တရားလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြစ်ရမည်။

(၃) ဤပုဒ်မအရ၊ တရားလွှတ်တော်ချုပ်သို့လွှဲအပ်သော ဥပဒေ-ကမ်းရှိ ပြဋ္ဌာန်းချက်သည်၊ ဤအခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟု တရားလွှတ်တော်က၊ ဆုံးဖြတ်သော ကိစ္စတိုင်း၌၊ နိုင်ငံတော်သမတသည် ထိုဥပဒေ-ကမ်းကို ပြန်လည်စဉ်းစားဆွေးနွေးစေရန် ပြည်နယ်ကောင်စီသို့ ပြန်ပို့ရမည်။ ပြည်နယ်ကောင်စီက လိုအပ်သော ပြင်ဆင်ချက်များကို မပြုလျှင်၊ နိုင်ငံတော်သမတသည် ထိုဥပဒေ-ကမ်းကို လက်မှတ်မထိုးဟု ငြင်းဆိုရမည်။

(၄) ထိုသို့ငြင်းဆိုဘွယ်မရှိလျှင် နိုင်ငံတော်သမတသည်၊ တရားလွှတ်တော်ချုပ်က အဆုံးအဖြတ်ကို ထုတ်ဖော်ကျေညာပြီးသည့်နောက်၊ လျှင်မြန်နိုင်သမျှလျှင်မြန်စွာ ထိုဥပဒေ-ကမ်းကို လက်မှတ်ထိုး၍ အက်ဥပဒေဖြစ်လာ-ကာင်းကို ထုတ်ပြန်ကျေညာရမည်။

* ပြင်ဆင်ချက်နောက်ဆက်တွဲ "၂"

(၅) တဆက်တည်းဖြစ်သော အထက်ပုဒ်မအရ၊ တင်းသွင်းသောဥပဒေ-ဧကမိန့်ကို တရားလွှတ်တော်ချုပ်သို့ မလွှဲအပ်ဘဲနှင့်ဖြစ်စေ၊ လွှဲအပ်ပို့ပီးမှဖြစ်စေ၊ နိုင်ငံတော်သမတကလက်မှတ်ထိုးပီးခဲ့လျှင်၊ ပြည်နယ်ကောင်စီက ပြုပိုင်ခွင့်မရှိဟူသော အကောင်းပြချက်ဖြင့်၊ ထိုဥပဒေ-ဧကမိန့်ရှိ ပြဋ္ဌာန်းချက်သည် မခိုင်လုံဟု ငြင်းဆိုငြင်မပြုရ။

၁၈၇။ ။ နိုင်ငံတော်သမတ လက်မှတ်ထိုးသော ပြည်နယ် ကောင်စီအက်ဥပဒေစာမူတိုင်းကို တရားလွှတ်တော်ချုပ်၏ အတွင်းဝန်ရုံးခ်ု မော်ကွန်းတင်ရမည်။ မိတ္တူတိုင်းကိုလည်း ကရင်နီပြည်နယ်ဝန်ကြီးရုံးခ်ု မော်ကွန်းတင်ရမည်။

၁၈၈။ ။ ကရင်နီ ပြည်နယ်ဥက္ကဋ္ဌသည် အခါကာလအားလျော်စွာ၊ ပြည်နယ်ကောင်စီကို ဆင့်ခေါ်နိုင်သည်၊ ရုပ်သိမ်းနိုင်သည်။

သို့ရာတွင် ပြည်နယ်ကောင်စီ၏ ညီလာခံကို နှစ်စဉ်တနှစ်လျှင် အနည်းဆုံးတကြိမ်ကျင်းပရမည်။ ထိုသို့ကျင်းပသောအခါ ပြည်နယ်ကောင်စီ ညီလာခံတခု၏ နောက်ဆုံးအစည်းအဝေးနှင့် နောက်ထပ်ကျင်းပသောပြည်နယ်ကောင်စီညီလာခံ၏ ပဌမအစည်းအဝေးတို့၏ စပ်ကားတွင် ၁၂ လ ခြားမနေစေရ။

<u>ကရင်နီပြည်နယ်အစိုးရ။</u>

၁၈၉။ ။ ဝန်ကြီးချုပ်သည်၊ ကရင်နီပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍ ပါလီမန်၏ ကရင်နီပြည်နယ် ဆိုင်ရာကိုယ်စားလှယ်အမတ်များအနက် အမတ်တဦးဦး၏ အမည်ကို တင်သွင်းသောအခါ၊ ထိုသို့အမည်တင်သွင်းခြင်းခံရသော အမတ်ကို နိုင်ငံတော်သမတသည်၊ အောက်တွင် ကရင်နီပြည်နယ်ဝန်ကြီးဟုခေါ်တွင်ရမည်ဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်ဖြင့် ခန့်ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသော ဝန်ကြီးသည်၊ ဤအခြေခံဥပဒေ၏ ကိစ္စများအတွက် ကရင်နီပြည်နယ်ဥက္ကဋ္ဌလည်းဖြစ်ရမည်။

၁၉၀။ ။ (၁) ကရင်နီပြည်နယ်ဥက္ကဋ္ဌသည် ကရင်နီပြည်နယ် စီရင်အုပ်ချုပ်ရေးကိစ္စကို တာဝန်ယူ၍ ဆောင်ရွက်ရမည်။ ဆိုလိုရင်းမှာ ကရင်ပြည်နယ်ဥက္ကဋ္ဌသည် တိုက်ရိုက်ဖြစ်စေ၊ လက်အောက်ခံအရာရှိများမှတဆင့်ဖြစ်စေ၊ ပြည်နယ်၏အုပ်ချုပ်မှုအခွင့်အာဏာကိုသုံးစွဲနိုင်ရမည်။

(၂) တဆက်တည်းဖြစ်သော အောက်ပုဒ်မရှိ ပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ဆိုခဲ့သော အုပ်ချုပ်မှုအခွင့်အာဏာသည်၊ ပြည်နယ်အုပ်ချုပ်ရေးဆိုင်ရာ ရာထမ်းမဟုမ်းများခန့်ထားခြင်း၊ နေရာချခြင်း၊ ရွှေ့ပြောင်းပေးခြင်း၊ ထိုရာထမ်းမဟုမ်းများစည်းကမ်းသေဝပ်ခြင်းကိစ္စအားလုံးသို့ သက်ရောက်ပြန့်နှံ့ရမည်။

၁၉၁။ ။ (၁) ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်နယ်၏အုပ်ချုပ်မှုအခွင့်အာဏာသည်၊ ပြည်နယ်ကောင်စီကတရားဥပဒေပြုပိုင်သောကိစ္စများသို့သက်ရောက်ပြန့်နှံ့သည်။ အုပ်ချုပ်မှုအခွင့်အာဏာကိုသုံးစွဲရာတွင် ပြည်နယ်ဥက္ကဋ္ဌသည် ကောင်စီ၏ ဆုံးဖြတ်ချက်ကို လိုက်နာရမည်။

(၂) ပြည်နယ်ဆိုင်ရာအခြားကိစ္စအားလုံးတွင် ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်ရမည်။

(၃) ကရင်နီပြည်နယ်ကောင်စီ၏ဆုံးဖြတ်ချက်ချက်များနှင့် ထင်မြင်ချက်များကိုပြည်နယ်ဥက္ကဋ္ဌထံတင်ပြရာတွင် လွှယ်ကူစိမ့်သောငှာ၊ ပြည်နယ်ကောင်စီသည်ရွေးကောက်ပွဲ ပီးသည့်နောက် ပဌမအကြိမ်ကျင်းပသော အစည်းအဝေးတွင် ကောင်စီအမတ်များထဲမှသော်၎င်း၊ ကောင်စီအမတ်မဟုတ်သူများထဲမှသော်၎င်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝင်တဦးကိုဖြစ်စေ၊ အများကိုဖြစ်စေရွေးချယ်နိုင်သည်။ ထိုပြည်နယ်အစိုးရအဖွဲ့ ဝင်တဦးသည် သို့တည်းမဟုတ်အများသည်၊ ပြည်နယ်ဥက္ကဋ္ဌကိုအလုပ်ဝတ္တရားများဆောင်ရွက်ရာတွင်ကူညီရန်အကြံပေးရန်ဖြစ်သည်။

၁၉၂။ ။ ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီ၏သာမန်ညီလာခံကျင်းပသောအခါများ၌၊ မိမိဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်တာအကောင်းကို ပြောကားရမည်။ သို့ တည်းမဟုတ်ပြောကားစေရမည်။ ကရင်နီပြည်နယ်ကိစ္စအား လုံးနှင့် သက်ဆိုင်သောအစီရင်ခံစာကိုတင်သွင်းရမည်။ သို့ တည်းမဟုတ်တင်သွင်းစေရမည်။ ပြည်နယ်၏အကျိုးစီးပွါးတိုး တက်ရာတိုးတက်ကောင်းဖြစ်သည်ဟု ထင်မြင်ယူဆသော စီမံချက်များကိုစဉ်းစားဆွေးနွေးရန် ပြည်နယ်ကောင်စီအား ထောက်ခံအကြံပေးရမည်။

*

၁၉၃။ ။ (၁) ပြည်နယ်ဥက္ကဋ္ဌသည် ဘဏ္ဍာတော်နှစ်တိုင်းတနှစ်အတွက် ပြည်နယ်ဆိုင်ရာအရပ္ပန်းခြေငွေစာရင်နှင့်အသုံး ပ္ပန်းခြေငွေစာရင်းကိုပြုရမည်။ သို့ တည်းမဟုတ်ပြုစေရမည်။ ထိုငွေစာရင်းများကိုစဉ်းစားဆွေးနွေးစေရန် ပြည်နယ်ကောင် စီသို့ တင်သွင်းရမည်။

(၂) ပြည်နယ်ကောင်စီ၏အထောက်အပံ့ငွေနှင့်စပ်လျဉ်း၍၊ ပြည်ထောင်စုအစိုးရကသတ်မှတ်သော စည်ပေါ်းကမ်း ချက်များနှင့်မဆန့် ကျင်စေဘဲ၊ ပြည်နယ်ကောင်စီသည်၊ ပြည်နယ်၏ဘတ်ချက်ကိုလက်ခံအတည်ပြုရန် အာဏာရှိရမည်။ ထိုစည်းကမ်းချက်များအတိုင်း၊ ပြည်နယ်ကောင်စီကကျနစ္စာလိုက်နာစောင်း၊ နိုင်ငံတော်သမတ္တအားကျေနပ်နိုင်စေရန် ပြည်နယ်၏ဘတ်ချက်ကို ပြည်ထောင်စုအစိုးရ၏ ဘတ်ချက်တွင်ထဲ့သွင်းဖေါ်ပြရမည်။

၁၉၄။ ။ ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့်မဆန့် ကျင်စေဘဲ၊ ပြည်နယ်ဥက္ကဋ္ဌ၊ ပြည်နယ်ကောင်စီနှင့်ပြည်နယ်အစိုး ရအဖွဲ့ ဝင်တဦး၏ ဦ့ တည်းမဟုတ်အများ၏အာဏာနှင့်တာဝန်ဝတ္တရားများဆိုင်ရာကိစ္စများ၊ ထို့ ပြင်ထိုဥက္ကဋ္ဌ၊ ထိုကောင် စီ၊ ထိုအစိုးရအဖွဲ့ ဝင်တို့ အချင်းချင်းဆက်ဆံရေးကိစ္စများပါဝင်သော ပြည်နယ်၏ဖွဲ့ စည်းဖွဲ့ ချုပ်ပုံအခြေခံဥပဒေဆိုင်ရာကိစ္စ အားလုံးကို တရားဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်ရမည်။

**

၁၉၅။ ။ ဤအပိုင်း(အခန်း ၉ အပိုင်း ၄)ရှိ၊ ပြဋ္ဌာန်းချက်အားလုံးသည်၊ ပုဒ်မ ၁၈၀အရ၊ ကရင်ပြည်နယ်ကိုဖွဲ့ စည်းခဲ့ သော်၊ အကျိုးသက်ရောက်ခြင်းမှရပ်စဲရမည်။

* ပြင်ဆင်ချက်နောက်ဆက်တွဲ "၂"

** ပြင်ဆင်ချက်နောက်ဆက်တွဲ "၇"

အပိုင်း ၅ ။ ချင်းဝိသေသတိုင်း ။

၁၉၆။ ။ နိုင်ငံတော်သမတ္တကသတ်မှတ်သောချင်းတောင်များခရိုင်နှင့် ရခိုင်တောင်တန်းနယ်များပါဝင်သည့် ချင်းဝိသေ သတိုင်းရှိရမည်။

၁၉၇။ ။ (၁) ပါလီမန်ရှိ ချင်းအမျိုးသားများ၏ ကိုယ်စားလှ၏အမတ်အားလုံးပါဝင်သော ချင်းရေးရာကောင်စီတခုဖွဲ့ စည်းရမည်။

(၂) ဝန်ကြီးချုပ်သည်ချင်းရေးရာကောင်စီနှင့်ညှိနိုင်းတိုင်ပင်၍၊ ပါလီမန်ရှိချင်းအမျိုးသားများ၏ကိုယ်စားလှယ် အမတ်များတဦးဦးအနက် အမတ်တဦးဦး၏ အမည်ကိုတင်သွင်းသောအခါ၊ ထို့ သို့ အမည်ကိုတင်သွင်းခြင်းခံရသောအ မတ်ကို နိုင်ငံတော်သမတ္တသည် "ချင်းရေးရာဝန်ကြီး" ဟုခေါ်တွင်ရမည်ဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ ဝင်ဝန်ကြီး တဦးအဖြစ်ခန့် ထားရမည်။

(၃) ပြည်ထောင်စုအစိုးရ၏အာဏာများကိုမထိခိုက်စေဘဲ၊ ချင်းရေးရာဝန်ကြီးသည်၊ အောက်ပါတို့ ကိုစီမန်ခန့် ခွဲ ညွှန်ကားကြီးကာပ်အုပ်ချုပ်ရမည်။

(က) ချင်းဝိသေသတိုင်း၏ ဤရပ်ရပ်ဆိုင်ရာစီရင်အုပ်ချုပ်ရေး၊ ထို့ ပြင်အထူးအားဖြင့်၊ ထိုဝိသေသတိုင်းတွင် အုပ်ချုပ်ရေးဆိုင်ရာ ရာထမ်းမြှာမ်းများခန့် ထားခြင်း၊ နေရာခြခြင်း၊ ရွှေ့ ပြောင်းပေးခြင်း၊ ထိုရာထမ်းမြှာမ်းများစည်း ကမ်းသေဝပ်ခြင်း။

(ခ) ချင်းဝိသေသတိုင်းတွင် ပညာသင်ကျောင်းများနှင့်တက္ကသိုလ်၊ ယဉ်ကျေးမဆိုင်ရာများနှင့်သက်ဆိုင်သောကိစ္စများ။

(၄) ချင်းရေးရာဝန်ကြီးအား၊ မိမိ၏တာဝန်ဝတ္တရားများကိုဆောင်ရွက်ရာတွင် ချင်းရေးရာကောင်စီကကူညီရမည်။ အကြံပေးရမည်။

(၅) ပါလီမန် အမတ်အဖြစ်မှရပ်စဲသော ချင်းရေးရာကောင်စီအမတ်တဦးသည်၊ ကောင်စီ၌လည်း ကောင်စီအမတ်အဖြစ်မှ ရပ်စဲသည်ဟုမှတ်ယူရမည်။ သို့ ရာတွင်ထိုကောင်စီအမတ်သည်၊ မိမိအားဆက်ခံမည့်သူကိုရွေးကောက်တင်မြောက်ပြီးသည့်တိုင်အောင်၊ မိမိတာဝန်ဝတ္တရားများကိုဆက်လက်ဆောင်ရွက်နိုင်သည်။

၁၉၈။ ။ ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ချင်းရေးရာဝန်ကြီးနှင့် ချင်းရေးရာကောင်စီတို့၏ အာဏာနှင့်တာဝန်ဝတ္တရားများဆိုင်ရာကိစ္စအားလုံးကိုငင်း၊ ထိုဝန်ကြီးနှင့်ထိုကောင်စီတို့၏ ဆက်ဆံရေးဆိုင်ရာ ကိစ္စအားလုံးကိုငင်း၊ ထိုဝန်ကြီး၊ ထိုကောင်စီတို့နှင့်ပြည်ထောင်စုအစိုးရ၏ ဆက်ဆံရေးဆိုင်ရာကိစ္စအားလုံးကိုငင်းတရားဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ရမည်။

အပိုင်း ၆ ။ ပြည်နယ်သစ်များ ။

၁၉၉။ ။ ပါလီမန်သည် ပြည်နယ်သစ်ကလိုက်နာရမည့်စည်းကမ်းချက်များပါဝင်သောအက်ဥပဒေဖြင့်၊ ပြည်နယ်သစ်တခုကို ပြည်ထောင်စုနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုနိုင်သည်။ ထိုသတ်မှတ်ချက်များတွင် ထိုပြည်နယ်မှပါလီမန်သို့ ကိုယ်စားလှယ်အမတ်ဦးရေ မည်ရွေ့ မည်မျှရွေးကောက်တင်မြှောက်နိုင်သည်ဟူသောအချက်လည်းပါဝင်ရမည်။

၂၀၀။ ။ (က) ပြည်ထောင်စုအဖွဲ့ ဝင်အသစ်တခုတည်ထောင်ဖွဲ့ စည်းခြင်း
(ခ) ပြည်ထောင်စုအဖွဲ့ ဝင်တခုခု၏အကျယ်အဝန်းကိုတိုးချဲ့ခြင်း
(ဂ) ပြည်ထောဘင်စုအဖွဲ့ ဝင်တခုခု၏အကျယ်အဝန်းကိုလျှော့ခြင်း
(ဃ) ပြည်ထောင်စုအဖွဲ့ ဝင်တခုခု၏ နယ်နိမိတ်များကိုပြောင်းလဲခြင်း
တို့ကို၊ ထိုသို့နယ်နိမိတ်ပြုပြင်ခြင်းခံရသော ပြည်နယ်တိုင်း၏ကောင်စီက သဘောတူညီပါက၊ ပါလီမန်သည်အက်ဥပဒေဖြင့်ပြုနိုင်သည်။ ထို့ပြင် ထိုကဲ့သို့သောသဘောတူညီချက်ရရှိပါက ပါလီမန်သည်လိုအပ်သည်ဟု သို့တည်းမဟုတ် သင့်လျော်သည်ဟုထင်မြင်ယူဆသော ထပ်ဖြည့်ပြဋ္ဌာန်းချက်၊ အကြောင်းသင့်ပြဋ္ဌာန်းချက်နှင့် နှိုင်းညှိပြဋ္ဌာန်းချက်များကိုပြုနိုင်သည်။

အခန်း ၁၀

ခွဲထွက်နိုင်သောအခွင့်အရေး။

၂၀၁။ ဤအခြေခံဥပဒေ၌သော်၎င်း ပုဒ်မ ၁၉၉ အရပါလီမန်ကပြုသော အက်ဥပဒေ၌သော်၎င်း အခြားပြဋ္ဌာန်းချက်ပြုထားခြင်းမရှိလျှင်၊ အောက်၌ပြဋ္ဌာန်းထားသောစည်းကမ်းချက်များနှင့်အညီ ပြည်ထောင်စုနိုင်ငံမှ ခွဲထွက်နိုင်ရန် ပြည်နယ်တိုင်း၌ အခွင့်အရေးရှိရမည်။

၂၀၂။ ဤအခြေခံဥပဒေအာဏာတည်သည့်နေ့မှဆယ်နှစ်အတွင်း ခွဲထွက်နိုင်သော အခွင့်အရေးကိုအသုံးမပြုရ။

၂၀၃။ (၁) ခွဲထွက်နိုင်သောအခွင့်အရေးကို သုံးစွဲလိုသောပြည်နယ်သည်၊ ခွဲထွက်လိုကြောင်းအဆိုကို မိမိ၏ပြည်နယ်ကောင်စီတွက်တင်သွင်းအတည်ပြုရမည်။ ပြည်နယ်ကောင်စီရှိ အမတ်စုစုပေါင်းအနက်သုံးပုံနှစ်ပုံအောက်မလျော့သောအမတ်များက ထိုအဆိုကိုထောက်ခံ၍မဲပေးခြင်းမပြုလျှင် အတည်ပြုသည်ဟုမမှတ်ယူရ။

(၂) သက်ဆိုင်ရာပြည်နယ်၏ဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီ၏ ဆုံးဖြတ်ခြင်းကို နိုင်ငံတော်သမတအား အကြောင်းကြားရမည်။ ထို့ပြင်အတည်ပြုလိုက်သောကောင်စီ၏ ဘာပတိကဟုတ်မှန်ကြောင်း လက်မှတ်ထိုးသော ဆုံးဖြတ်ချက်မိတ္တူတစောင်ကို နိုင်ငံတော်သမတထံသို့ ပြည်နယ်ဥက္ကဋ္ဌကတင်ပြရမည်။

၂၀၄ ။ ထိုအခါနိုင်ငံတော်သမတသည်၊ သက်ဆိုင်ရာပြည်နယ်၏လူထုဆန္ဒပွဲကို ကျင်းပစေရန်အမိန့်ထုတ်ရမည်။ လူထုဆန္ဒပွဲကိုကျင်းပခြင်းမှာ သက်ဆိုင်ရာပြည်နယ်ရှိ ပြည်သူတို့၏ဆန္ဒအမှန်ကို သိရှိရန်ဖြစ်သည်။

၂၀၅။ နိုင်ငံတော်သမတသည် လူထုဆန္ဒပွဲကော်မရှင်တစ်ဖွဲ့ကို ခန့်ရမည်။ ထိုအဖွဲ့တွင် ပြည်ထောင်စုနိုင်ငံမှဎင်း သက်ဆိုင်ရာပြည်နယ်မှဎင်း ကိုယ်စားလှယ်ဦးရေအညီအမျှပါဝင်ရမည်။ ထိုအဖွဲ့သည်လူထုဆန္ဒပွဲကို ကြီးကြပ်စီမံရန်ဖြစ်သည်။

၂၀၆။ ဤအခန်းရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အဆိုပါခွဲထွက်နိုင်သော အခွင့်အရေးအသုံးပြုခြင်းနှင့် စပ်လျဉ်းသော ကိစ္စအားလုံးကို ဥပဒေဖြင့်စည်းမျဉ်းသတ်မှတ်ရမည်။

အခန်း ၁၀
ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ခြင်း။

၂၀၇။ ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်တခုခုကို ပြောင်းခြင်းဖြင့်သော်ဎင်း ဖြည့်ထည့်ခြင်းသော်ဎင်း ရုပ်သိမ်းခြင်းဖြင့်သော်ဎင်း အောက်ဖော်ပြသတ်မှတ်ထားသောနည်းအတိုင်း ပြင်နိုင်သည်။

၂၀၈။ (၁) ဤအခြေခံဥပဒေကို ပြင်ရန်တင်သွင်းသောအဆိုကို ဥပဒေကြမ်းအဖြစ်ဖြင့်တင်သွင်းရမည်။ ထိုဥပဒေကြမ်းကို "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ရန်ဥပဒေကြမ်း "ဟူ၍ဖော်ပြရမည်။

(၂) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ရန်အဆိုတခုသော်ဎင်း အများသော်ဎင်း ပါဝင်သောဥပဒေကြမ်းတွင် အခြားအဆိုများမပါရ။

*

၂၀၉။ (၁) ထိုကဲ့သို့သောဥပဒေကြမ်းကို ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်၌ စတင်တင်သွင်းနိုင်သည်။

(၂) ထိုဥပဒေကြမ်းကို ပါလီမန်ဆိုင်ရာလွှတ်တော်အသီးသီးက အတည်ပြုပြီးနောက် လွှတ်တော်နှစ်ရပ်လုံးကပင် တွဲဖက်အစည်းအဝေး၌ စဉ်းစားဆွေးနွေးရမည်။

(၃) လွှတ်တော်နှစ်ရပ်၏လက်ရှိအမတ်များအနက် သုံးပုံနှစ်ပုံအောက်မလျော့သော အမတ်များက တွဲဖက်အစည်းအဝေးတွင်ထောက်ခံ၍ မဲပေးမှသာလျှင် ထိုဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုသည်ဟုမှတ်ယူရမည်။

(၄) (က) တတိယဇယားရှိ ပြည်နယ်ဥပဒေပြုစာရင်းကိုသော်ဎင်း
(ခ) စတုတ္ထဇယားရှိပြည်နယ်အသီးသီးဆိုင်ရာ ကိုယ်စားလှယ်အမတ်ဖြစ်ရန်၊
(ဂ) ပါလီမန်တွင် ပြည်နယ်အသီးသီးဆိုင်ရာကိုယ်စားလှယ်အမတ်ဖြစ်ရန် လိုအပ်သော အရည်အချင်း

ပျက်ယွင်းခြင်းမရှိစေရဟု ပုဒ်မ ၇၄၊ ပုဒ်မခွဲ (၁) ရှိအပိုဒ် (ဃ)အရ ကျေညာထားသောပါလီမန် အက်ဥပဒေကို သော်၎င်း ပြင်လိုသောဥပဒေကြမ်းသည် လွှတ်တော်နှစ်ရပ်၏တွဲဖက်အစည်းအဝေးသို့ တက်ရောက်မဲပေးသော သက်ဆိုင်ရာ ပြည်နယ်မှသို့တည်းမဟုတ် ပြည်နယ်အသီးသီးမှကိုယ်စားလှယ်အမတ်များရာကထောက်ခံ၍ မဲပေးခြင်းပြုလျှင်၊ လွှတ်တော်နှစ်ရပ်လုံး၏တွဲဖက်အစည်းအဝေးတွင် အတည်ပြုချက်ကိုရသည်ဟုမမှတ်ယူရ။

* ပြင်ဆင်ချက်နောက်ဆက်တွဲ "၇"

(၅) အခြေခံဥပဒက ကရင်အမျိုးသားများအားသို့တည်းမဟုတ် ချင်းအမျိုးသားများအား ပေးအပ်ထားသောအခွင့်အရေးကို ယုတ်လျော့စေမည့်ဥပဒေကြမ်းသည် တွဲဖက်အစည်းအဝေးသို့တက်ရောက်မဲပေးသော ကရင်အမျိုးသားကိုယ်စားလှယ်များရာကဖြစ်စေ၊ ချင်းအမျိုးသားကိုယ်စားလှယ်များရာကဖြစ်စေ၊ သက်ဆိုင်ရာကထောက်ခံ၍မဲပေးခြင်းမပြုလျှင် လွှတ်တော်နှစ်ရပ်လုံး၏တွဲဖက်အစည်းအဝေးတွင် အတည်ပြုချက်ကို ရသည်ဟုမမှတ်ယူရ။

၂၁၀။ ဤအခန်းရှိအထက်ကဖော်ပြခဲ့သော ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေကြမ်းကို အတည်ပြုပြီးသောအခါ ထိုဥပဒေကြမ်းကိုနိုင်ငံတော်သမတထံသို့တင်ပြရမည်။ နိုင်ငံတော်သမတသည် ထိုဥပဒေကြမ်းကိုချက်ခြင်းလက်မှတ်ထိုး၍ ထုတ်ပြန်ကျေညာရမည်။

အခန်း ၁၂

ပြည်ထောင်ချင်းချင်းဆက်ဆံရေး

၂၁၁။ ပြည်ထောင်စုမြန်မာနိုင်ငံသည် စစ်မက်ကိုနိုင်သောနိုင်ငံတော်ဝါဒ၏လက်နက်သဖွယ်အသုံးမ ပြုစွန့်ပယ်သည်။ ထို့ပြင်နိုင်ငံခြားနှင့်ဆက်ဆံရာ၌ ပြည်ထောင်စုချင်းချင်းဥပဒေ၏ သဘောတရားများကို ကျင့်စဉ်အဖြစ်ဖြင့် လိုက်နာလက်ခံသည် ။

၂၁၂။ ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်ထောင်ချင်းချင်းတရားမျှတမှုနှင့် နိုင်ငံတကာတို့စောင့်ရှောက်အပ်သော ကျင့်ဝတ်သိက္ခာတို့ကို အခြေခံ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို နိုင်ငံတကာတို့နှင့်မိတ်ဝတ်မပျက်ပေါင်းဖက်ဆောင်ရွက်ရေးကိုငင်းရှောရှူမည်ဟူ၍ ခိုင်မြဲသောအဓိဌာန်ကိုပြုသည်။

၂၁၃။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံပါဝင်သော ပြည်ထောင်ချင်းချင်းသဘောတူညီချက်တိုင်းကို ပါလီမန်၌တင်ပြရမည်။

(၂) သဘောတူညီချက်အတိုင်း အထမြောက်အောင်ဆောင်ရွက်ရေးအတွက်၊ ဥပဒေပြုရန်လိုသော သို့တည်းမဟုတ် ဥပဒေပြုခြင်းကိုလိုရန်အကြောင်းရှိသော ပြည်ထောင်ချင်းချင်းသဘောတူညီချက်ကို ပါလီမန်ကသဘောတူခဲ့သော် လက်ခံအတည်မပြုရ။

(၃) သဘောတူညီချက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်မှ ကုန်ကျစရာများပါဝင်နေသော ပြည်ထောင်ချင်းချင်းသဘောတူညီချက်ကို ပြည်သူ့လွှတ်တော်ကသဘောမတူခဲ့သော် လက်ခံအတည်မပြုရ။

ရှင်းလင်းချက်။ ။ ဤပုဒ်မသည်လုပ်ငန်းဆောင်တာနည်းနာတို့နှင့် ဆိုင်သောသို့တည်းမဟုတ် စီရင်အုပ်ချုပ်မှုနှင့် သက်ဆိုင်သော အစိုးရအချင်းချင်းသဘောတူညီချက်များနှင့် မသက်ဆိုင်ရ။

၂၁၄။ ပါလီမန်ကဆုံးဖြတ်ပြဋ္ဌာန်းခြင်းမပြုလျှင် မည်သည့်ပြည်ထောင်ချင်းချင်းသဘောတူညီချက်မျှ ထိုကဲ့သို့သော သဘောတူညီချက်အနေနှင့် ပြည်ထောင်စုနိုင်ငံတရားဥပဒေ၏ တစိတ်တဒေသမဖြစ်ရ။

အခန်း ၁၃
အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ။

၂၁၅။ နိုင်ငံတော်အလံ၏ပုံမှာ ထောင့်မှန်စတုဂံပုံဖြစ်သည်။ အလံမှာအနီရောင်ခံဖြစ်၍ လက်ဝဲဘက်အထက်ထောင့်၌ အပြာရင့်အခန်းဖွင့်ပြီးလျှင် ထိုအပြာရင့်အခန်းအလယ်တွင် ရောင်ခြည်လက်ငါးခုရှိသော ကြယ်ဖြူကြီးတပွင့်ထားရှိသည်။ ထိုကြယ်ဖြူ၏ရောင်ခြည်လက်များအကြားတွင် ရောင်ခြည်လက်ငါးခုစီရှိသော ကြယ်ဖြူငါးခုကိုတစ်ပွင့်စီ သွင်းရံထားရမည်။ ကြယ်ဖြူကြီးနှင့်တကွသွင်းရံထားသော ကြယ်ငယ်များ၏ရောင်ခြည်လက်များအနက် တခုစီသည် အလံ၏ အထက်ဖက်သို့မတ်မတ်ညွှန်လျက်တည်စေရမည်။ အလံတခုလုံး၏အတိုင်းအတာမှာအလျား ၉ ပေ၊ အနံ ၅ ပေ၊ အပြာရင့်အခန်းမှာ အလျား ၄ပေ၊ အနံ ၂ ပေ ၆ လက္မ၊ ကြယ်ကြီးအတွက် ထောင့်စွန်းများကို ဆက်လက်၍ ဆွဲထားသော စက်ဝိုင်း၏အချင်းမှာ ၁၈ လက္မ ၊ ကြယ်ငယ် အတွက် ၉ လက္မဖြစ်သည်။ အလံ၏အရွယ်မှာကြီးငယ်မဟူ ထိုအချိုးအစားအတိုင်းကိုက်ညီနိုင်သမျှ ကိုက်ညီရမည်။

၂၁၆။ မြန်မာဘာသာသည် ရုံးသုံးဘာသာဖြစ်ရမည်။ သို့ရာတွင် အင်္ဂလိပ်ဘာသာကိုလည်းသုံးခွင့်ပြုနိုင်သည်။

၂၁၇။ ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစာမူနှစ်ခုထားရှိရမည်။ တခုမှာမြန်မာဘာသာစာမူဖြစ်၍ အခြားတခုမှာ အင်္ဂလိပ်ဘာသာစာမူဖြစ်သည်။ ငြိမ့်မူတွင် တိုင်းပြည်ပြုလွှတ်တော်ဥက္ကဋ္ဌက လက်မှတ်ထိုး၍ တရားလွှတ်တော်ချုပ်၏ အတွင်းဝန်ရုံးတွင် မော်ကွန်းတင်ရမည်။ ထိုစာမူနှစ်ခုလုံးကို ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ်သက်သေအရာတည်စေရမည်။

၂၁၈။ ပြည်ထောင်စုနိုင်ငံသည် သို့တည်းမဟုတ် ပြည်နယ်တို့သည် ပြည်သူသုံးလုပ်ငန်းဆောင်တာများကို လုပ်ကိုင်စေရန် လက်မှတ်ကို သို့တည်းမဟုတ် လိုင်စင်ကို သို့တည်းမဟုတ် အခြားနည်းဖြင့် အာဏာလွှဲအပ်သော လုပ်ပိုင်ခွင့်ကို –
(က) ပြည်ထောင်စုနိုင်ငံကသော်၎င်း ပြည်နယ်ကသော်၎င်း ဒေသန္တရအာဏာပိုင်များကသော်၎င်း ကြိုးကြပ်အုပ်ချုပ်သော အဖွဲ့အစည်းများကိုသာပေးရမည်။ သို့တည်းမဟုတ်
(ခ) ပြည်ထောင်စု နိုင်ငံသားတို့ကိုသာပေးရမည်။ သို့တည်းမဟုတ်
(ဂ) ပြည်ထောင်စုနိုင်ငံမှသော်၎င်း ပြည်နယ်မှသော်၎င်း ဒေသန္တရအာဏာပိုင်ထံမှသော်၎င်း ပြည်ထောင်စုနိုင်ငံသားများထံမှသော်၎င်း ရာခိုင်နှုန်း ၆၀ အောက်မနည်းပါဝင်ဝေငှရင်းရှိ၍ ပြည်ထောင်စုနိုင်ငံတွင် အာဏာတည်သော တရားဥပဒေနှင့်အညီဖွဲ့စည်းထားသော ကုမ္ပဏီများကိုသာဖြစ်စေ ထိုကဲ့သို့သော အခြားအဖွဲ့အစည်းများကို ပေးရမည်။ သို့ရာတွင် ထိုကဲ့သို့သောလက်မှတ်ကို သို့တည်းမဟုတ်လိုင်စင်ကို သို့တည်းမဟုတ် အခြားနည်းဖြင့် အာဏာလွှဲအပ်သော လုပ်ပိုင်ခွင့်ကို ပြည်သူ့အကျိုးအတွက် လိုအပ်သောအခါ ပါလီမန်ကပြင်နိုင်ရမည်။ သို့တည်းမဟုတ် ပြောင်းနိုင်ရမည်၊ သို့တည်းမဟုတ်ရုပ်သိမ်းနိုင်ရမည်ဟူသော စည်းကမ်းများအရမှတပါး မည်သူတဦးတယောက်သို့မျှ သို့တည်းမဟုတ် မည်သည့်အဖွဲ့အစည်းသို့မျှ သို့တည်းမဟုတ်မည်သည့်ကုမ္ပဏီသို့မျှ နှစ်ဆယ့်ငါးနှစ်ထက် ကျော်လွန်သောကာလအပိုင်းအခြားအတွက် မပေးရ။

၂၁၉။ သစ်တောမြေနှင့် သတ္တုမြေများ၊ သစ်တောများ၊ ရေ၊ တံငါလုပ်ငန်းအမျိုးမျိုးဆိုင်ရာဒေသများ၊ သတ္တုများ၊ ကျောက်မီးသွေး၊ ရေနံနှင့် အခြားတွင်းထွက်ဆီများ၊ ခါတ်အားထွက်မည့်ပင်ရင်းအခြေအမြစ်များနှင့် အခြားသဘာဝ ပင်ရင်းအခြေအမြစ်များကို ပြည်ထောင်စုနိုင်ငံက လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင်ပြုရမည်။ သို့ရာတွင် ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွါးအလိုငှာ ပါလီမန်၏ အက်ဥပဒေအရပြဋ္ဌာန်းထားသော သီးခြားခွင်းချက်စည်းကမ်းများနှင့်မဆန့်ကျင်လျှင် ပြည်ထောင်စုနိုင်ငံသည် အထက်ပါတို့ကိုလုပ်ကိုင်သုံးစွဲနိုင်သော သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော သို့တည်းမဟုတ် အသုံးချနိုင်သော အခွင့်အရေးကို ပြည်ထောင်စုနိုင်ငံသားများအားပေးနိုင်သည်။

သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံသားများထံမှ အနည်းဆုံးရာခိုင်နှုန်း ၆၀ မျှပါဝင်သည့်ဒွေရင်းရှိသော ကုမ္ပဏီများသို့ သော်၎င်း ထိုကဲ့သို့သော အဖွဲ့အစည်းများသို့သော်၎င်း ပေးနိုင်သည်။

ခြွင်းချက်။ ။ ထို့ပြင်ပြည်သူ့အကျိုးအတွက်လိုအပ်သောအခါ အထက်ပါအခွင့်အရေးကိုပါလီမန်က ပြင်နိုင် ရမည်။ သို့တည်းမဟုတ်ပြောင်းနိုင်ရမည်။ သို့တည်းမဟုတ် ရုပ်သိမ်းနိုင်ရမည်ဟူသော စည်းကမ်းချက်များအရ မှတပါး ထိုအခွင့်အရေးမျိုးကို မပေးရ။

ဤထက်၌ဖော်ပြခဲ့သော သဘာဝပင်ရင်းအခြေအမြစ်များကို လုပ်ကိုင်သုံးစွဲခြင်း၊ တိုးတက်အောင်ပြုခြင်း၊ အသုံးချခြင်းတို့အတွက် လက်မှတ်ကိုသော်၎င်း လိုင်စင်ကိုသော်၎င်း အခြားနည်းဖြင့် လွှဲအပ်သောလုပ်ပိုင်ခွင့်ကိုသော်၎င်း နှစ်ဆယ့်ငါးနှစ်ထက်ကျော်လွန်သောကာလအပိုင်းအခြားအတွက် နောင်အခါတွင်မပေးရ။ သို့တည်းမဟုတ် နှစ်ဆယ့်ငါးနှစ်ထက် ကျော်လွန်သော နောက်ထပ်ကာလအပိုင်းအခြားအတွက် အသစ်လွှဲခွင့်မရှိစေရ။

၂၂၀။ ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွါးအလို့ငှါ ပါလီမန်၏ အက်ဥပဒေကပြဋ္ဌာန်းထားသော သီးခြားခြွင်းချက်စည်းကမ်း များအရမှတပါး၊ လုပ်ကိုင်သုံးစွဲစေရန်သော်၎င်း တိုးတက်အောင်ပြုစေရန်သော်၎င်း မည်သည့်လယ်ယာကိုင်းကျွန်းမြေ ကိုမျှ ပြည်ထောင်စုနိုင်ငံသားမဟုတ်သူများအား ပြည်ထောင်စုနိုင်ငံက မပေးရ။

၂၂၁။ ပြည်ထောင်စုနိုင်ငံဝန်ထမ်းများ ခန့်ထားရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနိုင်ငံအစိုးရကိုကူညီရန်၎င်း၊ ရာထမ်းမှထမ်းဆိုင်ရာ စည်းကမ်းသေဝပ်မှုကိစ္စများတွင် အကြံပေးရန်၎င်း ပါလီမန်သည် တရားဥပဒေပြဋ္ဌာန်း၍ရာထူးဝန် အဖွဲ့ကိုထားရှိရမည်။ ထိုရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းခြင်း၊ ထိုအဖွဲ့၏အာဏာနှင့် အလုပ်ဝတ္တရားများ ထို့ပြင်အဖွဲ့ဝင်တို့၏ ရာထူးအလုပ်ဆိုင်ရာစည်းကမ်းချက်များကို ပါလီမန်၏အက်ဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်ရမည်။

၂၂၂။ (၁) ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်ကိုထောက်ထားရန်မလိုလျှင် ဤအခြေခံဥပဒေ၌ပါရှိသော အောက်ပါစကားရပ်တို့သည် ဖော်ပြထားသောအဓိပ္ပာယ်ကိုဆောင်သည်။ ဆိုလိုရင်းမှာ –

“ မြန်မာပြည် ”၊ “ မြန်မာနိုင်ငံ ”၊ “ မြန်မာနိုင်ငံတော် ”ဟူသောစကားရပ်တို့သည် ၁၉၅၃ ခုနှစ် မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုဥပဒေ၌ ပါရှိသော အဓိပ္ပါယ်မျိုးကိုဆောင်သည်။

“ လက်ရှိတရားဥပဒေ ” ဟူသည်မှာ တရားဥပဒေ၊ တချက်လွှတ်ဥပဒေ၊ အမိန့်၊ စည်းကမ်းဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းဥပဒေတို့ကိုပြုနိုင်သော ဥပဒေပြုအဖွဲ့ကသော်၎င်း၊ ပုဂ္ဂိုလ်ကသော်၎င်း၊ ဤအခြေခံဥပဒေအာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံရှိ နယ်မြေများတွင်ပြုခဲ့သောတရားဥပဒေ၊ တချက်လွှတ်ဥပေဒ၊ အမိန့်၊ စည်းကမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေတို့ကိုဆိုလိုသည်။

“ စော်ဘွား ” သို့တည်းမဟုတ် “ စောဖျာ ” ဟူသည်မှာ အငြင်းပွားမှုပေါ်ပေါက်လာလျှင်၊ နိုင်ငံတော်သမတက သက်ဆိုင်ရာ ရိုက်ရာခံစည်းကမ်းများနှင့်အညီ အသိအမှတ်ပြုသော ပုဂ္ဂိုလ်ကိုဆိုလိုသည်။

“ ပြည်ထောင်စုအဖွဲ့ဝင် ” ဟူသည်မှာ –

(က) ပြည်ထောင်စု မြန်မာနိုင်ငံတွင် အဖွဲ့ဝင်တခုအဖြစ်ဖြင့် ဖွဲ့စည်းပါဝင်သောပြည်နယ်ကိုသော်၎င်း၊

(ခ) ပြည်နယ်၏ တစိတ်တဒေသအဖြစ် မဖွဲ့စည်းမပါဝင်သော ပြည်ထောင်စု မြန်မာနိုင်ငံရှိ ကျန်နယ်မြေအား လုံးကိုသော်၎င်း၊ ဆိုလိုသည်။

(၂) အခန်း ၆၊ ၇၊ ၁၀၊ ၁၁၊ ၁၃ နှင့်တတိယဇယား၊ စတုတ္ထဇယားများရှိ “ ပြည်နယ် ” ဟူသော စကားသည်ဆန့်ကျင်သော ရည်ရွယ်ချက်မပေါ်ပေါက်လျှင် ရှမ်းပြည်နယ်ကို၊ သို့တည်းမဟုတ် ကချင်ပြည်နယ်ကို သို့တည်းမဟုတ် ကရင်နီပြည်နယ်ကို၊ သို့တည်းမဟုတ် အခန်း ၉ အပိုင်း ၆ အရဖွဲ့စည်းသော ပြည်နယ် သစ်ကိုဆိုလိုသည် ။

(၃) ဆန့်ကျင်သောရည်ရွယ်ချက်မပေါ်ပေါက်လျှင် မြန်မာနိုင်ငံတော်ယေဘုယျစကားရပ်အက်ဥပဒေရှိ ပြဋ္ဌာန်းချက်များသည် ဤအခြေခံဥပဒေကို အဓိပ္ပာယ်ကောက်ယူခြင်း၊ ဤအခြေခံဥပဒေအာဏာသက်ရောက်ခြင်းတို့နှင့် သက်ဆိုင်ရမည်။

အခန်း ၁၄
အကူးအပြောင်းကာလပြဋ္ဌာန်းချက်များ

၂၂၃။ ၁၉၅၃ ခုနှစ် မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှု အက်ဥပဒေအရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ၊ ဗြိတိသျှဘုရင်မင်းမြတ် ထိုစဉ်အခါကစိုးပိုင်တော်မူခဲ့သည့် မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်များကို စီရင်အုပ်ချုပ်ခြင်းနှင့် စပ်လျဉ်းသော သို့တည်းမဟုတ် သက်ဆိုင်သော ဗြိတိသျှဘုရင်မင်းမြတ်၌ ယခင်က တည်ရှိခဲ့သောအခွင့်အရေး၊ အခွင့်အာဏာ၊ စီရင်ပိုင်ခွင့်အာဏာ၊ ကိုယ်ပိုင်အခွင့်အာဏာအားလုံးနျင့်တကွ၊ မြန်မာနိုင်ငံတော်အတွင်းအခြားမည်သည့် နယ်ပယ်တွင်မဆိုဖြစ်စေ၊ ထိုနယ်ပယ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ သဘောတူစာချုပ်အရသော်၎င်း၊ ပေးအပ်ခြင်းအရသော်၎င်း၊ ထုံးစံဓလေ့အရသော်၎င်း၊ လျစ်လျူရှုချက်အရသော်၎င်း ၊ အခြားနည်းအရသော်၎င်း ၊ ဆောင်ရွက်တော်မူပိုင်သောအခွင့်အရေး၊ အခွင့်အာဏာ၊ စီရင်ပိုင်ခွင့်အာဏာ၊ ကိုယ်ပိုင်အခွင့်အာဏာအားလုံးတို့ကိုပါ ပြည်ထောင်စုမြန်မာနိုင်ငံက ပိုင်ဆိုင်သည်ဟု ကျေညာလိုက်သည်။

ခြွင်းချက်။ ။ သို့ရာတွင် ဤအခြေခံဥပဒေအာဏာတည်အံ့ဆဲဆဲကာလက ဗြိတိသျှဘုရင်မင်းမြတ်၌ တည်ရှိခဲ့သော ထို့ပြင်ဗြိတိသျှမြန်မာနိုင်ငံအတွင်း၌သော်၎င်း၊ ဗြိတိသျှမြန်မာနိုင်ငံနှင့်စပ်လျဉ်း၍သော်၎င်း၊ ဆောင်ရွက်တော်မူပိုင်သော ကိုယ်ပိုင်အခွင့်အာဏာကို ပြည်ထောင်စုနိုင်ငံရှိ မည်သည့်အာဏာပိုင်ကမျှ ကိုယ်ပိုင်အခွင့်အာဏာအနေနှင့် မသုံးစွဲရ။

၂၂၄။ ဤအခြေခံဥပဒေအာဏာတည်အံ့ဆဲဆဲကာလက မြန်မာနိုင်ငံတော်နှင့် ကရင်နီနယ်များ၏စီရင်အုပ်ချုပ်ရေးကိစ္စအလို့ငှာ ဗြိတိသျှဘုရင်မင်းမြတ်၌ သို့တည်းမဟုတ်အခြားအာဏာပိုင်တခုခု၌ တည်ရှိခဲ့သော အခွင့်အရေးများ၊ ပိုင်ဆိုင်သောပစ္စည်းများနှင့် တောင်းဆိုရယူခွင့်များသည် ဤအခြေခံဥပဒေ အာဏာတည်သည်မှစ၍၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၌တည်ရှိရမည်။

အထူးအားဖြင့်သစ်တောအားလုံး၊ မြေအောက်ရှိသတ္တုနှင့် **အခြားပစ္စည်းများအားလုံး၊ ဓါတ်ဖက်ဝင် ဆေးဖက်ဝင်ရေ စသောရေများ၊ သဘာဝအင်အားတိုး၏ ပင်ရင်း အခြေအမြစ်များ၊ သံလမ်းဖြစ်သယ်ယူပို့ ဆောင်ရေးဆိုင်ရာပစ္စည်းများ၊ စာပို့ ဆောင်ရေးဆိုင်ရာပစ္စည်းများ၊ ဧရာနန်းနှင့် ဧရာနန်းမဲ့ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ အသံလွှင့်လုပ်ငန်းဆိုင်ရာပစ္စည်းများသည်၊ ဤအခြေခံဥပဒေတည်သည်မှစ၍ပြည်ထောင်စုနိုင်ငံ၏ပစ္စည်းများဖြစ်ရမည်။**

၂၂၅။ ။ (၁) ပိဋိညာဉ်များနှင့်စပ်လျဉ်း၍သောဎး တာဝန်များနျင့်စပ်လျဉ်း၍သောဎး၊ အကယ်၍ ဤအခြေခံဥပဒေအတည်မဖြစ်ခဲ့သော် မြန်မာနိုင်ငံတော်အစိုးရအားတရားစွဲနိုင်သောအခွင့်အရေးအရ၊ တရားစွဲရန်ပေါ်ပေါက်ခဲ့လျှင် ပြည်ထောင်စုအစိုးရအား တရားစွဲနိုင်သည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အမည်ဖြင့် တရားစွဲနိုင်သည်။ ထိုနည်းတူပင် တရားစွဲခြင်းကိုခံနိုင်သည်။

(၃) အမမြဉာညအဖြစ်ဖြင့် မြန်မာနိုင်ငံအစိုးရ ပါဝင်နေသော အမမျိုးသည်၊ ဤအခြေခံ ဥပဒေအာဏာတည်သောနေ့ ရက်တွင်မူ ပီးမပြတ်ဖြစ်နေသေးပါက ထိအမမျိုးတွင်မြန်မာနိုင်ငံအစိုးရအစား၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရပါဝင်သည်ဟုမှတ်ယူရမည်။

၂၂၆။ ။ (၁) လက်ရှိတရားဥပဒေများသည် ဤအခြေခံဥပဒေနှင့် မညီမညွတ်မဖြစ်သည်အထိဎး၊ ဤအခြေခံဥပဒေနှင့်

မဆန့် ကျင်လျှင်၎င်း၊ ထိုလက်ရှိတရားဥပဒေများကိုဖြစ်စေ တခုခုကိုဖြစ်စေ ဥပဒေပြုပိုင်ခွင့်ရှိသောဥပဒေပြုအဖွဲ့ ကသော၎င်းထိုကဲ့သို့ သောအာဏာပိုင်ကသော၎င်းမရှိပ်သိမ်းသေးသမျှ သို့ တည်းမဟုတ် မပြင်သေးသမျှ၊ ဆက်လက်၍အာဏာတည်စေရမည်။

(၂) ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်ကို လေးစားထောက်ထား၍၊ နိုင်ငံတော်သမ္မတကလိုအပ်သည်ဟုထင်မြင်သော၊ သင့်တင့်ဆီလျော်သည့် ပြုပြင်ချက်များပါဝင်သော လက်ရှိတရားဥပဒေတခုခုကို ပါလီမန်ကသော၎င်း၊ အခွင့်အာဏာရှိသောအခြားအာဏာပိုင်သော်၎င်း၊ မရှိပ်သိမ်းသေးသမျှ၊ သို့ တည်းမဟုတ်မပြင်သေးသမျှ၊ နိုင်ငံတော်သမ္မတ၏အမိန့် တွင် သီးခြားဖော်ပြထားသောနေ့ မှစ၍ အကျိုးသက်ရောက်စေရမည်ဟု နိုင်ငံတော်သမ္မတကအမိန့် ထုတ်၍ပြဋ္ဌာန်းနိုင်သည်။

၂၂၇။ ။ ဤအခြေခံဥပဒေအာဏာတည်အဲ့ဆဲဆဲကာလက မြန်မာနိုင်ငံအစိုးရနှင့်သို့ တည်းမဟုတ် မြန်မာနိုင်ငံအစိုးရကိုယ်စား၊ ဗိတိသျှနိုင်ငံရှိဘုရင်မင်းမြတ်၏အစိုးနှင့်၊ အခြားနိုင်ငံအကြီးအမှုသို့ တည်းမဟုတ် အစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့သော စာချုပ်များမှသော်၎င်း၊ ပေါ်ထွက်လာသောတရားမျှတသည့်တာဝန်များကို၊ အဆိုပါအခြားနိုင်ငံကလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့်စပ်လျဉ်၍ ထားရှိအပ်သောပဋိညဉ်များကို တုံ့ ပြန်လေးစားပါက၊ ပြည်ထောင်စုမြန်မာနိုင်ငံကလည်း၊ တုံ့ ပြန်လေးစားရမည်။

၂၂၈။ ။ ဤအခြေခံဥပဒေအာဏာတည်သည့်နေ့ ၌၊ တည်ရှိနေသောတရားရုံးအားလုံးသည် ဤအခြေခံဥပဒေနှင့်အညီတရားဥပဒေဖြင့်တရားရုံးသစ်များကို မတည်ထောင်သမျှ၊ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများကို သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါတရားရုံးများတွင် မှု ပြီးမပြတ်ဖြစ်နေသေးသော တရားမမျှ၊ ရာဇဝတ်မမျှားနှင့် အခွန်တော်မမျှားကို၊ ဤအခြေခံဥပဒေအာဏာမတည်သေးဘိသကဲ့သို့ပြီးပြတ်အောင်စီရင်ရမည်။

၂၂၉။ ။ ဤအခြေခံဥပဒေအာဏာတည်အဲ့ဆဲဆဲကလက၊ မြန်မာနိုင်ငံတော်အစိုးရလက်အောက်တွင်အမြဲမြဲခဲ့ကာသော ရာထူးမြဲမြံများသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံကအခြားပြဋ္ဌာန်းချက်မပြုသမျှ ဆက်လက်အမြဲမြံရမည်။

၂၃၀။ ။ ကြိုတင်မသိမမြင်နိုင်သောအခက်အခဲများကို၊ အထူးအားဖြင့် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေရှိပြဋ္ဌာန်းချက်များမှ၊ ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များသို့ ကူးပြောင်းရာတွင် ပေါ်ပေါက်လာသောအခက်အခဲများကို ဖယ်ရှားရန်နိုင်ငံတော်သမ္မတသည်၊ မိမိ၏အမိန့် တွင်သီးခြားဖော်ပြထားသော ကာလာအပိုင်းအခြားအတွက် ပြောင်းခြင်းဖြစ်သောင်း၊ ပြုပြင်ထားသော ပြင်ဆင်ချက်များပါဝင်သည့် ဤအခြေခံဥပဒေသည်၊ အကျိုးသက်ရောက်ရမည်ဟုနိုင်ငံတော်သမ္မတကအမိန့် ထုတ်၍ပြဋ္ဌာန်းနိုင်သည်။ အခန်း ၆ အရ၊ နည်းလမ်းကျစွာဖွဲ့ စည်းသောပါလီမန်၏ပဌမအစည်းအဝေး ကျင်းပီးသည့်နောက် ဤပုဒ်မအရ ထိုကဲ့သို့ သော အမိန့် ကိုမထုတ်ရ၊ တဆက်တည်းဖြစ်သောအောက်ပုဒ်မရှိပြဋ္ဌာန်းချက်များအရ၊ ပါလီမန်ဆိုင်ရာ လွှတ်နှစ်ရပ်လုံး၏ အာဏာများကို အသုံးပြုကာ၊ ဤတိုင်းပြည်ပြုလွှတ်တော်ကဆုံးဖြတ်ချက်ချ၍ သဘောတူညီချက်မပေးလျှင် ထိုကဲ့သို့ သောအမိန့် ကိုမထုတ်ရ။

၂၃၁။ ။ (၁) အခန်း ၆ အရနည်းကျနစွာ ဖွဲ့ စည်းသောပါလီမန်၏ ပဌမအစည်းအဝေးကိုကျင်းပသည့်တိုင်အောင်၊ ဤတိုင်းပြည်ပြုလွှတ်တော်သည် ၊ ပါလီမန်ဆိုင်ရာလွှတ်နှစ်ရပ်လုံး၏အာဏာအားလုံး၊ တာဝန်ဝတ္တရားအားလုံးနှင့် အခွင့်အရေးအားလုံးကိုသုံးစွဲဆောင်ရွက်ခံစားရမည်။

(၂) နိုင်ငံတော်ယာယီသမ္မတအဖြစ်ဖြင့်၊ တိုင်းပြည်ပြုလွှတ်တော်က ရွေးကောက်တင်မြှောက်သောပုဂ္ဂိုလ်သည်၊ အခန်း ၅ အရ၊ နိုင်ငံတော်သမ္မတကိုနည်းလမ်းကျနစွာ ရွေးကောက်တင်မြှောက်သည့်တိုင်အောင်၊ ၊ပြည်ထောင်စုမြန်မာနိုင်ငံယာယီသမ္မတဖြစ်ရမည်။ ထို့ ပြင်ထိုနိုင်ငံတော်ယာယီသမ္မတသည်၊ ဤအခြေခံဥပဒေပကနိုင်ငံတော်သမ္မတအား အပ်နှင်းထားသောအာဏာအားလုံးနှင့်တာဝန်ဝတ္တရားအားလုံးကို သုံးစွဲဆောင်ရွက်ရမည်။

နိုင်ငံတော်ယာယီသမ္မတအဖြစ်ဖြင့်၊ တမ်းရွက်သော ကာလအပိုင်းအခြားကို၊ ပုဒ်မ ၄၈ ရှိ ပုဒ်မခွဲ(၂) အရ၊ ရာထူးသက်တမ်းကို တွက်စစ်ရာတွင် ထည့်သွင်း၍မရေ တွက်ရ။

(၃) ပြည်ထောင်စုယာယီအစိုးရ၏ ဝန်ကြီးချုပ်နှင့် အခြားဝန်ကြီးချုပ်များအဖြစ်ဖြင့် တိုင်းပြည်ပြုလွှတ်တော်က ရွေးကောက်တင်မြှောက်သောပုဂ္ဂိုလ်များသည်၊ အခန်း ၅ အရ နည်းလမ်းကျနစွာရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတက၊ ပုဒ်မ ၅၆ ရှိ ပြဋ္ဌာန်းချက်များနှင့်အညီ အခြားပုဂ္ဂိုလ်များကို ခန့် ထားသည့်တိုင်အောင်၊ ပြည်ထောင်စုယာယီအစိုးရ၏ဝန်ကြီးချုပ်နှင့် အခြားဝန်ကြီးများဖြစ်ရမည်။

၂၃၂။ ။ (၁) အခန်း ၆ အရ နည်းလမ်းကျနစွာဖွဲ့စည်းသော ပါလီမန်၏ပဌမအစည်းအဝေးကိုကျင်းပသည့်တိုင်အောင်—

(က) တိုင်းပြည်ပြုလွှတ်တော်ရှိ ပဒေသရာဇ်ရှမ်းပြည်နယ်စုဆိုင်ရာ ကိုယ်စားလှယ်အမတ် အားလုံးဖြင့်၊ ရှမ်းပြည်နယ်ယာယီကောင်စီကိုဖွဲ့စည်းရမည်။

(ခ) တိုင်းပြည်ပြုလွှတ်တော်ရှိ မြစ်ကြီးနားနှင့်ဗန်းမော်ခရိုင်ကိုယ်စားလှယ်အမတ်အားလုံးဖြင့်၊ ကချင်ပြည်နယ်ယာယီကောင်စီကိုဖွဲ့စည်းရမည်။

(ဂ) တိုင်းပြည်ပြုလွှတ်တော်ရှိကရင်အမျိုးသားဆိုင်ရာ ကိုယ်စားလှယ်အမတ်အားလုံးဖြင့်၊ ကရင်ရေးရာကောင်စီကိုဖွဲ့စည်းရမည်၊

(ဃ) တိုင်းပြည်ပြုလွှတ်တော်ရှိ၊ ကရင်နီနယ်များဆိုင်ရာကိုစားလှယ်အမတ်အားလုံးဖြင့်၎င်း၊ နိုင်ငံတော်ယာယီသမ္မတက ကရင်ပြည်နယ်မှ ရွေးချယ်ခန့်ထားသောနှစ်ဦးထက်မပိုသည့် အခြားပုဂ္ဂိုလ်ဖြင့်၎င်း၊ ကရင်ပြည်နယ်ယာယီကောင်စီကိုဖွဲ့စည်းရမည်။

(င) တိုင်းပြည်ပြုလွှတ်တော်ရှိ၊ ချင်းတောင်များခရိုင်နှင့် ရခိုင်တောင်တန်းနယ်ပယ်ဆိုင်ရာကိုယ်စားလှယ်အမတ်အားလုံးဖြင့်၊ ချင်းရေးရာကောင်စီကိုဖွဲ့စည်းရမည်။

(၂) ဆိုခဲ့သောယာယီ ကောင်စီအသီးသီးသည်၊ အခန်း ၉ အရဖွဲ့စည်းသောသက်ဆိုင်ရာကောင်စီအသီးသီး၏ အာဏာအားလုံးနှင့် တာဝန်ဝတ္တရားအားကိုသုံးစွဲဆောင်ရွက်ရမည်။

*

၂၃၃။ ။ ဤအခြေခံဥပဒေအရကျင်းပသော ပဌမအမတ်ရွေးကောက်ပွဲကို၊ ဤအခြေခံဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လ အတွင်းတွင် ကျင်းပရမည်။

၂၃၄။ ။ ဤအခြေခံဥပဒေသည် နိုင်ငံတော်ယာယီသမအ္မတက ထုတ်ပြန်ကျေညာသောနေ့တွင်၊ အာဏာတည်ရမည်။ ထိုနေ့သည်မြန်မာသက္ကရာဇ်၊ ၁၃၁၀ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်နေ့ (ခရစ်သက္ကရဇ်၊ ၁၉၄၈ ခုနှစ်၊ ဖွေဘီလ ၁၅ ရက်နေ့) အောက်နောက်မကျစေရ ။

* ပြင်ဆင်ချက်နောက်ဆက်တွဲ "၃" ၊ "၄" ၊ "၅"

ပဌမဇယား ။

ကျမ်းသစ္စာဆိုချက်၊ သို့တည်းမဟုတ်ကတိသစ္စာဆိုချက်ပုံစံ ။

[ပုဒ်မ ၇၂ ကိုကာည့် ။]

ကျွန်ုပ်..... သည်၊ ပြည်သူ့လွှတ်တော်/လူမျိုးစုလွှတ်တော် အမတ်အဖြစ်ရွေးချယ်ခြင်း ခံရူပီးဖြစ်သဖြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုတည်မဲအောင်ထိမ်းသိမ်း၍၊ တရားဥပဒေများကိုစောင့်ရှောက်ပါမည်။ ထို့ပြင်ယခုကျွန်ုပ်ဆောင်ရွက်မည်ဖြစ်သောတာဝန်ဝတ္တရားများကိုလည်း၊ တည်ကြည် ဖြောင့်မှတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကျမ်းသစ္စာဆိုပါသည် ။ (ကတိသစ္စာဆိုပါသည်) ။

ဒုတိယဇယား ။

လူမျိုးစုလွှတ်တော်ဖွဲ့စည်းပုံ ။

[ပုဒ်မ ၈၇ ကိုကြည့်။]

လူမျိုးစုလွှတ်တော်အမတ်နေရာ ၁၂၅ နေရာရှိသည့်အနက်—

(က) နှစ်ဆယ့်ငါးနေရာကို၊ ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။
(ခ) တဆယ့်နှစ်နေရာကို၊ ကချင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့်ဖြည့်သွင်းရမည်။
(ဂ) ရှစ်နေရာကို၊ ချင်းဝိသေသတိုင်းမှ ကိုယ်စားလှယ်များဖြင့်ဖြည့်သွင်းရမည်။
(ဃ) သုံးနေရာကို၊ ကရင်နီပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။
*
(ဇ) နှစ်ဆယ့်လေးနေရာကို၊ ကရင်အမျိုးသားများ၏ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။
*
(စ) ငါးဆယ့်သုံးနေရာကို၊ ပြည်ထောင်စု မြန်မာနိုင်ငံရှိ ကျန်နယ်မြေများမှ ကိုယ်စားလှယ်များဖြင့်ဖြည့်သွင်းရမည်။

* ပြင်ဆင်ချက်နောက်ဆက်တွဲ "၇"

တတိယဇယား။

စာရင်း ၁ — ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်း။

[ပုဒ်မ ၉၂ (၁) ကိုကြည့်။]

၁။ ။ ကာကွယ်ရေး။ ။ဆိုလိုရင်းမှာယေဘုယျအားဖြင့်နိုင်ငံတော်ကာကွယ်ရေးအတွက်စီမံပြင်ဆင်ခြင်း၊ စစ်တွင်းကာလတွင်စစ်အောင်နိုင်ရေးနှင့် စစ်အပြီးတွင်စစ်တပ်များကိုထိရောက်စွာ ဖျက်သိမ်းနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ခြင်းတို့ပါဝင်သောပြည်ထောင်စုနိုင်ငံနှင့်တကွ ပြည်ထောင်စုနိုင်ငံ၏ကာကွယ်ရေး၊ ထို့ပြင်အထူးအားဖြင့်—

(၁) ရေတပ်၊ ကုန်းတပ်၊ လေတပ်များဖွဲ့စည်းရေး၊ လေ့ကျင့်ရေး၊ ထားရှိရေးနှင့် ကြီးကြပ်အုပ်ချုပ်ရေးများ၊ ပြည်ထောင်စုနိုင်ငံကိုကာကွယ်ရန်၎င်း၊ ထိုတပ်များကိုအသုံးပြုရေး။

(၂) ကာကွယ်ရေးဆိုင်ရာစက်မှုလက်မှုလုပ်ငန်းများ။

(၃) ရေတပ်၊ ကုန်းတပ်၊ လေတပ်များနှင့်သက်ဆိုင်သောလုပ်ငန်းများ။

(၄) တပ်မြေဒေသများတွင် ဒေသန္တရကိုယ်ပိုင် အုပ်ချုပ်ရေး၊ ထိုဒေသများအတွင်း တပ်မြေအာဏာပိုင်များဖွဲ့စည်းရေးနှင့် အာဏာများအပ်နှင်းရေး၊ ထိုဒေသများအတွင်း အိမ်နေရာထိုင်ခင်းစည်းမျဉ်းသတ်မှတ်ပေးရေးနှင့်ထိုဒေသများ၏ နယ်နိမိတ်သတ်မှတ်ရေးများ။

(၅) လက်နက်များ၊ အမြောက်သေမတ်များ၊ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေသည့်ဝတ္ထုပစ္စည်းများ။

(၆) အနုမြူဓါတ်အားနှင့် ထိုဒါတ်အားဖြစ်ထွန်းလာစေရန် အရေးပါသော ဓါတ်သတ္ထုပင်ရင်းအခြေခြေမြစ်များ။

(၇) စစ်ဆင်ရေး။

၂။ ။ ပြည်ပရေးရာ။

(၁)သံတမန်ဆိုင်ရာ၊ကောင်စစ်ဝန်ဆိုင်ရာ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိုယ်စားလှယ်ခန့်ထားရေး။

(၂)ကမ္ဘာ့ကုလသမဂ္ဂ။

(၃)ပြည်ထောင်ချင်းချင်းညီလာခံများ၊ အသင်းများနှင့်အခြားအဖွဲ့များတွင်ပါဝင်ဆောင်ရွက်ရေးနှင့်ထိုညီလာခံအသင်းအဖွဲ့တို့၏ ဆုံးဖြတ်ချက်များကိုအထမြောက်စေရေး။

(၄) စစ်ကြေညာရေးနှင့် စစ်ပြေညိမ်းရေး။

(၅) အခြားနိုင်ငံများနှင့်၊ စာချုပ်များသဘောတူညီချက်များကို ချုပ်ဆိုရေးနှင့်အထမြောက်စေရေး။

(၆) နိုင်ငံခြားများနှင့် ကူးသန်းရောင်းဝယ်ခြင်းကို စည်းမျဉ်းသတ်မှတ်ရေး။

(၇) နိုင်ငံခြားနှင့်ချေးငှားရေး။

(၈)နိုင်ငံသားများ၊ နိုင်ငံခြားသားများ၊ နိုင်ငံသားအဖြစ်ခံယူခြင်း၊ နိုင်ငံသားအဖြစ်ရပ်စဲခြင်း။

(၉)ပြစ်မှုကျူးလွန်သူများအား သက်ဆိုင်ရာနိုင်ငံသို့ပေးအပ်ရန်နှင့် သက်ဆိုင်ရာနိုင်ငံမှတောင်းဆိုရေး။

(၁၀) နိုင်ငံကူးဒလက်မှတ်များနှင့်ဗီဇာများ။
(၁၁) နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ။
(၁၂) ပင်လယ်ရေကြောင်းစီရီပိုင်ခွင့်အာဏာ။
(၁၃) ပင်လယ်ခမြမူများ၊ ပင်လယ်ပြင်၌ရင်း၊ ကောင်းကင်ယံ၌ရင်း၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများကို ကျူးလွန်သောပြစ်မှုများ။
(၁၄) ပြည်ထောင်စုနိုင်ငံတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွင့်ပြုရေးနှင့်ပြည်နှင်ဒဏ်ပေးရေးများ။
(၁၅) နိုင်ငံတော်ပိုင်ပင်လယ်နယ်နိမိတ်အပြင်အပရှိ တံငါလုပ်ငန်းအမျိုးမျိုး။
(၁၆) ပြည်ထောင်စုအစိုးရက သတ်မှတ်ထားသော အကောက်နယ်နိမိတ်များကိုဖြတ်သန်း၍ ယူဆောင်လာသော ဝင်ကုန်နှင့် ထွက်ကုန်။

၃။ ။ ဆက်သွယ်ရေး
(၁) သဘော်ဘဆိပ်ကမ်းများနှင့် တကွပြည်ထောင်စု အဖွဲ့ဝင်တခုမှ တခုသို့ ကူးစက်တတ်သောရောဂါကာကွယ်ရေး (ကွာရန်တင်း)၊ သဘော်သားဆေးရုံးများနှင့် ပင်လယ်ရေကြောင်းဆိုင်ရာဆေးရုံများသို့ ၊ ထို့ပြင်ဆိပ်ကမ်းကွာရန်တင်းဆိုင်ရာဆေးရုံးများ။
(၂) လေကြောင်းခရီးလမ်းများ။
(၃) ပြည်ထောင်စုနိုင်ငံ၏ကုန်းလမ်း၊ ရေလမ်းများဖြင့်သည်ဟုပြည်ထောင်စုအစိုးရက ကျေညာထားသောကုန်းလမ်း ရေလမ်းများ။
(၄) ပြည်ထောင်စုအစိုးရက၊ ပြည်ထောင်စုရေလမ်းများ ဖြစ်သည်ဟုကြေညာထားသော ပြည်တွင်းရေလမ်းများတွင်၊ စက်ဖြစ် ခုတ်မောင်းသည့်ရေယဉ်များဖြင့်သယ်ယူပို့ ဆောင်ရေးရှင့်ခရီးသွား လာရေး၊ ထိုရေလမ်းများဆိုင်ရာ သွားလာမှုနည်းဥပဒေများ၊ ထိုရေလမ်းများတွင်ခရီးသည်များနှင့် ကုန်ပစ္စည်းများသယ်ယူပို့ ဆောင်ရေး။
(၅) မီးရထားများ။
(၆) ရေတက် ရေကျရှိသောရေလမ်းများတွင်သယ်ယူပို့ ဆောင်ရေးနှင့်သွားလာရေးလည်းပါဝင်သောပင်လယ်ခရီး သယ်ယူပို့ ဆောင်ရေးနှင့် သွားလာရေး။
(၇) ဆိပ်ကမ်းကြီးများ၊ ဆိုလိုရင်းမှာ ထိုဆိပ်ကမ်းကြီးများ ကျေညာရေးနှင့်နယ်နိမိတ်သတ်မှတ်ရေး၊ထို့ပြင်ဆိပ် ကမ်းဆိုင်ရာအာဏာပိုင်များဖွဲ့ စည်းရေးနှင့်ထိုအာဏာပိုင်တို့ ၏ အာဏာများ။
(၈) လေယာဉ်ပျံများ၊ လေကြောင်းခရီးသွားလာရေး၊ လေယာဉ်ပျံကွင်းများစီမံထားရှိရေး၊ လေကြောင်းခရီးသွားလာ မှုနှင့် လေယာဉ်ပျံကွင်းများအတွက် စည်းမျဉ်းပုဒ္ဒာန်းခြင်းချုပ်ခွဲ့ စည်းရေးများ။
(၉) ပင်လယ်ရေကြောင်းဖြစ်စေ၊ လေကြောင်းဖြင့်ဖြစ်စေ၊ ခရီးသည်များနှင့်ကုန်စည်ပို့ ဆောင်ရေး။
(၁၀) လှေ၊ သဘော်နှင့်လေယာဉ်ပျံများဘေးရန် ကင်းရေးအတွက် မီးပြသဘော်များ၊ မီးပြအထိမ်းအမှတ်များနှင့်အခြား စီမံချက်များပါဝင်သောမီးပြတိုက်များ။
(၁၁) စာပို ့ဆောင်ရေးနှင့် ကြေးနန်းဆက်သွယ်ရေး၊ စကားပြောကြေးနန်းဆက်သွယ်ရေး၊ ဝိုင်ယာလက်၊ အသံလွှင့်ရေးနှင့်၊ အခြားအလားတူဆက်သွယ်ရေးများ။

၄။ ။ ဘဏ္ဍာရေး။
(၁) ပြည်ထောင်စုမြန်မာနိုင်ငံကိုအခြေပြု၍ငွေချေးယူခြင်း။
(၂) နိုင်ငံခြားသို့ ပို့ သောထွက်ကုန်များအပေါ်တွင်စည်းကြပ်သောအကောက်တော်လည်းပါဝင်သည့်အကောက် တော်လည်းပါဝင်သည့်အကောက်တော်များ။
(၃) နိုင်ငံဖြစ်ပစ္စည်းခွန်များ၊ ထိုအခွန်များတွင်ပြည်နယ်ဥပဒေပြုစာရင်း၌ရေတွက်ဖော်ပြထားသော အကောက်အခွန် များမပါ၊ သို့ ရာတွင်လျှပ်စစ်ခါတ်အားရအောင်ပြုခြင်း၊ သုံးစွဲခြင်းတို့ ပေါ်တွင် စည်းကြပ်သောအခွန်များပါသည်။
(၄) ကုန်စည်ရောင်းဝယ်ခြင်းတို့ အပေါ်တွင် စည်းကြပ်သောအခွန်များ။
(၅) ကုမ္ပဏီများအပေါ်တွင်စည်းကြပ်သောအခွန်များ။

(၆) အမြတ်တော်ခွန်များ။

(၇) တဦးတယောက်ပိုင်ပစ္စည်းများ၏၊ သို့ တည်းမဟုတ်ကုမ္ပဏီပိုင်ပစ္စည်းများ၏တန်ဘိုးအပေါ်တွင်စည်းကြပ်သောအခွန်များ။

(၈) ကုမ္ပဏီ၏ငွေရင်းအပေါ်တွင်စည်းကြပ်သောအခွန်များ။

(၉) ကွယ်လွန်သူပိုင် ပစ္စည်းများအပေါ်တွင်စည်းကြပ်သော အခွန်နှင့်ပစ္စည်းဆက်ခံခွန်များ။

(၁၀) အမြတ်ကြီးခွန်။

(၁၁) ငွေစုဘဏ်။

(၁၂)ငွေလွှဲစာချုပ်များချက်လဘက်မှတ်များအော်ဒီမန်စာချုပ်များနှင့် အမခြားစာချုပ်များအပေါ်တွင်စည်းကြပ်သောတံဆိပ်တော်ခွန်များ။

(၁၃)မီးရထားဖြင့်ဝင်း၏၊ ပင်လယ်ရေကြောင်းခရီးဖြင့်ဝင်း၊ လေကြောင်းခရီးဖြင့်ဝင်း၊ သွားလာသယ်ယူပို့ ဆောင်သောခရီးသည်နှင့် ကုန်ပစ္စည်းများအပေါ်တွင်စည်းကြပ်သောခရီးခွန်များ။

(၁၄)မီးရထားလူစီးခနှင့်ကုန်တင်ခအပေါ်တွင်စည်းကြပ်သောအခွန်များ။

(၁၅) ဤစာရင်းရှိကိစ္စတခုခုနှင့်စပ်လျဉ်း၍ ရရှိသောအခွန်များ၊ သို့ ရာတွင်တရားလွှတ်တော်၏လက်အောက်ခံတရားရုံးများ၌ ကောက်ခံ ရရှိသောအခွန်များမပါဝင်ချေ။

၅။ ။ အရပ်ရပ်ဆိုင်ရာ။

(၁) သီးသန့် ဘဏ်၊ ဘဏ်ဖွဲ့ စည်းရေးနှင့်ငွေစက္ကူထုတ်ရေးတို့ ပါဝင်သောဘဏ်လုပ်ငန်း။

(၂) ငွေစက္ကူ။ ဒဂိီးသွန်းခပ်ရေးနှင့် တရားဝင်ငွေ။

(၃) ပြည်ထောင်စုနိုင်ငံကိစ္စများအတွက်စုံစမ်းခြင်း၊ စစ်ဆေးကြည့်ရှုခြင်းနှင့် စစ်တမ်းယူခြင်း။

(၄) ပြည်ထောင်စုနိုင်ငံကိစ္စများအတွက်ပစ္စည်းရယူရေး။

(၅)ပြည်ထောင်စုတနိုင်ငံလုံး အတွက်အရေးပါအရာရောက်သည်ဟုပြည်ထောင်စုတရားဥပဒေကပြဋ္ဌာန်းသောပြတိုက်၊ စာကြည့်တိုက်နှင့်အခြားအလားတူအဖွဲ့ အစည်းများ။

(၆) အောက်ပါကိစ္စရပ်များအတွက် ပြည်ထောင်စုနိုင်ငံကိုယ်စားလှယ်အဖွဲ့ နှင့် အဖွဲ့ စည်းများ၊ ဆိုလိုရင်းမှာသုတေသနပြုရေး၊ သက်မွေးမှုပညာနှင့်စက်မှုလက်မှုပညာသင်ကြားရေး၊ သို့ တည်းမဟုတ်အထူးပညာရပ်များသင်ကြားရေးကိုအားပေးချီးမြှင့်ရန်ဖြစ်သည်။

(၇) သန်းခေါင်းစာရင်း။

(၈) ပြည်ထောင်စုနိုင်ငံဝန်ထမ်းအဖွဲ့ များ။

(၉) ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်မဆန့် ကျင်စေဘဲ၊ ပါလီမန်သို့ အမတ်ရွေးကောက်တင်မြှောက်ခြင်း။

(၁၀) ပြည်ထောင်စုနိုင်ငံတော်သမ္မတ၏ လစာနှင့် စာရိတ်ကြေးငွေများ၊ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုအဓိုးရအဖွဲ့ ဝင်ဝန်ကြီးများ၏ ဥစ္စာနှင့်စာရိတ်ငွေကြေးများ၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ၏လစာများ၊ လူမျိုးစုလွှတ်တော်နာယကနှင့် ဒုတိယနာယကတို့ ၏လစာများ၊ ပါလီမန်အမတ်များ၏ လစာစရိတ်နှင့်အခွင့်အရေးများ။

(၁၁) ပြည်ထောင်စုနိုင်ငံအပေါ်၌တင်ရှိသောကြွေးမြီ။

(၁၂) ရာဇဝတ်ဥပဒေနှင့်ကျင့်ထုံး။

(၁၃) တရားဥပဒေနှင့်ကျင့်ထုံး၊ အထူးအားဖြင့်ထိုဥပဒေနှင့်ကျင့်ထုံးတို့ တွင်ကလေးသူငယ်များနှင့်အရွယ် မရောက်သေးသူများ၊ မွေးစားခြင်း၊ ပစ္စည်းလွှဲပြောင်းရေး၊ ယုံပုံလွှဲအပ်ထားသဖြင့် စီမံပိုင်ခွင့်ရှိသူများနှင့် ထိုသို့ သို့ လွှဲအပ်ထားရေး၊ ပဋိညာဉ်များ၊ အနည်းတစီရင်ဆုံးဖြတ်ရေး၊ လူမွဲစာခံရေး၊ တရားစွဲဆိုင်ပိုင်ခွင့်ရှိသော နစ်နာချက်များ၊ ရှူးသွပ်ခြင်းတု့ နှင့် စပ်လျဉ်းသော တရားဥပဒေများပါဝင်သည်။

(၁၄) သက်သေခံဥပဒေ။

(၁၅) ရေ့ နေလိုက်ခြင်း၊ ဆေးကုသခြင်း၊ အခြားအတတ်ပညာများဖြင့်အသက်မွေးခြင်း။

(၁၆) သတင်းစာများ၊ စာအုပ်များနှင့်စာပုံနှိပ်စက်များ။

(၁၇) အဆိပ်များနှင့်ဘေးအန္တရယ်ဖြစ်စေတတ်သောဆေးများ။

(၁၈) စက်ဖြစ်ခုတ်မောင်းသောယာဉ်များ။

(၁၉) ကုန်စည်လုပ်ကိုင်သောယာဉ်များ။

(၂၀) အလုပ်သမားများအကျိုးတိုးပွါးရေး၊ အလုပ်သမားတို့၏အခြေအနေ၊ အလုပ်ရှင်များ၏တာဝန်ဝတ္တရားနှင့် အလုပ်သမားလျော်ကြေး၊ ကျန်းမာရေးအာမခံစနစ်၊ အိုမင်းမစွမ်းပင်ရှင်များ။

(၂၁) အလုပ်လက်မဲ့အာမခံစံနစ်များ။

(၂၂) အလုပ်သမားအစည်းအရုံးများ၊ စက်မှုလက်မှုဆိုင်ရာနှင့်အလုပ်သမားဆိုင်ရာပဋိပက္ခမှုများ။

(၂၃) လျှပ်စစ်ဓါတ်။

(၂၄) အာမခံစံနစ်။

(၂၅) ကုမ္ပဏီဥပဒေ။

(၂၆) ချက်လက်မှတ်များ၊ ငွေလွှဲစာချုပ်များ၊ အော်ဒီမန်စာချုပ်များနှင့်အခြားအလားတူစာချုပ်များ။

(၂၇) စာမှုပိုင်၊ အသစ်ထွင်ခြင်း၊ မှုပိုင်ခွင့်မှတ်ပုံတင်ခြင်း၊ ကုန်မှတ်တံဆိပ်များ၊ ကုန်တံဆိပ်များ၊ ကုန်ပုံစံများ။

(၂၈) စီမံကိန်းပြုခြင်း။

(၂၉) မြေရှင်နှင့် သီးစားတို့ ဆက်ဆံရေး၊ မြေငှါးခတောင်းခံရေးတို့ ပါဝင်သောမြေယာပိုင်ခွင့်စံနစ်စည်းမျဉ်းသတ်မှတ်ရေး၊ မြေယာလွှဲပြောင်းခြင်း၊ မြေယာစွန့်လွှတ်ခြင်း၊ မြေယာဆက်ခံစေခြင်းများ။

(၃၀) ရှေးဟောင်းနှင့်ရာဇဝင်အထိမ်းအမှတ်များ ၊ ရှေးဟောင်းကျောက်စာတည်နေရာများနှင့် ရှေးဟောင်းအကြွင်းအကျန်များ။

(၃၁) အလေး တင်းတောင်း စသည်တို့ ကိုစံပြုခြင်း။

(၃၂) ဘိန်း၊ သို့ ရာတွင်ဘိန်းအပေါ်၌ ကောက်ခံသောယစ်မျိုးခွန်များမပါ

(၃၃) ရေနံနှင့်ပြည်ထောင်စု တရားဥပဒေ ဘေးအန္တရယ် ဖြစ်လောက်အောင်လောင်ကျွမ်းစေတတ်သည်ဟုသတ်မှတ်ထားသော အခြားအရည်အခဲအစရှိသည်များ။

(၃၄) ပြည်ထောင်စုတရားဥပဒေက ပြည်ထောင်စုအစိုးရ၏ကြိုးကြပ်အုပ်ချုပ်ခြင်းဖြင့် ပြည်သူ့အကျိုးငှာသင့်လျော်သည်ဟု ပြဋ္ဌာန်းထားသောစက်မှုလက်မှုလုပ်ငန်းများကိုတိုးတက်အောင်စောင့်ရှောက်ရေး။

(၃၅) သမဝါယမအသင်းများ။

(၃၆) သစ်တောများ၊ သတ္တုတွင်းများ၊ ရေနံမြေများကို သတ်မှတ်ရေး၊ သတ္တုတွင်းများကိုတူးဖေါ်၍ တိုးတက်အောင်ပြုရေး၊ (သတ္တုတွင်းများနှင့်ရေနံမြေများ သတ်မှတ်ရေးကိစ္စတွင် အလုပ်သမားအရေးနှင့် အလုပ်သမားဘေးကင်းရေးတို့ ပါဝင်သည်)။

(၃၇) ပြည်ထောင်စုနိုင်ငံအတွင်းတွင်ရှိ ပြောင်းနေထိုင်ရေး။

(၃၈) ဤစာရင်းတွင်ရေတွက်ဖေါ်ပြထားသောကိစ္စများနှင့်စပ်လျဉ်း၍၊ ရုံးအားလုံး၏စီရင်ပိုင်ခွင့်အာဏာနှင့် အာဏာများ။

(၃၉) ဤစာရင်းရှိကိစ္စများနှင့်စပ်လျဉ်း၍ တရားဥပဒေးများကိုကျူးလွန်သောပြစ်မှုများ။

(၄၀) စာရင်း ၂ တွင်ရေတွက်ဖေါ်ပြထားခြင်းမရှိသော အခြားကိစ္စများ။

စာရင်း ၂— ပြည်နယ်ဥပဒေပြုစာရင်း။

[ပုဒ်မ ၉၂ (၂) ကိုကြည့်]

၁။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာကိစ္စများ။

(၁) ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်နယ်၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြုခြင်း။

(၂) ပြည်နယ်ဝန်ထမ်းများအဖွဲ့များနှင့် ပြည်နယ်ရာထူးဝန်အဖွဲ့။

(၃) ပညာပင်ရှင်များ၊ ဆိုလိုရင်းမှာပြည်နယ်က ပေးရမည်ဖြစ်သော၊ သို့တည်းမဟုတ် ပြည်နယ်အခွန်ဘဏ္ဍာတော်များမှ ပေးရမည်ဖြစ်သောပင်ရှင်များ။

(၄) ပြည်နယ်အစိုးရအဖွဲ့ ဝင်များ၏လစာများ၊ ပြည်နယ်ကောင်စီသဘာပတိ၏လာစာများ၊ ပြည်နယ်ကောင်စီအ
မတ်များ၏ လစာစရိတ်နှင့် အခွင့်အရေးများ။

၂။ ။ စီးပွါးရေးကိစ္စများ။

(၁) လယ်ယာစိုက်ပျိုးရေး၊ ကျွဲနွားတိရိစ္ဆာန်ထောင်များနှင့် ကျွဲနွားတိရိစ္ဆာန်ကျော်နင်းဝင်ရောက်မှုတားဆီးရေး။

(၂) ပြည်နယ်အတွင်းရှိတံငါလုပ်ငန်းများ။

(၃) မြေယာ၊ မြေနွန်တော်၊ မြေယာတိုးတက် ကောင်းမွန်ရေးနှင့်လယ်ယာအမတော်ကြေးများ၊ စုပေါင်း၍နေရာ
အသစ်တည်ခြင်း၊ ကြွေးမြီအပေါင်အနှံမကင်းသောမြေယာပစ္စည်းအဆောက်အအုံများနှင့်ဝရမ်းအတပ်ခံရသော မြေယာပ
စ္စည်းအဆောက်အအုံများ၊ ရတနာသိုက်များ။

(၄) ပြည်နယ်သို ့အပ်နှင်းထားသော၊ သို ့တည်းမဟုတ်ပြည်နယ်၏လက်ရှိဖြစ်သောလုပ်ငန်းများမြေများနှင့်
အဆောက်အအုံများ။

(၅) ဈေးများနှင့်ပွဲဈေးများ။

(၆) ရေ၊ ဆိုလိုရင်းမှာ ရေပေးသွင်းခြင်း၊ ဆည်မြောင်းများ၊ တူးမြောင်းများ၊ ရေလွှတ်မြောင်းများနှင့်ရေကာတာများ၊
ရေလှောင်ကန်များ၊ သို ့ရာတွင် ပြည်ထောင်စုအဖွဲ ့ဝင်တနယ်မှတနယ်သို ့ဖြတ်သန်းစီးဆင်းလျက်ရှိသောမြစ်များနှင့်
ရေကြောင်းများမပါချေ။

(၇) လူခွန်နှင့်သဿမေအခွန်တော်။

(၈) ပြည်နယ်အတွင်းတွင်လုပ်ကိုင်သော၊ သို့ တည်းမဟုတ်ထွက်သော အောက်ဖေါ်ပြပါကုန်ပစ္စည်းများအပေါ်တွင်
စည်းကြပ်သောနိုင်ငံဖြစ်ပစ္စည်းအကောက်အခွန်များနှင့် ပြည်ထောင်စုနိုင်ငံအတွင်းရှိအခြား ဒေသများတွင်လုပ်ကိုင်သော၊
သို့ တည်းမဟုတ် ထွက်သောအလားတူကုန်ပစ္စည်းများ အပေါ်တွင်စည်းကြပ်သည့် နှိုင်းညှိအကောက်အခွန်များ။

(က) သောက်သုံးသောသေရေသေရက်။

(ခ) ဘိန်း။

(ဂ) ဆေးခြောက်၊ မူးယစ် ထုံထိုင်းစေတတ်သောဆေးများ၊ မမူးမယစ်ထုံထိုင်းစေတတ်သောဆေးများ။

(ဃ) အရက်ပျံပါသော၊ သို့ တည်းမဟုတ် အထက်ပါ (ခ) နှင့် (ဂ) တွင်ဖေါ်ပြထားသော အရာဝတ္ထုများပါဝင်သည့်
ဆေးများနှင့် လူသုံးကုန်များ။

(၉) ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့်အလုပ်အကိုင်များ အပေါ်တွင်စည်းကျပ်သောအခွန်များ။

(၁၀) တိရိစ္ဆာန်များနှင့် ရေယဉ်များအပေါ်တွင် စည်းကြပ်သောအခွန်များ။

(၁၁) ပွဲလမ်းသဘင်ပျော်ရွှင်မှုများနှင့် လောင်းတမ်းကစားခြင်များ အပေါ်တွင်စည်းကျပ်သောအခွန်များ။

(၁၂) ကင်းခွန်များ (အကောက်များ) ။

၃။ ။ လုံခြုံရေး။

(၁) ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (သို့ ရာတွင် ပြည်ထောင်စုနိုင်ငံ၏ ကုန်းတပ် ရေတပ် ဆလတပ်တို့ ကို အသုံးပြုခြင်း
မပါချေ) ။

(၂) ကျေးရွာရာဇဝတ်အမှုထမ်းအဖွဲ့ ပါဝင်သော ရာဇဝတ်အမှုထမ်းအဖွဲ့ ။

(၃) တရားစီရင်ခြင်း၊ တရားလွှတ်တော်၏လက်အောက်ခံ ရုံးများဖွဲ့ စည်းအုပ်ချုပ်ပုံနှင့် ထိုရုံးများကရရှိသောအခွန်
များ၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေးအတွက် ကာကွယ်သောသဘောဖြင့် ချုပ်နှောင်ထားခြင်း၊ ထို့ သို့ ချုပ်နှောင်ခြင်းခံရသူများ။

(၄) ဥပ္စာရင်းတွင်ဖေါ်ပြထားသော ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ တရားလွှတ်ဆ်တော်လက်အောက်ခံရုံးများ၏ စီရင်ပိုင်
ခွင့် အာဏာနှင့်အာဏာများ။

(၅) အကျဉ်းထောင်များ၊ ထိုအကျဉ်းထောင်များတွင် အကျဉ်းခံနေရသောသူများ၊ အကျဉ်းထောင်များနှင့်အလားတူ
ဌာနများကိုအသုံးပြုနိုင်ရန် အခြားပြည်နယ်များနှင့်စီစဉ်ခြင်း။

(၆) ဥ္စာရင်းတွင်ဖေါ်ပြထားသည့် ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ တရားဥပဒေများကိုကျူးလွန်သောပြစ်မှုများ။

၄။ ။ဆက်သွယ်ရေး။

(၁) ပြည်နယ်၏နယ်နိမိတ်ကိုမကျော်လွန်သောလမ်းများ၊ တံတားများ၊ ကူးတို့ များနှင့်အခြားဆက်သွယ်ရေးများ။

(၂) မြို့နိုပယ် ခါတ်ရထားများ၊ ကြိုးလမ်းများ။

(၃) ပြည်တွင်း ရေလမ်းများနှင့် ထိုရေလမ်းများတွင် သွားလာသယ်ယူပို့ ဆောင်ရေး။

(၄) မီးရထားမှတပါး၊ ပြည်နယ်အတွင်းတွင်လုပ်ဆောင်နိုင်သောဒေသန္တရလုပ်ငန်းများ။ ။ ထိုလုပ်ငန်းများသည်၊ ပြည်နယ်ကောင်စီနှင့်စီစဉ်ခြင်းသော်၎င်း၊ အခြားနည်းသောဥင်းပြုကာ၊ မည်သည့်လုပ်ငန်းကိုမဆိုပြည်ထောင်စုတန်ခိုင်ံလုံးအတွက် အရေးပါအရာရောက်သော လုပ်ငန်းဟူ၍ကျေညာနိုင်၍၊ ထိုလုပ်ငန်းလုပ်ဆောင်ရေးအတွက် စီမံနိုင်သော ပါလီမန်၏အာဏာနှင့်မဆန့် ကျင်စေရ။

၅။ ။ ပညာရေး။

(၁) ပညာသင်ကြားရေး (ဤအခြေခံပဒေ အာဏာတည်သည့် မှစ၍၊ ဆယ်နှစ်ဖြစ်သောကာလအပိုင်းအခြားကုန်လွန်ပြီးနောက် ပါလီမန်ကအခြားပြဋ္ဌာန်းချက်မပြုလျှင်၎င်း၊ တက္ကသိုလ်ပညာ၊ အထက်တန်းပညာစက်မှုလက်မှုပညာနှင့် အထက်တန်းသက်မွေးမှုပညာတို့ မပါချေ)။

(၂) ပြည်နယ်ကကြီးကြပ်အုပ်ချုပ်သော၊ သို့ တည်းမဟုတ် ငွေထောက်ပံ့သောပညာရေးဆိုင်ရာအဖွဲ့ အစည်းများ။

(၃) ပြည်နယ်ကကြီးကြပ်အုပ်ချုပ်သော၊ သို့ တည်းမဟုတ်ငွေထောက်ပံ့သောစာကြည့်တိုက်များ၊ ပြတိုက်များနှင့် အလားတူအဖွဲ့ အစည်းများ။

(၄)ဇာတ်ရုံများ၊ ကပွဲသဘင်များ၊ ရုပ်ရှင်များ၊ သို့ ရာတွင်ပြသရန်ဖြစ်သော ရုပ်ရှင်ကားပညတ်ရေးအတွက်အမိန့် ပေးခြင်းမပါချေ။

၆။ ။ ပြည်သူ့ ကျန်းမာရေး။

(၁) ပြည်သူ ့ ကျန်းမာရေးနှင့်သန့် ရှင်းစင်ကျယ်ရေး။

(၂) ဆေးရုံများ၊ ဒုက္ခိတရုံများ၊ ဆေးပေးရုံးများတည်ထောင်ရေး၊ ထားရှိရေးနှင့်စီမံအုပ်ချုပ်ရေး။

(၃) မွေးဖွားခြင်း၊ သေဆုံးခြင်းရှင့်ထိမ်းမြားခြင်းတို့ ကိုမှတ်ပုံတင်ခြင်း။

(၄) မြေမြှောခြင်းတို့ ကိုမှတ်ပုံတင်ခြင်း။

(၅) မြေမြှုပ်သင်္ဂြိုလ်ခြင်းနှင့် သင်္ချိုင်းမြေများ။

၇။ ။ ဒေသန္တရအုပ်ချုပ်ရေး။

(၁) ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေးအတွက်၊ သို့ တည်းမဟုတ်ကျေးရွာအုပ်ချုပ်ရေးအတွက် မြို့နိုစပယ်များနှင့် အခြားဒေသန္တရ အာဏာပိုင်များ ။

(၂) ကုသိလ်ဖြစ်အဖွဲ့ အစည်းများ။

၈။ ။ အရပ်ရပ်ဆိုင်ရာ။

(၁) လူဆင်းရဲများကယ်ဆယ်ထောက်ပံ့ရေး။

(၂) ဤစာရင်းတွင်ဖေါ်ပြထားသည့်ကိစ္စများနှင့် စပ်လျဉ်း၍စုံစမ်းခြင်း၊ စစ်တမ်းယူခြင်း။

(၃) နိုင်ငံတော်သမတ္တ၏ထင်မြင်ချက်တွင်ဒေသန္တရသဘောမျှသာသက်ဝင်သည်ဟူ၍သော်ငင်း၊ ပြည်နယ်တွင်းရေးရာသဘောမျှသာ သက်ဝင်သည်ဟူ၍သော်ငင်း၊ ဟူဆခြင်းခံရသောကိစ္စများ။

စတုတ္ထဇယား။

ပြည်နယ်အခွန်တော်စာရင်း။
[ပုဒ်မ ၉၆ ကိုကြည့်။]

၁။ ။ မြေခွန်တော်။
(က) မြေခွန်တော်သက်သက်။
(ခ) တံငါလုပ်ငန်းများဆိုင်ရာဂျိုးခများနှင့်အခွန်များ။
(ဂ) ရေနံအပေါ်တွင်စည်းကြပ်သောမခွန်။
(ဃ) တွင်းထွက် ပစ္စည်းများအပေါ်၌စည်းကြပ်သောအခွန်နှင့် တွင်းထွက်ပစ္စည်းပိုင်ဆိုင်ခွင့်များအပေါ်တွင်စည်းကြပ်သောအခွန်များ။
(င) ကြက်ပေါင်စေးအပေါ်တွင်စည်းကြပ်သောအခွန်များ။
(စ) လူခွန်နှင့် သဿမေတအခွန်တော်များ။

၂။ ။ ပြည်နယ်အတွင်းတွင်လုပ်ကိုင်သော၊ သို့ တည်းမဟုတ်ထွက်သော အောက်ဖေါ်ပြပါ ကုန်ပစ္စည်းများအပေါ်တွင် ကောက်ခံသည့် နိုင်ငံဖြစ်ပစ္စည်းအကောက်အခွန်များနှင့် ပြည်ထောင်စုနိုင်ငံအတွင်းရှိအခြားဒေသများတွင်လုပ်ကိုင်သော၊ သို့ တည်းမဟုတ်ထွက်သော အလားတူကုန်ပစ္စည်းများအပေါ်တွင် စည်းကြပ်သည့် နိုင်းညှိအကောက်အခွန်များ။
(က) သောက်သုံးသောသေရည်သေရက်။
(ခ) ဘိန်း။
(ဂ) ဆေးခြောက်၊ မူးယစ်ထုံးထိုင်းစေတတ်သောဆေးများ၊ မမူးမယစ်မထုံမထိုင်းစေတတ်သောဆေးများ။
(ဃ) အရက်ပျံပါသော၊ သို့ တည်းမဟုတ် အထက်ပါ (ခ) နှင့် (ဂ) တွင်ဖေါ်ပြထားသည့်အရာဝတ္ထုများပါဝင်သည့် ဆေးများ၊ လှသန့် ကုန်များ။

၃။ ။ တရားလွှတ်တော်၏လက်အောက်ခံ တရားရုံးများ၌ကောက်ခံရရှိသောအခွန်များ။
၄။ ။ သစ်တောများ။
၅။ ။ မှတ်ပုံခြင်း။
၆။ ။ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် အလုပ်အကိုင်များအပေါ်တွင် စည်းကြပ်သောအခွန်များ။
၇။ ။ တိရစ္ဆာန်များနှင့်ရေဃဉ်များအပေါ်တွင် စည်းကြပ်သောအခွန်များ။
၈။ ။ ပွဲလမ်းသဘင်ပျော်ရွှင်မှုများ၊ လောင်းတမ်းကစားခြင်းများအပေါ်တွင်စည်းကြပ်သောအခွန်တော်များ။
၉။ ။ ပြည်နယ်မော်တော်ယာဉ်ခွန်အက်ဥပဒေများအရ စည်းကြပ်သောအခွန်များ။
၁၀။ ။ ဆည်မြောင်းဌာနမှ ကောက်ခံရရှိသောအခွန်များ။
၁၁။ ။ ပြည်နယ်အခွန်တော်များမှ ထုတ်ချေးသဖြင့်ရသော အတိုးများနှင့်ပြည်နယ်ကရင်းနှီးသောအခွန်ငွေမှရသောအတိုးများ။
၁၂။ ။ ပြည်နယ်ဝင်များမှ ပြည်နယ်သို့ ပေးသောဆက်ကြေးများ။
၁၃။ ။ ပြည်ထောင်စုနိုင်ငံမှပေသောထောက်ပံ့ငွေများ။
၁၄။ ။ အခွန်များ၊ ဒဏ်ငွေများ၊ ပြည်နယ်ပိုင်ပစ္စည်းများရောင်းရငွေနှင့် ငှါးရမ်းရရသောဂျိုးခများ၊ ပို ပေးထားသဖြင့် ပြန်လည်ရရှိသောငွေ၊ အထက်ဖေါ်ပြပါ ကိစ္စနှင့်အောက်ဖေါ်ပြပါကိစ္စတခုခုနှင့် စပ်လျဉ်း၍သော်၎င်း အမှုထမ်းဆောင်ရသောကြောင့်ပေးဆောင်ရသောငွေများ။
(က) တရားစီရင်အုပ်ချုပ်ရေး။
(ခ) အကျဉ်းထောင်များနှင့် အကျဉ်းသားများထားရာဒေသများ။
(ဂ) ရာဇဝတ်အမှုထမ်းအဖွဲ့ များ။
(ဃ) ပညာရေး။
(င) ဆေးဘက်ဆိုင်ရာ။
(စ) ပြည်သူ့ ကျန်းမာရေး။

(ဆ) လယ်ယာစိုက်ပျိုးရေး။
(ဇ) တိရိစ္ဆာန်ဆေးကုသရေး။
(စျ) သမဝါယမအသင်း။
(ည) မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့်ထိမ်းမြားခြင်းတို့ ကိုမှတန်ပုံတင်ခြင်း။
(ဋ) မြို့ပြနယ်ပယ်ဆိုင်ရာလုပ်ငန်းများ။
(ဌ) ပြည်နယ် ယာထမ်း မှုထမ်းများအား အိုမင်းမစွမ်းသဖြစ်၍ အငြိမ်းစားပေးရန်ထောက်ပံ့ငွေများ။
(ဍ) စာရေးကိရိယာနှင့် စာပုံနှိပ်ခြင်း။
(ဎ) ပိုင်ရှင်မပေါ်သောသွင်းထားငွေများ။
(ဏ) ရတနာသိုက်။
(တ) ကင်းခွန်များ (အကောက်အများ)။
(ထ) အထူးရရှိငွေများ။

နောက်ဆက်တွဲများ ။

နောက်ဆက်တွဲ "၁"

သမတ္တအိမ်တော်။
၏
ကျေညာချက်။

သမတ္တအိမ်တော်၊ ရန်ကုန်မြို့ ။
၁၃၁၉ ခု၊ ပြာသိုလဆုတ် ၉ ရက်။
(၁၉၄၈ ခု၊ ဇန္နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရနိုင်ငံတော်ယာယီသမတ္တက ထိုဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် သက္ကရဇ် ၁၃၁၀ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် (၁၉၄၈ ခု၊ဇန္နဝါရီလ ၄ ရက်) နေ့ မှစ၍ အာဏာတည်ရမည်ဟု အောက်ပါအတိုင်း ထိုနေ့ တွင်ကျေညာသည်။

"ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံ၏နိုင်ငံတော် ယာယီသမတ္တဖြစ်သော ကျွန်ုပ် စပ်ရွှေသိုက်သည်၊ တိုင်းပြည်ပြုလွှတ်တော်က ဥပဒေအဖြစ်အတည်ပြုလိုက်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့ စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအား၊ ၁၃၀၉ ခု၊ ပြာသိုလဆုတ် ၉ ရက် (၁၉၄၈ ခု၊ ဇန္နဝါရီလ ၄ ရက်) နေ့ တွင် အာဏာတည်ရမည်ဟုကျေညာလိုက်သည် ။

စပ်ရွှေသိုက်။"

အမိန့် အရ၊
ရွှေဘော်၊
နိုင်ငံတော်သမတ္တအတွင်းဝန်

နောက်ဆက်တွဲ "၂"

ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြင်ဆင်ချက်များပြုလုပ်ခဲ့ခြင်းဖြစ်စဉ် အကျဉ်းချုပ်*

၁။ ။ ဥက္ကဋ္ဌကများယွင်းသည့်စာလုံးများနှင့် ဥပဒေ (မူ) ကို မထိခိုက်သည့် အမှားအယွင်းများကိုပြင်ဆင်ခြင်း။ ။
ဖွဲ့ စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကို တိုင်းပြည်ပြုလွှတ်တော်က ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ တွင်အတည်ပြုခဲ့

ပါသည်။ ဤကဲ့သို့ အတည်ပြုခဲ့ပြီးနောက်၊ အခြေခံဥပဒေတွင် ပုံနှိပ်မှားယွင်းခြင်းနှင့် မူကိုမထိခိုက်သည့်အမှားများကို ပြင်ဆင်နိုင်ရန်၊ တိုင်းပြည်ပြုလွှတ်တော်က အဆိုပါ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင်ပင် အောက်ပါအတိုင်း အဆိုတရပ်ကိုပြဋ္ဌာန်းအတည်ပြုပြီး၊ ဥက္ကဋ္ဌအား ပြင်ဆင်နိုင်ခွင့်အာဏာ ပေးအပ်ခဲ့ပါသည်။

အဆို

"လွှတ်တော်ဥက္ကဋ္ဌအား ပုံနှိပ်ထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေစာအုပ်တွင် မှားယွင်စာလုံးများနှင့် ဥပဒေ(မူ) ကိုမထိခိုက်သည့်အမှားများကို ပြင်ဆင်နိုင်ခွင့်အတွက် အာဏာပေးသည်။"

ဤကဲ့သို့ အာဏာပေးအပ်ချက်အရ ဥက္ကဋ္ဌက ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက—

(၁)ပုဒ်မ ၆၄ ၊ ပုဒ်မခွဲ (၁)၊ မြန်မာစာမူတတိယစာကြောင်းတွင်"မစ္စမ်းမဆောင်နိုင်သောအခါ၊ ထိုအခါတမျိုးမျိုးတွင်" ဟူသောစာပိုဒ်အစား၊ "မစ္စမ်းမဆောင်နိုင်သောအခါ မည်သည့်အခါ၌မဆို မြန်မာနိုင်ငံသမတ္တရာထူး လစ်လပ်သောအခါ ထိုအခါတမျိုးမျိုးတွင်" ဟူသောပိုဒ်ကို ထည့်သွင်း၍၎င်း၊

(၂) ပုဒ်မ ၆၅၊ အင်္ဂလိပ်စာမူ ဒုတိယ စာကြောင်းတွင် " Union Parliament " ဟူသောစကားရပ်အစား၊ "Parliament" ဟူသောစာကားရပ်ကိုထည့်သွင်း၍၎င်း၊

(၃) ပုဒ်မ ၇၅၊ အင်္ဂလိပ်စာမူ ပဉ္စမစာကြောင်းတွင် "requirements" ဟူသော စကားရပ်အစား"the requirements " ဟူသော စကားရပ်ကိုထည့်သွင်း၍၎င်း၊

(၄) ပုဒ်မ ၉၂ ၊ အပိုဒ်ခွဲ (၁) ၊ မြန်မာစာမူဒုတိယအပိုဒ်ရှိ တတိယစာကြောင်းတွင်"ပြည်ထောင်စုပါလီမန်" ဟူသော စကားဝရပ်အစား ၊ "ပါလီမန်" ဟူသောစကားရပ်ကို ထည့်သွင်း၍၎င်း၊

(၅) ပုဒ်မ ၁၁၄၊ မြန်မာစာမူ ပဌမစာကြောင်းအစတွင် "မြန်မာနိုင်ငံတော်သမတ္တသည်" ဟူသောအသုံးစကားရပ်ကို ပယ်ဖျက်ရန်၎င်း၊

(၆) ပုဒ်မ ၁၆၄၊ ပုဒ်မခွဲ (၁) အဆုံးတွင် "သို့တည်းမဟုတ်တင်သွင်းစေရမည်။" ဟူသောစကားရပ်ကိုဖြည့်သွင်း၍၎င်း။

(၇) ပုဒ်မ ၁၇၇၊ အပိုဒ်ခွဲ (၁) မြန်မာစာမူအဆုံးတွင် "သို့တည်းမဟုတ်တ၍သွင်းစေရမည်။" ဟူသောစကားရပ်ကို ဖြည့်သွင်း၍၎င်း၊

၁၉၅၉ ခုနှစ်တွင် ပုံနှိပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါလီမန်၊ ပြည်သူ့လွှတ်တော်အမတ်များ လက်စွဲစာအုပ်တွင်ပါရှိသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ ပြင်ဆင်ချက်များပြုလုပ်ခဲ့ခြင်းနှင့်စပ်လျဉ်းသည့် ဖေါ်ပြချက်များဖြစ်ပါသည်။

(၈) ပုဒ်မ ၁၈၆၊ အပိုဒ်ခွဲ (၂) မြန်မာစာမူနောက်ဆုံး စာကြောင်းတွင် "လွှတ်တော်၏" ဟူသောစကားရပ်အစား၊ "လွှတ်တော်ချုပ်၏" ဟူသောစကားရပ်ကိုငင်း၊ ထိုပုဒ်မရှိ အပိုဒ်ခွဲ (၃) ဒုတိယစာကြောင်းတွင်"တရားလွှတ်တော်က" ဟူသောစကားရပ်အစား၊ "တရားလွှတ်တော်ချုပ်က" ဟူသောစကားရပ်ကိုထည့်သွင်း၍၎င်း၊

(၉) ပုဒ်မ ၁၃၉၊ အပိုဒ်ခွဲ (၁) မြန်မာစာမူအဆုံးတွင် "သို့တည်းမဟုတ်တင်သွင်းစေရမည်" ဟူသောစကားရပ်ကို ဖြည့်သွင်း၍၎င်း၊

(၁၀) ပုဒ်မ ၂၂၆၊ ပုဒ်မခွဲ (၂) အင်္ဂလိပ်စာမူ စာကြောင်းရေ ၄ တွင်၊ "Union Parliament" ဟူသောစကားရပ်အစား "Parliament" ဟူသောစကားရပ်ကိုထည့်သွင်း၍၎င်း
ပြင်ဆင်ခြင်းများကိုပြုလုပ်ခဲ့ပါသည်။

၂။ ။ တိုင်းပြည်ပြုလွှတ်တော်က ဥက္ကဋ္ဌ၏ပြင်ဆင်နိုင်ခွင့်အာဏာအတွင်း အကျုံးမဝင်သည့်ပြင်ဆင်ချက်များပြုလုပ်ခြင်း။ ။ နိုင်ငံတော်စာရင်းစစ်ချုပ်၊ နိုင်ငံတော်တရားဝန်ကြီးချုပ်နှင့် တရားလွှတ်တော်ချုပ်တရားဝန်ကြီးများနှင့် တရားလွှတ်တော်တရားဝန်ကြီးများ ခန့်ထားခြင်းနှင့်ပတ်သက်သည့် ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၄၀၊ ပုဒ်မခွဲ (၁)နှင့် ပုဒ်မ ၁၄၀၊ ပုဒ်မခွဲ (၂) အင်္ဂလိပ်စာမူနှင့် မြန်မာစာမူကို ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီ ၃ ရက်နေ့တွင်ကျင်းပသော အစည်းအဝေး၌၊ တိုင်းပြည်ပြုလွှတ်တော်ကအဆိုတင်သွင်းဆုံးဖြတ်အတည်ပြုခြင်းဖြင့် အောက်ပါအတိုင်း ပြင်ဆင်ခဲ့ပါသည်။

(၁) ပုဒ်မ ၁၂၉ တွင်၊ မြန်မာစာမှ၌ "ဝန်ကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင်" ဟူသောစကားရပ်ကိုဎ၊ အင်္ဂလိပ်စာမှ၌ "in consultation with the Prime Minister and" ဟူသောစကားရပ်ကိုဎ၊ ပယ်ဖျက်သည်။

(၂) ပုဒ်မ ၁၄၀၊ ပုဒ်မခွဲ(၁) တွင်၊ မြန်မာစာမှ ပဌမစာကြောင်း၌ " နိုင်ငံတော်အစိုးရဝန်ကြီးချုပ် နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင်" ဟူသောစကားရပ်ကိုဎ၊ အင်္ဂလိပ်စာမှ တတိယစာကြောင်း၌" in consultation with the Prime Minister and" ဟူသောစကားကိုဎပယ်ဖျက်သည်။

(၃) ပုဒ်မ ၁၄၀၊ ပုဒ်မခွဲ (၂) တွင်၊ မြန်မာစာမှ ပဌမစာကြောင်း၌ "နိုင်ငံတော်တရားဝန်ကြီးချုပ်၊ နိုင်ငံတော်အစိုးရဝန်ကြီးချုပ်တို့ နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင်" ဟူသောစကားရပ်ကိုဎ၊ အင်္ဂလိပ်စာမှ စတွ္ဘာထစာကြောင်း၌ " in consultation with the Chief Justic of the Union and the Prime Minister and " ဟူသော စကားရပ်ကိုဎပယ်ဖျက်သည်။

၃။ ။ အခြေခံပုဒ်မ ၂၃၀ အရ၊ ပြင်ဆင်ချက်များပြုလုပ်ခြင်း။ ။ အခြေခံဥပဒေအာဏာတည်သည့် ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့နောက်ပိုင်းတွင် အခြေခံဥပဒေပုဒ်မ ၂၃၀ အရ အပ်နှင်းထားသည့် အာဏာများအရ အခြေခံဥပဒေတွင်ပြင်ဆင်ချက်များကို ၄ ကြိမ်တိုင်ပြုလုပ်ပါသည်။

ပုဒ်မ ၂၃၀ အရ၊ ပဌမပြင်ဆင်ချက်မှာ——

၁၉၅၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင်ကျင်းပသော တိုင်းပြည်လွှတ်တော် (ပါလီမန်) အစည်းအဝေး၌ ဆုံးဖြတ်ချက်ချ၍ သဘောတူညီချက်ပေးသဖြင့်၊ နိုင်ငံတော်သမတ္တက ၁၉၄၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ထုတ် မြန်မာနိုင်ငံတော်ပြန်တမ်း အပိုင်း ၁ တွင်"၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်အမိန့်" ကို ထုတ်ပြန်၍ ပုဒ်မ ၂၃၃ တွင် "၁၈" အစား"၂၈" ဟုပြင်ဆင်ခဲ့ပါသည်။

ပုဒ်မ ၂၃၀ အရ၊ ဒုတိယပြင်ဆင်ချက်မှာ——

၁၉၅၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင်ကျင်းပသော အစည်းအဝေး၌ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) က ဆုံးဖြတ်ချက်ချ၍ သဘောတူညီချက်ပေးသဖြင့်၊ နိုင်ငံတော်သမတ္တက ၁၉၅၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ထုတ် မြန်မာနိုင်ငံတော် အထူးအမိန့်ပြန်တမ်းတွင် "၁၉၅၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ်အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်အမိန့်" ကိုထုတ်ပြန်၍ ပုဒ်မ ၂၃၃ တွင်"၂၈" အစား "၄၀" ဟုပြင်ဆင်ခဲ့ပါသည်။

ပုဒ်မ ၂၃၀ အရ၊ တတိယပြင်ဆင်ချက်မှာ——

၁၉၅၁ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင်ကျင်းပသော အစည်းအဝေး၌ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ကဆုံးဖြတ်ချက်ချ၍ သဘောတူညီချက်ပေးသဖြင့်၊ နိုင်ငံတော်သမတ္တက ၁၉၅၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထုတ် မြန်မာနိုင်ငံတော်ပြန်တမ်း အပိုင်း ၁ တွင် "၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလပြဋ္ဌာန်းချက်အမိန့်" ကိုထုတ်ပြန်၍ ပုဒ်မ ၂၃၃ တွင် "၄၀" အစား၊ "၄၈" ပြင်ဆင်ခဲ့ပါသည်။

ပုဒ်မ ၂၃၀ အရ၊ စတုတ္ထပြင်ဆင်ချက်မှာ——

၁၉၅၁ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော အစည်းအဝေး၌ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) ကဆုံးဖြတ်ချက်ချ၍ သဘောတူညီချက်ပေးသဖြင့်၊ နိုင်ငံတော်သမတ္တက ၁၉၅၁ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ထုတ် မြန်မာနိုင်ငံတော်ပြန်တမ်း အပိုင်း ၁ တွင်"၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ်အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်အမိန့် (မိတ္တူကိုပူးတွဲထားပါသည်) ကိုထုတ်ပြန်၍၊ ပုဒ်မ ၈၄၊ ပုဒ်မခွဲ(၁) နှင့်၊ ပုဒ်မ ၈၄၊ ပုဒ်မခွဲ (၂) တို့တွင် ခြွင်းချက် တရပ်စီအသီးသီးထည့်သွင်းပြင်ဆင်ခဲ့ပါသည်။"

အထက်ဖေါ်ပြပါပြင်ဆင်ချက်များမှာ အခြေခံဥပဒေအခန်း ၆ အရ၊ နည်းလမ်းကျနစွာဖွဲ့စည်းသော ပါလီမန်၏ပဌမအ ကြိမ်အစည်းအဝေးကျင်းပပြီးသည့် အချိန်အထိ အာဏာတည်ပါသည်။ (အခန်း ၆ အရ၊ နည်းလမ်းကျနစွာဖွဲ့စည်းသော ပါလီမန်ပြည်သူ့လွှတ်တော်၏ ပဌမအကြိမ်အစည်းအဝေးကို ၁၉၅၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပပါသည်)။

၄။ ။ အခြေခံဥပဒေ အခန်း ၁၁ အရ၊ ပြင်ဆင်ချက်များပြုလုပ်ခြင်း။ ။ အခြေခံဥပဒေအခန်း ၁၁ အရ၊ အခြေခံဥ ပဒေကို ၃ ကြိမ်ပြင်ဆင်ခဲ့ပါသည်။ ၎င်းတို့မှာကရင်ပြည်နယ်ပေးသည့် ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၂)၊ ပါလီမန်အမတ်မဟုတ်သော်လည်း အစိုးရ အဖွဲ့ ဝင်ဝန်ကြီးတဦးအား ၆ လကာလထိ အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြင့်ခွင့်ပြုသည့် အခြေခံဥပဒေပုဒ်မ ၁၁၆ ကို ယာယီရုပ်သိမ်းသည့် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄) ၊ ရှမ်းစော်ဘွားများနှင့်ကယားစောဖျာများနှင့်ပတ်သက်၍ အခြေခံဥပဒေပုဒ်မ ၁၅၄ (၂) နှင့် ၁၈၃ (၁) တို့ ကိုပယ်ဖျက်သည့် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယပြင်ဆင်ချက်) အပ်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၀) ဖြစ်ပါသည်။

၅။ ။ အထက်တွင်ဖေါ်ပြထားသည့်အတိုင်း အခြေခံဥပဒေကို ၃ ကြိမ်ပြင်ဆင်ခဲ့ပြီးနောက် ၁၉၆၁ ခုနှစ်တွင် ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အောက်ပါပြင်ဆင်ချက်အက်ဥပဒေများဖြင့် ၄ကြိမ်ပြင်ဆင်ခဲ့ပါသည်∗။ ——

(က) ၁၉၆၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ/ (၁၉၆၁ ခုနှစ် အက်ဥပဒေ အမှတ် ၃) ၊

(ခ) ၁၉၆၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ခုနှစ် အက်ဥပဒေအမှတ် ၇) ၊

(ဂ) ၁၉၆၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (တတိယပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ ခုနှစ် အက်ဥပဒေအမှတ် ၁၇) ၊

(ဃ) ၁၉၆၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (စတုတ္ထပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ ခုနှစ် အက်ဥပဒေ အမှတ် ၂၀) ၊

∗ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၁၉၉၀ ပြည့်နှစ်တွင် ပြန်လည်ပုံနှိပ်ရာ၌ ဖြည့်စွက်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

သမတ္တအိမ်တော်

သမတ္တအိမ်တော်၊ ရန်ကုန်မြို့။

၁၃၂၁ ခု၊ နာယုန်လဆုတ် ၈ ရက်။
(၁၉၄၉ ခု၊ ဇွန်လ ၁၈ ရက်။)

၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ)အကူးအပြောင်း ကာလ ပြဋ္ဌာန်းချက်အမိန့်။

ကြိုတင် မသိမမြင်နိုင်သော အခက်အခဲများသည်၊ အထူးအားဖြင့် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေရှိ ပြဋ္ဌာန်းချက်များမှ (ဤမှ နောင်အဘို့ တွင် အခြေခံဥပဒေဟု ရည်ညွှန်းသည့်) မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ် ချုပ်ပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်များကို ကူးပြောင်းရာတွင် ပေါ်ပေါက်လာသည်တကြောင်း၊

ထိုကဲ့သို့သော် အခက်ခဲများကို ဖယ်ရှားရန်အလို့ငှာ၊ နိုင်ငံတော်သမတ္တက မိမိ၏အမိန့်တွင်သီးခြားဖေါ်ပြထာသော ကာလအပိုင်းအခြားအတွက် မိမိသင့်လျော်သည်ထင်မြင်သည့်အတိုင်း၊ သို့တည်းမဟုတ် လိုအပ်သည့် ထင်မြင်သည့်အ တိုင်း ပြုလုပ်ထားသောပြင်ဆင်ချက်များပါဝင်သည့် အခြေခံဥပဒေသည်၊ အကျိုးသက်ရောက်ရမည်ဟု အမိန့်ထုတ်၍ပြ

ဌန်းနိုင်သည့် အာဏာများကို အခြေခံဥပဒေပုဒ်မ ၂၃၀ အရ၊ မိမိအားအပ်နှင်းထားသည်လည်းတကြောင်း၊

တိုင်းပြည်ပြုလွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ယာယီသမတ္တသည်၊ အခြေခံဥပဒေပုဒ်မ ၂၃၁၊ ပုဒ်မခွဲ (၂) အရ၊ အခြေခံဥပဒေက၊ နိုင်ငံတော်သမတ္တအား အပ်နှင်းထားသောအာဏာအားလုံးနှင့် တာဝန်ဝတ္တရားအားလုံးကို သုံးစွဲဆောင်ရွက်နိုင်သည်လည်းတကြောင်း၊

တိုင်းပြည်ပြုလွှတ်တော်က အခြေခံဥပဒေပုဒ်မ ၂၃၁ (၁) အရ၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံး၏ အာဏာများကို အသုံးပြုကာ ဆုံးဖြတ်ချက်ချ၍၊ ဤအမိန့် စာကြမ်းကို သဘောတူညီချက်ပေးပြီးသည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့်၊ ယာယီသမတ္တသည်၊ အဆိုပါအာဏာများနှင့်တကွ ဤကိစ္စအတွက် ဆောင်ရွက်နိုင်ရန် အပ်နှင်းထားသော အခြားအာဏာအားလုံးကို သုံးစွဲလျက်၊ တူညီချက်ပေးပြီးသည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့်၊ ယာယီသမတ္တသည်၊ အဆိုပါအာဏာများနှင့်တကွ ဤကိစ္စအတွက် ဆောင်ရွက်နိုင်ရန် အပ်နှင်းထားသော အခြားအာဏာအားလုံးကို သုံးစွဲလျက်၊ အောက်ပါအတိုင်း အမိန့် ထုတ်၍ ပြဋ္ဌာန်းလိုက်သည်။

၁။ ။ အမိန့် ကို ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲ ဆိုင်ရာ) အကူးအပြောင်းကာလပြဋ္ဌာန်းချက်အမိန့် ဟုခေါ်ရမည်။

၂။ ။ ဤအမိန့် သည် အခြေခံဥပဒေ ပုဒ်မ ၂၃၄ အရ၊ ၎င်းအခြေခံဥပဒေ စတင်အာဏာတည်သည့်နေ့ မှစ၍၊ ၁၉၅၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်နေ့ အထိ၊ အာဏာတည်ရမည်။

၃။ ။ အခြေခံဥပဒေပုဒ်မ ၂၃၃ တွင်ပါရှိသည့် "၁၈" ဆိုသောဂဏန်းအစား "၂၈" ဆိုသောဂဏန်းကို ထည့်သွင်းရမည်။

စပ်ရွှေသိုက်၊
နိုင်ငံတော်သမတ္တ၊
ပြည်ထောင်စု မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၁ ခု၊ နယုန်လဆုတ် ၈ ရက်။
(၁၉၄၉ ခု၊ ဇွန်လ ၁၈ ရက်။)

အမိန့် အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတ္တအတွင်းဝန်။

နောက်ဆက်တွဲ "၄"

သမတ္တအိမ်တော်

သမတ္တအိမ်တော်၊ ရန်ကုန်မြို့။

၁၃၁၁ ခု၊ တပေါင်းလဆန်း ၇ ရက်။
(၁၉၅၀ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်။)

၁၉၅၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်အမိန့်။

ကြိုတင် မသိမမြင်နိုင်သော အခက်အခဲများသည်၊ အထူးအားဖြင့်၊ ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်

ဥပဒေရှိ ပြဋ္ဌာန်းချက်များမှ (ဤနောင်အဘို့တွင် အခြေခံဥပဒေဟုရည်ညွှန်းသည့်) မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များသို့ ကူးပြောင်းရာတွင် ပေါ်ပေါက်လာသည်တကြောင်း၊

ထိုကဲ့သို့သော် အခက်အခဲများကို ဖယ်ရှားရန်အလို့ငှာ၊ နိုင်ငံတော်သမတ္တက၊ မိမိ၏အမိန့် တွင် သီးခြားဖေါ်ပြထားသော ကာလအပိုင်းအခြားအတွက် မိမိသင့်လျော်သည်ထင်မြင်သည့်အတိုင်း၊ သို့တည်းမဟုတ် လိုအပ်သည် ထင်မြင်သည့်အတိုင်း ပြုလုပ်ထားသောပြင်ဆင်ချက်များပါဝင်သည့် အခြေခံဥပဒေသည်၊ အကျိုးသက်ရောက်ရမည်ဟု အမိန့် ထုတ်၍ ပြဋ္ဌာန်းနိုင်သည့် အာဏာများကို၊ အခြေခံဥပဒေ ပုဒ်မ ၂၃၀ အရ၊ မိမိအားအပ်နှင်းထားသည်လည်းတကြောင်း၊

တိုင်းပြည်ပြုလွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ယာယီသမတ္တသည်၊ အခြေခံဥပဒေပုဒ်မ ၂၃၁၊ ပုဒ်မခွဲ (၂) အရ အခြေခံဥပဒေက နိုင်ငံတော်သမတ္တအား အပ်နှင်းထားသော အာဏာအားလုံးနှင့် တာဝန်ဝတ္တရားအားလုံးကို သုံးစွဲဆောင်ရွက်နိုင်သည်လည်းတကြောင်း၊

တိုင်းပြည်ပြုလွှတ်တော်က၊ အခြေခံဥပဒေ ပုဒ်မ ၂၃၁ (၁) အရ၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံး၏ အာဏာများကိုအသုံးပြုကာ၊ ဆုံးဖြတ်ချက်ချ၍ ဤအမိန့် စာကြမ်းကိုသဘောတူညီချက်ပေးပြီးသည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့်၊ ယာယီသမတ္တသည်၊ အဆိုပါအာဏာများနှင့်တကွ ဤကိစ္စအတွက် ဆောင်ရွက်နိုင်ရန် အပ်နှင်းထားသော အခြားအာဏာအားလုံးကို သုံးစွဲလျက် အောက်ပါအတိုင်း အမိန့် ထုတ်၍ ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအမိန့် ကို၊ ၁၉၅၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ ပဌမအကြိမ်အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်အမိန့် ဟုခေါ်ရမည်။

၂။ ။ ဤအမိန့် သည်၊ အခြေခံဥပဒေပုဒ်မ ၂၃၄ အရ၊ ၎င်းအခြေခံဥပဒေ စတင်အာဏာတည်သည့်နေ့ မှစ၍၊ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ အထိ အာဏာတည်ရမည်။

၃။ ။ အခြေခံဥပဒေပုဒ်မ ၂၃၃ တွင်၍ပါရှိသည့် ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလပြဋ္ဌာန်းချက် အမိန့် အရထည့်သွင်းသော ဂဏန်း "၂၈" အစား "၄၀" ဆိုသောဂဏန်းကိုထည့်သွင်းရမည်။

စပ်ရွှေသိုက်၊
နိုင်ငံတော် ယာယီသမတ္တ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၁ ခု၊ တပေါင်းလဆန်း ၇ ရက်။
(၁၉၅၀ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်။)

အမိန့် အရ၊
ရွှေဘော်၊
နိုင်ငံတော် သမတ္တအတွင်းဝန်။

ဗနာက်ဆက်တွဲ "၅"

သမတ္တအိမ်တော်

သမတ္တအိမ်တော်၊ ရန်ကုန်မြို့။
၁၃၁၂ ခု၊ တပေါင်းလဆန်း ၁၄ ရက်။
(၁၉၅၀ ခု မတ်လ ၂၁ ရက်) ။

၁၉၅၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ)
အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်အမိန့်။
[၁၉၅၀ ခုနှစ်၊ အမိန့် အမှတ် ၁ ။]

ကြိုတင်မသိမမြင်နိုင်သော အခက်အခဲများသည်၊ အထူးအားဖြင့်၊ ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှုအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များမှ (ဤနောင်အတို့တွင် အခြေခံဥပဒေဟု ရည်ညွှန်းသည့်) မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များသို့ ကူးပြောင်းရာတွင် ပေါ်ပေါက်လာသည်တကြောင်း၊

ထို ကဲ့သို့သော အခက်ခဲများကို ဖယ်ရှားရန်အလို့ငှာ၊ နိုင်ငံတော်သမတ္တကာ၊ မိမိ၏အမိန့်တွင် သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအတွက်၊ မိမိသင့်လျော်သည်ထင်မြင်သည့်အတိုင်း ပြုလုပ်ထားသောပြဋ္ဌာန်းချက်များပါဝင်သည့် အခြေခံသဥပဒေသည်၊ အကျိုးသက်ရောက်ရမည်ဟု အမိန့်ထုတ်၍ ပြဋ္ဌာန်းနိုင်သည့်အာဏာများကို၊ အခြေခံဥပဒေပုဒ်မ ၂၃၀ အရ၊ မိမိအားအာ်ပန္ဒင်းထားသည်လည်းတကြောင်း

တိုင်းပြည်ပြုလွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ယာယီသမတ္တသည်၊ အခြေခံဥပဒေပုဒ်မ ၂၃၁၊ ပုဒ်မခွဲ (၂) အရ၊ အခြေခံဥပဒေက နိုင်ငံတော်သမတ္တအား အပ်နှင်းထားသော အာဏာအားလုံးနှင့် တာဝန်ဝတ္တရားအားလုံးကို သုံးစွဲဆောင်ရွက်နိုင်သည်လည်းတကြောင်း၊

တိုင်းပြည်ပြုလွှတ်တော်က အခြေခံဥပဒေ ပုဒ်မ ၂၃၁ (၁) အရ၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံး၏ အာဏာများကို အသုံးပြုကာ ဆုံးဖြတ်ချက်ချ၍ ဤအမိန့်စာကြမ်းကို သဘောတူညီချက်ပေးပြီးသည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့်၊ ယာယီသမတ္တသည်၊ အဆိုပါအာဏာများနှင့်တကွ ဤကိစ္စအတွက် ဆောင်ရွက်နိုင်ရန် အပ်နှင်းထားသော အခြားအာဏာအားလုံးကို သုံးစွဲလျက်၊ အောက်ပါအတိုင်းအမိန့်ထုတ်၍ ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအမိန့်ကို၊ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ပြဋ္ဌာန်းချက် အမိန့် ဟုခေါ်ရမည်။

၂။ ။ ဤအမိန့်သည်၊ အခြေခံဥပဒေပုဒ်မ ၂၃၄ အရ၊ ၎င်းအခြေခံဥပဒေစတင်အာဏာတည်သည့်နေ့မှစ၍ ၁၉၅၂ ခုနှစ်၊ မတ်လ ၅ ရက်နေ့အထိ အာဏာတည်ရမည်။

၃။ ။ အခြေခံကပဒေပုဒ်မ ၂၃၃ တွင်ပါရှိသည့် ၁၉၅၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်အမိန့် အရ ထည့်သွင်းသော ဂဏန်း "၄၀" အစား "၄၈" ဆိုသော ဂဏန်းကိုထည့်သွင်းရမည်။

စပ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ္တ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၂ ခု၊ တပေါင်းလဆန်း ၁၄ ရက်။
(၁၉၅၁ ခု၏ မတ်လ ၂၁ ရက်။)

အမိန့်အရ၊
ခင်မောင်ဖြူ၊
နိုင်ငံတော်သမတ္တအတွင်းဝန်။

နောက်ဆက်တွဲ "ဖ"

သမတ္တအိမ်တော်၊ ရန်ကုန်မြို့။

၁၃၁၂ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်။
(၁၉၅၁ ထု၊ မတ်လ ၂၄ ရက်။)

၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဌမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ဒုတိယပြဋ္ဌာန်းချက် အမိန့်။

[၁၉၅၁ ခုနှစ် ၊ အမိန့် အမှတ် ၂။]

ကြိုတင်မသိမမြင်နိုင်သောအခက်အခဲများသည်၊ အထူးအားဖြင့်၊ ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှုအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များမှာ (ဤမှနောင်အဘို့ တွင် အခြေခံဥပဒေဟုရည်ညွှန်းသည့်) မြန်မာနိုင်ငံ၏ ဖွဲ့ စည်းအုပ်ချုပ်ပုံဥပဒေပြဋ္ဌာန်းချက်များသို့ ကူးပြောင်းရာတွင် ပေါ်ပေါက်လာသည်တကြောင်း၊

ထိုကဲ့သို့ သောအခက်အခဲများကိုဖယ်ရှားရန်အလို့ ငှာ နိုင်ငံတော်သမတ္တက၊ မိမိ၏အမိန့် တွင်သီးခြားဖေါ်ပြထားသော ကာလအပိုင်းအခြားအတွက်၊ မိမိသင့်လျော်သည်ထင်မြင်သည့်အတိုင်း၊ သို့ တည်းမဟုတ် လိုအပ်သည်ထင်မြင်သည့်အတိုင်း ပြုလုပ်ထားသော်ပြင်ဆင်ချက်များပါဝင်သည့် အခြေခံဥပဒေသည်၊ အကျိုးသက်ရောက်ရမည်ဟု အမိန့် ထုတ်၍ပြဋ္ဌာန်းနိုင်သည့်အာဏာများကို၊ အခြေခံဥပဒေပုဒ်မ ၂၃၀ အရ၊ မိမိအားအပ်နှင်းထားသည်လည်းတကြောင်း၊

တိုင်းပြည်ပြုလွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ယာယီသမတ္တသည်၊ အခြေခံဥပဒေပုဒ်မ ၂၃၁၊ ပုဒ်မခွဲ (၂)အရ၊ အခြေခံဥပဒေက၊ နိုင်ငံတော်သမတ္တအား အပ်နှင်းထားသော အာဏာအားလုံးနှင့် တာဝန်ဝတ္တရားအားလုံးကို သုံးစွဲဆောင်ရွက်နိုင်သည်လည်းတကြောင်း၊

တိုင်းပြည်ပြုလွှတ်တော်က အခြေခံဥပဒေပုဒ်မ ၂၃၁ (၁) အရေ၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံး၏ အာဏာများကို အသုံးပြုကာဆုံးဖြတ်ချက်ချ၍၊ ဤအမိန့် စာကြမ်းကိုသဘောတူညီချက်ပေးပြီးသည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့် ယာယီသမတ္တသည်၊ အဆိုပါအာဏာများနှင့်တကွ ဤကိစ္စအတွက်ဆောင်ရွက်နိုင်ရန် အပ်နှင်းထားသော အခြားအာဏာအားလုံးကိုသုံးစွဲလျက်၊ အောက်ပါအတိုင်း အမိန့် ၍ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအမိန့် ကို၊ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ၊ ပဋမအကြိမ်အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ဒုတိယပြဋ္ဌာန်းချက်အမိန့် ဟုခေါ်ရမည်။

၂။ ။ ဤအမိန့် သည်၊ အခြေခံဥပဒေပုဒ်မ ၂၃၄ အရ၊ ၎င်းအခြေခံဥပဒေစတင်သည့်နေ့ မှစ၍ ဖွဲ့ စည်းအုပ်ချုပ်ပုံဥပဒေအခန်း ၆ အရ၊ နည်းလမ်းကျနစွာဖွဲ့ စည်းသောပါလီမန်၏ ပဋမအစည်းအဝေးကို ကျင်ပသည့်နေ့ အထိ အာဏာတည်ရမည်။

၃။ ။ ဤအမိန့် အလို့ ငှာ အောပါအပိုဒ်ကို အခြေခံဥပဒေပုဒ်မ ၈၄၊ ပုဒ်မခွဲ (၁) ၏ ခြွင်းခက်ဖြစ်သည်ဟုမှတ်ယူရမည်။

"သို့ ရာတွင် မဲဆွန့်ပေးရန်နောက်ဆုံးချိန်းဆိုသောနေ့ သည်၊ ၁၉၅၂ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့ မတိုင်မီဖြစ်လျင်၊ ပဋမအကြိမ် ကျင်းပသောရွေးကောက်ပွဲတွင် မဲဆန္ဒပေးခြင်းကို၊ ပြည်ထောင်စုနိုင်ငံတဝှမ်းလုံး၌ တနေ့ တည်းတွင်ပြုလုပ်စေရန်မလို။"

၄။ ။ ဤအမိန့် အလို့ ငှာ၊ အောပါအပိုဒ်ကို အခြေခံဥပဒေပုဒ်မ ၈၄ ၊ ပုဒ်မခွဲ (၂) ၏ခြွင်းချက်ဖြစ်သည်ဟုမှတ်ယူရမည်။

"သို့ ရာတွင် အခြေခံဥပဒေအခန်း ၆ အရ၏ နည်းလမ်းကျနစွာဖွဲ့ စည်းသော ပါလီမန်ဆိုင်ရာပြည်သူ့ လွှတ်တော်အစည်းအဝေးကို၊ ပုဒ်မ ၈၄၊ ပုဒ်မခွဲ (၁) ၏ခြွင်းချက်အရ၊ ချိန်းဆိုသော နောက်ဆုံးမဲဆန္ဒပေးရန်နေ့ မှစ၍ ရက်ပေါင်းခြောက်ဆယ်အတွင်း ကျင်းပရမည်။"

စပ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ္တ
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊

ရန်ကုန်မြို့၊ ၁၃၁၂ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်။
(၁၉၅၁ ခု၊ မတ်လ ၂၄ ရက် ။)

အမိန့် အရ၊
ခင်မောင်ဖြူ၊
နိုင်ငံတော်သမတ္တအတွင်းဝန်၊

နောက်ဆက်တွဲ "၇"

၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၂။]

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြင်ရန် အက်ဥပဒေ။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေ၏ ပုဒ်မ ၃ နှင့် ၇ မှတပါး၊ အခြားပုဒ်မအားလုံးသည်၊ ဤအက်ဥပဒေကို ထုတ်ပြန်သောနေ့၌စတင်အာဏာတည်ရမည်။ အဆိုပါ ပုဒ်မ ၃ နှင့် ၇ သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၃ အရ၊ ပဌမ အမတ် ရွေးကောက်ပွဲကျင်းပပြီးလျှင်၊ ဖွဲ့စည်းသောပါလီမန်ကို ဖျက်သိမ်းသောနေ့၌ စတင်အာဏာတည်ရမည်။

၂။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၈ တွင် "၁၈၀" ဆိုသည့်စကားရပ်အစား "ပုဒ်မ ၁၈၀ နှင့် ၁၈၁" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၈၃ ပုဒ်မခွဲ (၁) တွင်နောက်ဆုံးဝါကျကိုပယ်ဖျက်ရမည်

၄။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၈၀ နှင့် ၁၈၁ အစား အောက်ပါပြဋ္ဌာန်းချက်များကိုထည့်သွင်းရမည်

"၁၈၀။ ။ (၁) သံလွင်ခရိုင်ဟု ယခင်ကခေါ်တွင်ခဲ့သော နယ်မြေကိုပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင်၊ ပြည်ထောင်စုအဖွဲ့ဝင်တခုအဖြစ်ဖြင့်ဖွဲ့စည်းရမည်။ ထိုပြည်ထောင်စုအဖွဲ့ဝင်ကိုဤမှနောင်အဘို့တွင် 'ကရင်ပြည်နယ်' ဟုခေါ်တွင်စေရမည်။ ပါလီမန်၏ အက်ဥပဒေဖြင့် သတ်မှတ်သောကရင်အမျိုးများနေထိုင်ကြသည့် သံလွင်ခရိုင်၏ဆက်စပ်ဒေသများသည်လည်း၊ ထိုပြည်နယ်တွင်ပါဝင်ရမည်။

(၂) ပါလီမန်၏ ကရင်ပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်အားလုံးပါဝင်သည့်ကရင်ပြည်နယ်ကောင်စီကိုဖွဲ့စည်းရမည်။

(၃) ပါလီမန်အမတ်အဖြစ်မှရပ်စဲသော ပြည်နယ်ကောင်စီအမတ်သည်၊ ကောင်စီ၌လည်း ကောင်စီအမတ်အဖြစ်မှရပ်စဲသည်ဟုမှတ်ယူရမည်။ သို့ရာတွင် ထိုကောင်စီအမတ်သည်၊ မိမိအားဆက်ခံမည့်သူကို ရွေးကောက်တင်မြှောက်ပြီးသည့်တိုင်အောင်၊ မိမိ၏တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်နိုင်သည်။

(၄) ပြည်နယ်ကောင်စီသည်၊ မိမိကိုယ်တိုင် ဥပဒေပြုပိုင်ခွင့်မရှိသောကိစ္စနှင့်သက်ဆိုင်သည့် ဥပဒေများကိုပြုပေးရန်၊ ပါလီမန်သို့ထောက်ခံချက်တင်သွင်းနိုင်သည်။

(၅) ပြည်နယ်ကောင်စီသည်၊ ဥပဒေကြမ်းတခုကို အတည်ပြုပြီးသောအခါ၊ ထိုဥပဒေကြမ်းကိုလက်မှတ်ထိုး၍ ထုတ်ပြန်ကျေညာပေးရန်၊ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ပုဒ်မခွဲ (၆) အရ၊ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ကို မေးမြန်းတောင်းဆိုခြင်းမပြုလျှင်၊ ထိုဥပဒေကြမ်းကို တင်သွင်းသည်မှစ၍တလအတွင်း လက်မှတ်ထိုးရမည်။

(၆) နိုင်ငံတော်သမတ္တထံသို့ ပုဒ်မခွဲ (၅) အရတင်သွင်းသောဥပဒေကြမ်းသည်၊ သို့တည်းမဟုတ် ဥပဒေကြမ်း၏ တစိတ်တဒေသသည်၊ အခြေခံဥပဒေနှင့်ဆန့်ကျင်သည်မဆန့်ကျင်သည်ဟူသောပြဿနာကိုဆုံးဖြတ်ပေးရန်၊ နိုင်ငံတော်သမတ္တသည်၊ မိမိ၏သဘောအတိုင်း တရားလွှတ်တော်ချုပ်သို့ ထိုဥပဒေကြမ်းကိုလွှဲအပ်နိုင်သည်။

(၇) လွှတ်တော်ချုပ် တရားဝန်ကြီးသုံးဦးအောက် မနည်းပါဝင်သောခုံတော်သည်၊လွှဲအပ်သေည်ာပြဿနာကိုစဉ်းစားရမည်။ လွှဲအပ်သောပြဿနာကို သင့်မြတ်လျော်ကန်သည်ဟု ထင်မြင်သည့်အတိုင်း၊ ကြားနာစစ်ဆေးစဉ်းစားပြီးသောအခါ ထိုပြဿနာနှင့်စပ်လျဉ်း၍လွှဲအပ်ပြီးသည့်နောက် ရက်ပေါင်း ၃၀ အောက်နောက်မကျစေဘဲ၊ မိမိတို့၏ဆုံးဖြတ်ချက်ကိုလျှင်မြန်နိုင်သလောက်ချင်မြန်နိုင်သစွာ တရားရုံးတွင် အထင်အရှားကျေညာရမည်။ ပုဒ်မခွဲ (၆) ၏ကိစ္စများအလို့ငှာ၊ တရားဝန်ကြီးများရာ၏ ဆုံးဖြတ်ချက်သည် တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ဖြစ်ရမည်။

(၈) ပုဒ်မခွဲ(၆) အရ တရားလွှတ်တော်ချုပ်သို့ လွှဲအပ်သောဥပဒေကြမ်းရှိ ပြဋ္ဌာန်းချက်သည်၊ အခြေခံဥပဒေနှင့်ဆန့်ကျင်သည်ဟုတရားလွှတ်တော်ချုပ်က ဆုံးဖြတ်သောကိစ္စတိုင်း၌၊ နိုင်ငံတော်သမတ္တသည်၊ ထိုဥပဒေကြမ်းကိုပြန်လည်စဉ်း

စားဆွေးနွေးစေရန် ပြည်နှာ်ကောင်စီသို့ ပြန်ပို့ ရမည်။ ပြည်နယ်ကောင်စီက လိုအပ်သောပြင်ဆင်ချက်များကိုမပြုလျှင်၊ နိုင်ငံတော်သမတ္တသည်၊ ထိုဥပဒေကြမ်းကို လက်မှတ်မထိုးဟုငြင်းဆိုရမည်။

(၉) ထိုသို့ငြင်းဆိုဘွယ်မရှိလျှင်၊ နိုင်ငံတော်သမတ္တသည်၊ တရားလွှတ်တော်ချုပ်က အဆုံးအဖြတ်ကိုထုတ်ဖေါ်ကျေညာပြီးသည့်နောက်၊ လျင်မြန်နိုင်သမျှလျင်မြန်စွာ ထိုဥပဒေကြမ်းကို လက်မှတ်ထိုး၍ အက်ဥပဒေဖြစ်လာကြောင်း ထုတ်ပြန်ကြေညာရမည်။

(၁၀)ပုဒ်မခွဲ (၅) အရ တင်သွင်းသောဥပဒေကြမ်းကို တရားလွှတ်တော်ချုပ်သို့ မလွှဲမအပ်ဘဲနှင့်ဖြစ်စေ၊ လွှဲအပ်ပြီးမှဖြစ်စေ၊ နိုင်ငံတော်သမတ္တက လက်မှတ်ထိုးပြီးခဲ့လျှင်၊ ပြည်နယ်ကောင်စီက ပြုပိုင်ခွင့်မရှိဟူသော အကြောင်းပြချက်ဖြင့် ထိုဥပဒေကြမ်းရှိ ပြဋ္ဌာန်းချက်သည်မခိုင်လုံဟုငြင်းဆိုခြင်းမပြုရ။

(၁၁) နိုင်ငံတော်သမတ္တ လက်မှတ်ထိုးသော ပြည်နယ်ကောင်စီ အက်ဥပဒေစာမူတိုင်းကို တရားလွှတ်တော်ချုပ်၏ အတွင်းဝန်ရုံး၌မော်ကွန်းတင်ရမည်၊ မိတ္တူတိုင်းကိုလည်း ကရင်ပြည်နယ်ဝန်ကြီးရုံး၌ မော်ကွန်းတင်ရမည်၊

(၁၂) ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ အခါအားလျော်စွာ ပြည်နယ်ကောင်စီကိုဆင့်ခေါ်နိုင်သည်၊ ရုပ်သိမ်းနိုင်သည်၊ သို့ရာတွင် ပြည်နယ်ကောင်စီ၏ညီလာခံကို နှစ်စဉ်တနှစ်လျှင် အနည်းဆုံးတကြိမ်ကျင်းပပေးရမည်၊ ထိုသို့ ကျင်းပသောအခါ၊ ပြည်နယ်ကောင်စီညီလာခံတခု၏ နောက်ဆုံးအစည်းအဝေးနှင့် နောက်ထပ်ကျင်းပသော ပြည်ကောင်စီညီလာခံ၏ ပဌမအစည်းအဝေးတို့အကြားတွင် ၁၂ လခြားမနေစေရ။

<u>ကရင်ပြည်နယ်အစိုးရ။</u>

၁၈၁။ ။ (၁) ဝန်ကြီးချုပ်သည်၊ ကရင်ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍၊ ထိုကောင်စီအမတ်များအနက်၊ အမတ်တဦးဦး၏အမည်ကိုတင်သွင်းသောအခါ၊ ထိုသို့ အမည်တင်သွင်းခြင်းခံရသောအမတ်ကို နိုင်ငံတော်သမတ္တသည် အောက်တွင် "ကရင်ပြည်နယ်ဝန်ကြီး" ဟုခေါ်တွင်ရမည်ဖြစ်သော၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ်ဖြင့်ခန့် ထားရမည်။ ထိုသို့ ခန့် ထားခြင်းခံရသောဝန်ကြီးသည်၊ အခြေခံဥပဒေ၏ ကိစ္စများအတွက် ကရင်ပြည်နယ်ဥက္ကဋ္ဌလည်းဖြစ်ရမည်။

(၂) ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ကရင်ပြည်နယ်စီရင်အုပ်ချုပ်ရေးကိစ္စကို တာဝန်ယူဆောင်ရွက်ရမည်၊ ဆိုလိုရင်းမှာ၊ ကရင်ပြည်နယ်ဥက္ကဋ္ဌသည် တိုက်ရိုက်ဖြစ်စေ၊ လက်အောက်ခံအရာရှိများမှတဆင့်ဖြစ်စေ၊ ပြည်နယ်၏အုပ်ချုပ်မှုအခွင့်အာဏာကို သုံးစွဲနိုင်ရမည်။

(၃) ပုဒ်မခွဲ (၄) ရှိပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ဆိုခဲ့သောအုပ်ချုပ်မှုအခွင့်အာဏာသည်၊ ပြည်နယ်အုပ်ချုပ်ရေးဆိုင်ရာ ရာထူးမှုထမ်းများခန့် ထားခြင်း၊ နေရာချခြင်း၊ ရွှေ့ ပြောင်းပေးပေးခြင်း၊ ထိုရာထမ်းများစည်းကမ်းသေဝပ်ခြင်း ကိစ္စအားသို့ သက်ရောက်ပျံနှံရမည်။

(၄) အခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့် မဆန့် ကျင်စေဘဲ၊ ပြည်နယ်၏အုပ်ချုပ်မှုအခွင့်အာဏာသည်၊ ပြည်နယ်၏အုပ်ချုပ်မှုအခွင့်အာဏာသည်၊ ပြည်နယ်ကောင်စီက တရားဥပဒေပြုပိုင်သောကိစ္စများသို့ သက်ရောက်ပျံနှံသည်၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသုံးစွဲရာတွင်၊ ပြည်နယ်ဥက္ကဋ္ဌသည် ကောင်စီ၏ဆုံးဖြတ်ချက်ကိုလိုက်နာရမည်။

(၅) ပြည်နယ်ဆိုင်ရာ အခြားကိစ္စအားလုံးတွင် ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်ရမည်။

(၆) ကရင်ပြည်နှာ်ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် ထင်မြင်ချက်များကို ပြည်နယ်ဥက္ကဋ္ဌထံသို့ တင်ပြရာတွင် လွယ်ကူစီမံ့သောင့်၊ ပြည်နယ်ကောင်စီသည် ရွေးကောက်ပွဲပြီးသည့်နောက်၊ ပဌမအကြိမ်ကျင်းပသော အစည်းအဝေးတွင် ကောင်စီအမတ်များထဲမှသောင်း၊ ကောင်စီအမတ်မဟုတ်သူများထဲမှသောင်း ရွေးချယ်၍ ပြည်နယ်အစိုးရအဖွဲ့ ကို ဖွဲ့ စည်းရမည်၊ ထိုအစိုးရအဖွဲ့ သည်၊ ပြည်နယ်ဥက္ကဋ္ဌကို၊ အလုပ်ဝတ္တရားများဆောင်ရွက်ရာတွင် ကူညီရန်၊ အကြံပေးရန်ဖြစ်သည်။

(၇) ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ကောင်စီ၏သာမန်ညီလာခံကျင်းပသောအခါများ၌၊ မိမိဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်တာအကြောင်းကိုပြောကြားရမည်၊ သို့ တည်းမဟုတ်ပြောကြားစေရမည်၊ ကရင်

ပြည်နယ်ကိစ္စအားလုံးနှင့်သက်ဆိုင်သောအစီအရင်ခံစာကိုတင်သွင်းရမည် သို့ တည်းမဟုတ်တင်သွင်းစေရမည် ပြည်နယ်၏အကျိုးစီးပွါးတိုးတက်ရာတိုးတက်ကြောင်းဖြစ်သည်ဟုထင်မြင်ယူဆသောစီမံချက်များကို စဉ်စားဆွေးနွေးစေရန် ပြည်နယ်ကောင်စီအား ထောက်ခံအကြံပေးရမည်။

(၈) ပြည်နယ်ဥက္ကဋ္ဌသည်၊ ဘဏ္ဍာတော်နှစ်တိုင်း တနှစ်အတွက် ပြည်နယ်ဆိုင်ရာအရ မှန်းခြေငွေစာရင်းနှင့် အသုံးမှန်းခြေငွေစာရင်းများကိုပြုရမည်၊ သို့ တည်းမဟုတ်ပြုစေရမည်၊ ထိုငွေစာရင်းများကို စဉ်းစားဆွေးနွေးစေရန်၊ ပြည်နယ်ကောင်စီသို့ တင်သွင်းရမည်၊ သို့ တည်းမဟုတ် တင်သွင်းစေရမည်။

(၉) ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ငွေနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရကသတ်မှတ်သောစည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ပြည်နယ်ကောင်စီသည် ပြည်နယ်၏ဘတ်ချက်ကိုလက်ခံအတည်ပြုနိုင်ရန်အာဏာရှိရမည်၊ ထိုစည်းကမ်းချက်များအတိုင်း၊ ပြည်နယ်ကောင်စီက ကျန်စွာလိုက်နာကြောင်း နိုင်ငံတော်သမတ္တအား၊ ကျေနပ်နိုင်စေရန် ပြည်နယ်၏ဘတ်ချက်ကို ပြည်ထောင်စုအစိုးရ၏ဘတ်ချက် တွင်ထည့်သွင်းဖေါ်ရမည်။

(၁၀) ဤအခြေခံဥပဒေ၏ အခန်း ၁၀ ရှိ ပြဋ္ဌာန်းချက်များသည် ကရင်ပြည်နယ်နှင့်မသက်ဆိုင်စေရ။

(၁၁) အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်နယ်ကောင်စီ၊ ပြည်နယ်အစိုးရအဖွဲ့ တို့ ၏ အာဏာနှင့်တာဝန်ဝတ္တရားများဆိုင်ရာကိစ္စများ၊ ထို့ပြင် ထိုဥက္ကဋ္ဌ ထိုကောင်စီ၊ ထိုအစိုးရတို့ အဖွဲ့ အချင်းချင်းဆက်ဆံရေးကိစ္စများ၊ ထို့ပြင်ထိုဥက္ကဋ္ဌ၊ ထိုကောင်စီ၊ ထိုအစိုးရအဖွဲ့ တို့ နှင့်ပြည်ထောင်စုအစိုးရ၏ ့က်ဆံရေး ကိစ္စများပါဝင်သော ပြည်နယ်၏ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ကိစ္စအားလုံးကို တရားဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်ရမည်။

ခြွင်းချက်။ ။ သို့ ရာတွင်ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၃၃ အရ၊ ပဌမ အမတ်ရွေးကောက်ပွဲကျင်းပပြီးလျှင် ဖွဲ့ စည်းသောပါလီမန်ကို ဖျက်သိမ်းသောနေ့ အထိ၊ ကရင်ပြည်နယ်ကောင်စီကိုပါလီမန်ရှိကရင်အမျိုးသားများ၏ ကိုယ်စားလှယ် အမတ်အားလုံးဖြင့်ဖွဲ့ စည်းရမည်။"

၅။ ။ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၉၅ ကိုပယ်ဖျက်ရမည်။

၆။ ။ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၀၈၊ ပုဒ်မခွဲ (၅) တွင်ပါရှိသော "ကရင်အမျိုးသားများအား၊ သို့ တမဟုတ်" ဆိုသည့်စကားရပ် ကိုပယ်ဖျက်ရမည်။

၇။ ။ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဒုတိယဇယားတွင်—

(က) အပိုဒ် (၈) အစား၊ အောက်ပါအပိုဒ်ကို ထည့်သွင်းရမည်။" (၈) တဆယ့်ငါးနေရာကို ကရင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည် ။"

(ခ) အပိုဒ် (၉) တွင် "ငါးဆယ့်သုံးနေရာကို " ဆိုသည့် စကားရပ်အစား"ခြောက်ဆယ့်နှစ်နေရာကို" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "ကရင်နီပြည်နယ်" ဆိုသည့်စကားရပ်ပါရှိသည့်နေရာတိုင်း၌ ထိုစကားရပ်အစား"ကရားပြည်နယ်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

THE CONSTITUTION AMENDMENT ACT, 1951.

[Act No. LXII of 1951 .]

An Act to amend the Constitution of the Union of Burma.

It is hereby enacted as follows:

1. (1) This Act may be called The Constitution Amendment Act, 1951.

(2) It shall come into forced on the date of promulagation except sections 3 and 7 which shall come into force on the date of the dissolution of the Parliament following the first general election held under section 233 of the Constitution.

2. In section 8 of the Constitution, for the expression "section 180" the expression "section 180 and 181" shall be substituted.

3. In sub-section (1) of section 180 of the Constitution, the last sentence shellbe deleted.
4. For the provision in sections 180 and 181 of the Constitution, the following shall be substituted, namelly:

"180. (1) The territory hitherto know as the Salween District shall form a constituent unit of the Union of Burma and be hereafter known as 'The Karen State'. It shall also include such adjacent areas occupied by the Karen as may be determined by an Act of Parliament.

နောက်ဆက်တွဲ "၈"

THE CONSTITUTION (AMENDMENT) ACT, 1959.

[Act No. 4 of 1959]

An Act to amend the Constitution of the Union of Burma.
It is herebay enacted as follows:

1.(1) This Act may be called the Constitution (Amendment) Act, 1959.
(2) It shall remain in force until the date on which the Prime Minister shall have been appointe on the nomination of the next Chamber of Deputies.
(3) When this Act cases to have effect, the provision of section 5 of the Burma General Clauses Act shall apply.

2. So long as this Act remains in force, the provisions of section 116 of the Constitution shall be deemed to have been repealed.

၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄ ။]

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ရန် အက်ဥပဒေ။

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်တကြိမ် ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်မှ အမည်တင်သွင်းသောပုဂ္ဂိုလ်အား၊ နိုင်ငံတော်သမတ္တက၊ ဝန်ကြီးချုပ်ခန့် ထားသည့်နေ့ ရက်တိုင်အောင် အာဏာတည်နေစေရမည်။

(၃) ဤအက်ဥပဒေအာဏာတည်ခြင်းမှရပ်စဲသည့်အခါ၊ မြန်မာနိုင်ငံတော်ယေဘုယျစကားရပ်အက်ဥပဒေပါ ပုဒ်မ ၅ ရှိပြဋ္ဌာန်းချက်များသည်၊ အကျိုးသက်ရောက်စေရမည်။

၂။ ။ ဤအက်ဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၆ ပါပြဋ္ဌာန်းချက်များကို ရုပ်သိမ်းဘိသကဲ့သို့ မှတ်ယူစေရမည်။

နောက်ဆက်တွဲ "၉"

၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၀ ။]

[ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံဥပဒေကို ပြင်ရန် အက်ဥပဒေ။]

အောက်ပါအတိုင်း ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်ထပ်တကြိမ် ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းသည့်နေ့ ရက်၏ နောက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၄ ၏ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၁၈၃ ၊ ပုဒ်မခွဲ (၁) တို့ကို၊ ဤအက်ဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

နောက်ဆက်တွဲ "၁၀"

၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ။

[၁၉၆၁ ခုနှစ် ၊ အက်ဥပဒေအမှတ် ၃ ။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂ အစား၊ အောက်ပါကို ပုဒ်မ ၂ အဖြစ်ထည့်သွင်းရမည်။

"၂။ ။ အောက်ပါနယ်မြေများနှင့် နယ်များပါဝင်ကာသည့် မြန်မာနိုင်ငံတနိုင်ငံလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်ပါဝင်ရမည်၊

(က) ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုပ်ပြည်သူ့သမတ္တနိုင်ငံတို့ ချုပ်ဆိုကာ၍၊ ၁၉၆၁ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင် စာချုပ်ချုပ်ဝင်နိုင်ငံနှစ်နိုင်ငံတို့ အသီးသီးနည်းလမ်းတကျလက်ခံအတည်ပြုကာသော နယ်နိမိတ်စာချုပ်အပိုဒ် ၉ နှင့် ၁၀ ပါ သတ်မှတ်ချက်တို့ ကို အထောက်အထားပြု၍၊ ယခင် ဗိတိသျှ ဘုရင်မင်းမြတ်ကိုယ်စား၊ မြန်မာပြည်ဘုရင်ခံ စီရင်အုပ်ချုပ်ခဲ့သော နယ်မြေအားလုံး၊

(ခ) ကယားပြည်နယ်၊ ထို့ပြင်

(ဂ) ရယူသည့်အခြားနယ်မြေများရှိလျှင်၊ ထိုအခြားနယ်မြေများများ"

၃။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၅ အစား၊ အောက်ပါကို၊ ပုဒ်မ ၅ အဖြစ်ထည့်သွင်းရမည်။

" ၅။ ။ ပုဒ်မ ၂ ၊ အပိုဒ် (က) ပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍၊ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်များဟူ၍ ယခင်ကခေါ်တွင်ခဲ့သော နယ်မြေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ပြည်ထောင်စုအဖွဲ့ဝင်တခုအဖြစ်ဖွဲ့စည်းရမည်။ ထိုပြည်ထောင်စုအဖွဲ့ဝင်ကို ဤမှနောင်အဘို့ တွင် 'ကချင်ပြည်နယ်' ဟုခေါ်ရမည်။"

နောက်ဆက်တွဲ "၁၁"

၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပံ အခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက်အက်ဥပဒေ။

[၁၉၆၁ ခုနှစ် ၊ အက်ဥပဒေ အမှတ် ၇ ။]

[ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံအက်ဥပဒေကို ပြင်ဆင်ရန် အက်ဥပဒေ။]

အောက်ပါအတိုင်းအက်ဥပဒေဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယ) ပြင်ဆင်ချက် အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ္တက အမိန့်ကော်ငြာစာဖြင့်သတ်မှတ်သည့်နေ့ရက်တွင်၊ စတင်အာဏာတည်ရမည်။

၂။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း ၆ တွင်၊ အောက်ပါကို အပိုင်း ၆ အဖြစ်ထည့်သွင်းရမည်။

“ အပိုင်း ၆ ။ ရွှေကောက်ပွဲများ။ ”

၁၁၃–က။ ။ ရွှေကောက်ပွဲ အရပ်ရပ်အတွက် မဲစာရင်းများပြုလုပ်ခြင်းနှင့်၎င်း၊ ပါလီမန်ရွေးကောက်ပွဲများကျင်းပခြင်းနှင့်၎င်း၊ ဤအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို၊ သို့တည်းမဟုတ် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုပ်ငန်းစဉ်နည်းဥပဒေများကို၊ သို့တည်းမဟုတ် ပါလီမန်ဆိုင်ရာ၁၉၄၉ ခုနှစ်၊ နိုင်ငံတော်သမတ္တ ရွေးကောက်တင်မြှောက်မဲဥက္ကဋ္ဌဥပဒေပါပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ၊ အခြားတရားဥပဒေတခုခုအရရွေးကောက်ပွဲများကျင်းပခြင်းနှင့်၎င်း၊ စပ်လျဉ်း၍ ကြီးကဲပ်ရေး၊ ညွှန်ကားရေးနှင့် အုပ်ချုပ်ရေးအာဏာတို့ သည်၊ ပုဒ်မ ၁၁၃–ခ အရ၊ ဖွဲ့စည်းထားသော ရွေးကောက်ပွဲကော်မရှင်၌တည်ရှိရမည်။

၁၁၃–ခ။ ။ (၁) ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေး၏သဘောတူချက်ကိုရယူ၍၊ နိုင်ငံတော်သမတ္တကိုယ်တိုင်လက်မှတ်ရေးထိုးတဲ့ဆိပ်ခပ်နိပ်သည့် အမိန့်စာဖြင့်ခန့်ထားသော ရွေးကောက်ပွဲမင်းကြီးချုပ်နှင့် အခြားလေးဦးထက်မပိုသော ရွေးကောက်ပွဲမင်းကြီးများပါဝင်သောရွေးကောက်ပွဲ ကောက်မရှင်တခုကို ဖွဲ့စည်းရမည်။

(၂) ရွေးကောက်ပွဲမင်းကြီးချုပ်နှင့် ရွေးကောက်ပွဲမင်းကြီးများကို ပါလီမန်ဖျက်သိမ်းထားသည့်အခါတွင် ခန့်အပ်ရန်ခိုပါက၊ နိုင်ငံတော်သမတ္တကခန့်ထားနိုင်ရမည်။ သို့ရာတွင် အဆိုပါခန့်ထားခြင်းအတွက် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်တွဲဖက်အစည်းအဝေး၏ ဥဘောတူညီချက်အတည်ပြုချက်ကို နောက်ပါလီမန်၏ပဌမညီလာခံတွင်ရယူရမည်။

အဘိုး– ၁၀ ပြား။

(၃)ပုဒ်မခွဲ (၁) နှင့်(၂) တို့ အရ၊ ရွေးကောက်ပွဲမင်းကြီးချုပ် အဖြစ်၎င်း၊ ရွေးကောက်ပွဲ မင်းကြီးများအဖြစ်၎င်း၊ ခန့်ထားခြင်းတို့ ကို ပါလီမန်တွင် ဆွေးနွေးခြင်းမပြုရ။

(၄) ရွေးကောက်ပွဲမင်းကြီးချုပ်သည်၊ ရွေးကော်ပွဲကော်မရှင်၏ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်။

(၅) အခြားရွေးကောက်ပွဲမင်းကြီးများသည်၊ ရွေးကောက်ပွဲကောက်မရှင်တွင်ရာထူးသက်တမ်းအနုအရင့်လိုက်၍ ရာထူးစဉ်ရှေ့ နောက်ဖြစ်ရမည်။

၁၁၃–ဂ။ ။ (၁) ပုဒ်မ ၁၁၃–ခ အရ၊ ရွေးကောက်ပွဲမင်းကြီးချုပ်အဖြစ်၎င်း၊ ရွေးကောကင်ပွဲမင်းကြီးများအဖြစ်၎င်း ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တို့ သည်၊ အောက်ပါအတိုင်းသစ္စာဆို၍လက်မှတ်ထိုးရမည်။

‘ကျွန်ုပ်————သည် ရွေးကောက်ပွဲ မင်းကြီးချုပ် (သို့ တည်းမဟုတ် ရွေးကောက်ပွဲမင်းကြီး) ၏ တာဝန် အလုပ်ဝတ်တရားများကို ဖြောင့်မတ်မှန်ကန်စွာ မျက်နှာကြီးငယ် မရွယ်မထောက်၊ ဆန္ဒ၊ ဒေါသ၊ ဘယာ ဂတိများသို့ မလိုက်၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင်ထမ်းရွက်ပါမည်။ ထို့ပြင် ကျွန်ုပ်သည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်တကွ တရားဥပဒေများကို ထိမ်းသိမ်းစောင့်ရှောက်မည်ဟုလေးနက်တည်ကြည်စွာ ကျေညာ၍ကတိသစ္စာပြုပါသည်။’

(၂) ရွေးကောက်ပွဲ ကော်မရှင်ဝင်အသီးသီးသည်၊ နိုင်ငံတော်တရားဝန်ကြီးချုပ်၏ရှေ့ မှောက်၌သော်၎င်း၊ ဤကိစ္စအတွက်ဆောင်ရွက်နိုင်မည်ဖြစ်သော တရားလွှတ်တော်ချုပ်မှ ဝါအရင့်ဆုံးတရားဝန်ကြီး၏ ရှေ့မှောက်၌သော်၎င်း၊ အထက်ပါအတိုင်းသစ္စာဆို၍လက်မှတ်ထိုးရမည်။

(၃) ရွေးကောက်ပွဲကော်ကမရှင်ဝင်အသီးသီးသည်၊ ရွေးကောက်ပွဲကော်မရှင်အဖြစ်ဖြင့် တာဝန်အလုပ်ဝတ္တရားများကို စတင်မဆောင်ရွက်မီသစ္စာဆို၍လက်မှတ်ထိုးရမည်။

(၄) အထက်ပါအတိုင်း သစ္စာမဆို၍လက်မှတ်မထိုးလိုဟုငြင်းဆန်သော၊ သို့တည်းမဟုတ် ပျက်ကွက်သော ရွေးကောက်ပွဲကော်မရှင်ဝင်တဦးဦးသည်၊ ရာထူးကိုလက်မခံလို ငြင်းပယ်ရာရောက်သည်ဟုမှတ်ယူရမည်။

၁၁၃–ဃ။ ။ ရွေးကောက်ပွဲ ကော်မရှင်ဝင်အားလုံးသည်၊ ဤအခြေခံဥပဒေနှင့်တရားဥပဒေများကိုသာလိုက်နာ၍၊ မိမိတို့၏တာဝန်အလုပ်ဝတ်တရားများကို လွှဲလပ်စွာဆောင်ရွက်နိုင်ရမည်။

၁၁၃–င။ ။ တဦးတယောက်သောသူသည်၊ မိမိကိုယ်တိုင်သောင်း၊ မိမိ၏မိဘနှစ်ပါးသောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အာဏာပိုင်နက်တွင် မွေးဖွားခဲ့၍၊ မိမိကိုယ်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သောသူမဟုတ်လျှင်၊ သို့တည်းမဟုတ်အနည်းဆုံးငါးနှစ် ထိုနိုင်ငံ၏နိုင်ငံသားမဖြစ်ခဲ့ဘူးလျှင်၊ ထိုသူမှာ ရွေးကောက်ပွဲကော်မရှင်ဝင်အဖြစ် ခန့်ထားထိုက်သော အရည်အချင်းနှင့်ပြည့်စုံခြင်းမရှိစေရ။

၁၁၃–၈။ ။ (၁) ရွှေကောက်ပွဲကော်မရှင်တဦးဦးသည်၊ မိမိကိုယ်တိုင်လက်မှတ်ရေးထိုးသော နုတ်ထွက်စာကို၊ နိုင်ငံတော်သမတ္တထံသို့ တင်သွင်းခြင်းဖြင့်၊ ရာထူးမှနုတ်ထွက်နိုင်သည်။

(၂) ထင်ရှားသည်ဟုဆုံးဖြတ်ပီးဖြစ်သည့်အကျင့်စာရိတ္တပျက်ပြားမှုကောင့်ဖြစ်စေ၊ မစွမ်းဆောင်နိုင်မှုကောင့်ဖြစ်စေ ထိုအကောင်းတခုခုကောင့်မှတပါး၊ ရွှေကောဃက်ပွဲကော်မရှင်ဝင်တဦးဦးကို ရာထူးမှမနုတ်ပယ်ရ။

(၃) ဤပုဒ်မရှိပြဋ္ဌာန်းချက်များနှင့်အညီ၊ ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်သည် စွပ်စွဲချက်ကိုတင်ပြရမည်။

(၄) သက်ဆိုင်ရာလွှတ်တော်အမတ်စုပေါင်း၏လေးပုံတပုံအောက်မလျော့သော အမတ်များကလက်မှတ်ရေးထိုး၍၊ အကောင်းကားသောအခါမှာမှတပါး၊ ပါလီမန်ဆိုင်ရာလွှတ်တော်တရပ်ရပ်တွင် ဤပုဒ်မအရတင်ပြရန်ဖြစ်သော စွပ်စွဲချက်အဆိုကို အရေးတယူပြု၍မစဉ်းစားရ။

(၅) လွှတ်တော်အစည်းအဝေးတက်သော အမတ်များအနက်၊ အမတ်များရာကထောက်ခံ၍၊ ဆုံးဖြတ်ပြဋ္ဌာန်းချက်ချသောအခါမှာမှတပါး ထိုကဲ့သို့ သောစွပ်စွဲချက်အဆိုကိုလက်မခံရ။

(၆) စွပ်စွဲချက်ကို အထူးခုံတော်အဖွဲ့က စုံးစမ်းစစ်ဆေးရမည်၊ ထိုခုံတော်အဖွဲ့တွင် နိုင်ငံတော်တရားဝန်ကြီးချုပ်၊ လူမျိုးစုလွှတ်တော်နာယကနှင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့ ပါဝင်ရမည်။

(၇) စွပ်စွဲချက်ကို စုံးစမ်းစစ်ဆေးရာတွင်၊ စွပ်စွဲချက်တင်ပြခြင်းခံရသော ရွှေကောက်ပွဲကော်မရှင်ဝင်၌မိမိကိုယ်တိုင်သောင်း၊ မိမိ၏ကိုယ်စားလှယ်ဖြင့်သောင်း၊ ချေပခွင့်ရှိရမည်။

(၈)အထူးခုံတော်အဖွဲ့သည် စုံစမ်းစစ်ဆေးပီးနောက်၊ စွပ်စွဲချက်ကိုတင်ပြခဲ့သော လွှတ်တော်သို့ အစီရင်ခံစာတင်ပြရမည်။ စွပ်စွဲချက်မထင်ရှားဟုအထူးခုံတော်အဖွဲ့က အားလုံးသဘောတူယူဆခဲ့သော်၊ ထိုယူဆချက်သည်အူပီးအပြတ်အတည်ဖြစ်ရမည်။ သို့ရာတွင် သဘောကွဲလွဲသောအခါများ၌မကြာ၊ အထူးခုံတော်အဖွဲ့၏ အစီအရင်ခံစာကိုပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံးက တွဲဖက်အစည်းအဝေးတွင် စဉ်းစားဆွေးနွေးရမည်။

စွပ်စွဲချက်ကို စဉ်းစားဆွေးနွေးပီးနောက်၊ စွပ်စွဲချက်ထင်ရှားသည်ဟူ၍ဝင်း၊ ရွှေကောက်ပွဲကော်မရှင်ဝင်၏ အကျင့်စာရိတ္တပျက်ပြားခြင်းသည်၊ သို့ တည်းမဟုတ် မစွမ်းမဆောင်နိုင်ခြင်းသည်၊ ရာထူး၌ဆက်လက်ထမ်းရွက်စေရန် မသင့်မထိုက်သော အကျင့်စာရိတ္တပျက်ပြားခြင်းမျိုးဖြစ်သည်ဟူ၍ဝင်း၊ တွဲဖက်အစည်းအဝေး တက်ရောက်မဲပေးသော အမတ်များရာက၊ အစည်းအဝေးတွင်ထောက်ခံ၍ဆုံးဖြတ်ကောညာခဲ့သော်၊ နိုင်ငံတော်သမတ္တသည်၊ မိမိကိုယ်တိုင်လက်မှတ်ရေးထိုး တံဆိပ်ခပ်နှိပ်သောအမိန့်စာဖြင့်၊ သက်ဆိုင်ရာရွှေကောက်ပွဲကော်မရှင်ဝင်ကို ရာထူးမှချက်ခြင်းနုတ်ပယ်ရမည်။

၁၁၃–၉။ ။ ပြည်ထောင်စု နိုင်ငံဝန်ထမ်းအားလုံးနှင့် စပ်လျဉ်း၍၊ အသုံးချေတာခြင်း၊ ရာထူးအရေအတွက်လျော့ခြင်းတို့ကို ပြုသောအခါတွင်၊ ရွှေကောက်ပွဲကော်မရှင်ဝင်တဦးဦးသည် မိမိ၏လစာကိုလျော့စေရန်၊ မိမိအလိုအလျောက် သဘောမတူခဲ့သော၊ ရွှေကောက်ပွဲကော်မရှင်ဝင်တဦးကိုခန့်ထာှး ပီးမှ၊ သူ၏လစာကိုသော်ငင်း၊ အခွင့်ယူခြင်းနှင့်၊ သို့တည်းမဟုတ် ပင်ရှင်ယူခြင်းနှင့်စပ်လျဉ်းသော အခွင့်အရေးများကိုသော်ငင်း၊ သူ့အကျိုးနစ်နာအောင် ပြောင်းလဲခြင်းမပြုရ။

၁၁၃–၁၀။ ။ ဤအခြေခံဥပဒေအရပေးအပ်ထားသောအာဏာကို ပိုမိုထိရောက်စွာသုံးစွဲနိုင်စေခြင်းအလို့ငှာ၊ လိုအပ်သည်ဟု၊ သို့ တည်းမဟုတ် အလိုရှိထိုက်သည်ဟု ထင်မြင်ဆနိုင်၍၊ ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့်လည်း၊ မညီမညွတ်မဖြစ်သော ထပ်ဖြည့်အာဏာများကို၊ ရွှေကောက်ပွဲ ကော်မရှင်အားပေးအပ်ရန်၊ ပါလီမန်သည်၊ အက်ဥပဒေဖြင့်ပြဋ္ဌာန်းနိုင်သည်။

၁၁၃–၁၁။ ။ ရွှေကောက်ပွဲကော်မရှင်၊ ရွှေကောက်ပွဲမင်းကြီးချုပ်၊ အခြားရွှေကောက်ပွဲမင်းကြီးများနှင့် စပ်လျဉ်း၍၊ ဤအခြေခံဥပဒေရှိအထက်ဖေါ်ပြခဲ့သော ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ အောက်ပါကိစ္စများကို တရားဥပဒေနှင့်အညီသတ်မှတ်ရမည်။

(က) ရွှေကောက်ပွဲမင်းကြီးချုပ်နှင့် ရွှေကောက်ပွဲမင်းကြီးများ၏လစာငွေ၊ အူ ငိမ်းစားယူသောအသက်အရွယ်နှင့် ပင်ရှင်လစာငွေကိစ္စများ၊ ထို့ ပြင်

(ခ) ရွှေကောက်ပွဲကော်မရှင်၏ လုပ်ငန်းဆောင်တာများကို ခွဲဝေပေးခြင်း အာဏာများနှင့်လုပ်ငန်းစဉ်ဆိုင်ရာကိစ္စများ။

၁၁၃–၁၂။ ။ သီးခြားအက်ဥပဒေ၊ သို့ တည်းမဟုတ် နည်းဥပဒေများပြဋ္ဌာန်းခြင်းမပြုသေးမီအချိန်အတွင်း ဆောင်ရွက်ရန်ရှိသော ရွှေကောက်ပွဲအရပ်ရပ်အတွက် မဲစာရင်းများ ပြုလုပ်ခြင်းနှင့်ငင်း၊ ပါလီမန်ရွှေကောက်ပွဲများကျင်းပ

ခြင်းနှင့်ငင်း၊ ဤအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို၊ သို့ တည်းမဟုတ် ၁၉၄၉ ခုနှစ်း နိုင်ငံတော်သမတ္တ ရွေးကောက်တင်မြှောက်မခြာက်ဥပဒေပါပြဋ္ဌာန်းချက်များကိုမထိခိုက်စေဘဲ၊ အခြားတရားဥပဒေ တခုခုအရ ရွေးကောက်ပွဲများကျင်းပခြင်းနှင့်ငင်း၊ စပ်လျဉ်း၍ကြီးကပ်ရေး၊ ညွှန်ကားရေးနှင့် အုပ်ချုပ်ရေးတို့ ကို ၊ရွေးကောက်ခ်ွဲကောက်မရှင်က၊ လက်ရှိတရားဥပဒေများအရ၊ ဆောင်ရွက်ရမည်။ ”

နောက်ဆက်တွဲ “၁၂”

၁၉၆၁ ခုနှစ်၊ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (တတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၇။]

အောက်ပါအတိုင်း အက်ဥပဒေဖြင့်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၆၁ ခုနှစ်၊ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (တတိယပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ္တက အမိန့် ကော်ငြာစာဖြင့်သတ်မှတ်သည့်နေ့ ရက်တွင် စတင် အာဏာတည်ရမည်။

၂။ ။ (က) ပုဒ်မခွဲ (၁) အစား၊ အောက်ပါကိုပုဒ်မခွဲ (၁) အဖြစ်သွင်းရမည်။

“ (က) ဗုဒ္ဓဘာသာ သာသနာတော်သည်၊ နိုင်ငံတော်၏နိုင်ငံသားအများဆုံးကိုးကွယ်ရာ ဘာသာကြီးဖြစ်သည့်အားလျော်စွာ နိုင်ငံတော် ဘာသာသာသနာဖြစ်စေရမည်။ ”

(ခ) ပုဒ်မခွဲ (၄) နောက်တွင်အောက်ပါကိုပုဒ်မခွဲ (၅) အဖြစ်ထည့်သွင်းရမည်။

“ (၅) ပြည်ထောင်စုနိုင်ငံအစိုးရသည်၊ မိမိနှစ်စဉ်သာမန်သုံးငွေ၏အနည်းဆုံး ၅၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဘာသာသာသနာရေးအတွက် ချီးမြှောက်ထောက်ပံ့ရမည်။

ရှင်းလင်းချက်။ ။ ‘ဘာသာသာသနာ’ ဆိုသည်မှာ၊ ဤပုဒ်မရှိ ပုဒ်မခွဲ(၁) နှင့် (၂) တို့တွင် ဖေါ်ပြထားသည့် ဗုဒ္ဓဘာသာသာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့်နတ်ကိုးကွယ်သော သာသနာတို့ ကိုဆိုလိုသည်။ ”။

၃။ ။ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁ နောက်တွင်၊ အောက်ပါတို့ ကို ပုဒ်မ ၂၁–က၊ ၂၁–ခ၊ ၂၁–ဂနှင့် ၂၁–ဃ အဖြစ်ထည့်သွင်းရမည်။

“ ၂၁–က။ ။ ဗုဒ္ဓဘာသာ သာသနာတော်မှာ၊ ပြည်ထောင်စုနိုင်ငံ၏ နိုင်ငံတော်ဘာသာသာသနာဖြစ်သည်နှင့်အညီ၊ ပြည်ထောင်စုနိုင်ငံအစိုးရသည်—

(က) ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသာနာနှင့် ပဋိဝေဓ သာသနာတည်းဟူသော ဗုဒ္ဓဘာသာသာသနာတော် သုံးရပ်ကို စည်ပင် ပြန့် ပွါးအောင် ချီးမြှောက်ထောက်ပံ့ရမည်။

အဘိုး—၁၀ ပြား]

(ခ) ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာသုံးပါးတို့ ကို ချီးမြှောက်ပူဇော်ရမည် ။

(ဂ) အဆိုပါသာသာသနာသုံးရပ်နှင့် ရတနာသုံးပါးတို့ ကို ရေးသားခြင်းအားဖြင့်သော်ငင်း၊ မြွက်ဆိုခြင်းအားဖြင့်သော်ငင်း၊ အခြားနည်းအားဖြင့်သော်ငင်း၊ စော်ကားမမြဟုတ်မမှန်စွပ်စွဲမဖြသောဘေးအန္တရယ်ခပ်သိမ်းမှ ကာကွယ်စောင့်ရှောက်ရမည်။

ရှင်းလင်းချက်။ ။ ‘သံဃာရတနာ’ ဆိုသည်မှာ၊ ရဟန်းတော်တပါးစီမဟုတ်ဘဲ၊ ရဟန်းတော် အားလုံးဂိုဏ်းဂဏမရွေးပါဝင်သော သံဃာကို ဆိုလိုသည်။ ”

၂၁–ခ။ ။ ပြည်ထောင်စုနိုင်ငံအစိုးရသည်—

(က) ဆဋ္ဌသံဂါယနာတင် ပိဋကပါဠိတော် အဋ္ဌကထာနှင့်ဋီကာစာမပြုများကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ထားရမည်။

(ခ) ပြည်ထောင်စုနိုင်ငံအတွင်းတွင်၊ ထိုပိဋက သုံးပုံပါဠိတော် အဋ္ဌကထာနှင့် ဋီကာစာမပြုများကို ပုံနှိပ်-ဓာရာတွင်အမှားအယွင်းမပါရအောင် စည်းကမ်းများသတ်မှတ်၍၊ ထိုစည်းကမ်းများအတိုင်း လိုက်နာသူများကိုသာပုံနှိပ်ခွင့်ပြုရမည်။

၂၁–၈။ ။ ပြည်ထောင်စု နိုင်ငံအစိုးရသည်၊ မွန္တလေးတောင်ခြေအနီး မဟာလောက မာရဇိန်ကုသိုလ်တော်ဘုရားပရဝုဏ် အတွင်းရှိ ပစ္စမသံဂါယနာတင် ပိဋကပါဠိတော် ကျောက်စာများနှင့် ထိုဘုရားအနီး စန္ဒာမုနိဘုရား ပရဝုဏ် အတွင်းရှိ အဋ္ဌကဋ္ဌာနှင့် ဋီကာကျောက်စာများကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိစေရမည်။

၂၁–၈။ ။ ပြည်ထောင်စု နိုင်ငံအစိုးရသည်၊ တနှစ်လျှင် အနည်းဆုံးတကြိမ် အောက်ပါဆရာတော်ကြီးများအား ပင့်ဘိတ်၍၊ နိုင်ငံတော်ဘာသာသာသနာအတွက် မိမိ၏ ဆောင်ရွက်ခဲ့ပုံများကိုတင်ပြရမည့်ပြင်၊ ထိုဆောင်ရွက်ခဲ့ပုံများနှင့်စပ်လျဉ်းသည့် ဆရာတော်ကြီးများ၏ ဝေဘန်ချက်၊ အကြံပေးချက်နှင့် ဆဝါဒများကိုလည်းကောနာရမည်။

(က) အဘိဓမ္မဟာရဋ္ဌဂုရုဆရာတော်ကြီးများ၊

(ခ) အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးများ၊

(ဂ) နိုင်ငံတော်ဆဝါဒစရိယ ဆရာတော်ကြီးများ၊ နှင့်

(ဃ) နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ။”။

၄။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၄၃ နောက်တွင် အောက်ပါတို့ကို ပုဒ်မ ၄၃–ကနှင့် ၄၃–ခ အဖြစ်ထည့်သွင်းရမည်။

“ ၄၃–က။ ။ နိုင်ငံတော်သည် ပြည်ထောင်စုနိုင်ငံအတွင်း၊ ရှေ့မင်းများတည်ထားကိုးကွယ်တော်မန္တ်ကာ၍၊ မြတ်စွာဘုရား၏ ဓါတ်တော် မွေတော်များ ကိန်းဝပ်ရာဟူ၍ သာသနာသမိုင်းတွင်ထင်ရှားကျော်စောသောရွေးဟောင်းစေတီ၊ ပုထိုးများ၊ စစ်ဘေး၊ သူပုန်ဘေး၊ ငလျင်ဘေး စသောဘေးအန္တရယ်များကောင့် ပျက်စီးလျှင်၊ ထိုစေတီ၊ ပုထိုးများကိုပြုပြင်၊ ပြန်လည်တည်ထောင်ရာ၌ ကူညီထောက်ပံ့ရမည်။

၄၃–ခ။ ။ နိုင်ငံတော်သည် ဝိနည်းဒေသနာတော်နှင့် မဆန့်ကျင်စေရန် ပြည်ထောင်စုနိုင်ငံတော်တဝန်းလုံးတွင်၊ လူပုဂ္ဂိုလ်များအတွက် ဆေးရုံနှင့်တိုးတထရံတည်းမဟုတ်မ၍၊ ဘုန်းတော်ကြီးများနှင့်အပ်စပ်သော သံဃာ့ဆေးရုံများထားရှိရမည်၊ ထိုဆေးရုံများ၌၊ ဘုန်းတော်ကြီးများအား ပြုစုကျွေးမွေးရာတွင်လည်း ဝိနည်းဒေသနာတော်နှင့်မဆန့်ကျင်စေဘဲပြုစုကျွေးမွေးရမည်။”

နောက်ဆက်တွဲ “၁၃”

၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (စတုတ္ထပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၀။]

အောက်ပါအတိုင်းအက်ဥပဒေဖြင့်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (စတုတ္ထပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ။ (၁) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၀ တွင်“လွှပ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွှပ်လပ်စွာကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေး” ဆိုသည့်စကားရပ်အစား၊ “လွှပ်လပ်စွာယူဆနိုင်သောအခွင့်အရေး၊ လွှပ်လပ်စွာကိုးကွယ် ဆောက်တည်နိုင်သောအခွင့်အရေး၊ လွှပ်လပ်စွာ သင်ကားနိုင်သော အခွင့်အရေး” ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(၂) အောက်ပါကိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၀ ၏ခြွင်းချက်အဖြစ်ထည့်သွင်းရမည်။

“ ခြွင်းချက်။ ။ သို့ရာတွင် မိဘ၊ သို့မဟုတ် အုပ်ထိမ်းသူတို့၏ စာဖြင့်ရေးသားထားသော ကြိုတင်သဘော တူညီချက်ကိုမရရှိဘဲ၊ ကျောင်းများတွင် မည်သည့်အသက်မပြည့်သေးသူကိုမျှ ၎င်း၏မိဘကိုးကွယ်သည့်ဘာသာမဟုတ်သည့်မည်သည့်ဘာသာကိုမျှသင်ကားခြင်းမပြုရ။”

၃။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (၅) နောက်တွင် အောက်ပါကို ပုဒ်မခွဲ (၆) အဖြစ်ထည့်သွင်းရမည်။

“ (၆) ဘာသာ သာသနာတို့ကို ရေးသားခြင်းအားဖြင့် သော်၎င်း၊ မြွက်ဆိုခြင်းအားဖြင့်သော်၎င်း၊ အခြားနည်းအားဖြင့်သော်၎င်းစော်ကားမ၊ မဟုတ်မမှန်စွပ်စွဲမ၊ စွပ်စွဲမသောဘေးအန္တရယ်ခပ်သိမ်းမှ နိုင်ငံတော်အစိုးရသည်ကာကွယ်

စောင့်ရှောက်ရမည်။”

Annex 172

Republic of the Union of Myanmar, *The Union Citizenship Act* (1948)

THE UNION CITIZENSHIP ACT, 1948.

[ACT No. LXVI OF 1948.]

* * * *

1. (*1*) This Act may be called the Union Citizenship Act, 1948.

(*2*) It shall extend to the whole of the Union of Burma and shall be deemed to have come into force on the 4th day of January, 1948, 9th Waning, *Pyatho* (1309 B.E.).

2. In this Act, unless the context otherwise requires, the expression—

"Certificate of Citizenship" means a certificate granted under the Union Citizenship (Election) Act, 1948, or under this Act.

"Certificate of Naturalization" means a certificate of naturalization granted under this Act.

"Child" includes a legally adopted child.
